
Aung Htet Linn



# ရခိုင်သမိုင်းထဲက
# ဘဝသင်ခန်းစာများ

မင်းဗြား မင်းသိန်းဇံ

LESSONS OF LIFE
FROM THE ARAKANESE HISTORY

ASAS

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

◆

# ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်သော ပြည်ပနိုင်ငံများ အားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

◆

# နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

# စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

# လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက် မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | : | ဒေါက်တာဦးထွန်းဝေ (၀၀၂၈၅) |
| | | ဝေဘူလစာပေ |
| | | အမှတ်(၁၅၄)၊ လွတ်လပ်ရေးလမ်း၊ |
| | | (ဃ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။ |
| ပုံနှိပ်သူ | : | ဦးစံလှမောင် (၀၀၀၇၆) |
| | | စန္ဒာဝင်းပုံနှိပ်တိုက် |
| | | အမှတ် ၁၅၄၊ လွတ်လပ်ရေးလမ်း၊ |
| | | (ဃ)ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်။ |
| ဖြန့်ချိရေး | : | ဝေဘူလစာပေ |
| ကွန်ပျူတာစာစီ | : | MratHtayComputer(Sittwe) |
| မျက်နှာဖုံးဒီဇိုင်း | : | MratHtay |
| ထုတ်ဝေသည့်အကြိမ် | : | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | : | ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | : | ၁၀၀၀ |
| တန်ဖိုး | : | ၁၅၀၀ ကျပ် |
| စီစဉ်သူ | : | မြတ်ဌေး |

စိစဉ်သူ–မြတ်ငွေး

# ရခိုင်သမိုင်းထဲက ဘဝသင်ခန်းစာများ

မင်းပြားမင်းသိန်း၏

# LESSONS OF LIFE FROM THE ARAKANESE HISTORY

တပ်ဝန်ဆောင်မှုလုပ်ငန်း

# ရခိုင်သမိုင်းသုတေသီ မင်းပြားမင်းသိန်းစံ

## ပြုစုထုတ်ဝေပြီး စာအုပ်များ


၁။ သရီရတော်မြတ် ပါးတော်ဓာတ်သမိုင်း
၂။ ပေါက်တောမြို့ လိုင်ရိုးတော်ဓာတ်သမိုင်း
၃။ ရခိုင်စတူပါကျောက်စေတီငယ်များ
၄။ ရခိုင်သမိုင်းမှတ်တိုင်များ
၅။ မင်းပြားမြို့ ရွှေကျိန်းတောင် ဇိဟ္မာဓာတ်တော်သမိုင်း
၆။ ရခိုင်သမိုင်းအမွေအနှစ်များ
၇။ မင်းပြားမြို့နယ်မှ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များ(ပ-တွဲ)
၈။ မင်းပြားမြို့နယ်မှ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များ(ဒု-တွဲ)
၉။ လေးမြို့ခေတ် ရခိုင်ရှေးဟောင်းမြို့တော်များ
၁၀။ ရခိုင့်ညွန့်ဖူး မြို့ဦး၏ သုတရတနာများ
၁၁။ ရခိုင်သမိုင်းအထောက်အထားများ
၁၂။ ရခိုင်ရိုးရာဝတ္ထုသိမှတ်ဖွယ်ရာများ
၁၃။ ရွှေစေတီတော်နှင့် ဝင်းကျွန်းဆယ်ရွာသမိုင်း
၁၄။ ရာဇဝင်ထဲက ရခိုင့်သူရဲကောင်းစစ်သူကြီးများ
၁၅။ ရခိုင်ဘင်္ဂါ(၁၂)မြို့မှ ရခိုင်နှင့်ဘင်္ဂလီစစ်ပွဲများ
၁၆။ လေးမြို့ခေတ် ရခိုင်သမိုင်းမြင်ကွင်း
၁၇။ ရခိုင်ပညာရှိသုခမိန်ကြီးများ
၁၈။ ရခိုင်သမိုင်းထဲက ဘဝသင်ခန်းစာများ


## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ


၁၉။ ရခိုင်ရိုးရာဝတ္ထု ရွှေလက်ဆောင်
၂၀။ ရခိုင်သမိုင်းကွင်းဆင်းလေ့လာသုတေသန

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| * | နိဒါန်း | --- ၈ |
| ၁။ | ပညာမဲ့သော ငမင်ငတုံမင်း | --- ၁၁ |
| ၂။ | ဆိုးသွမ်းသော နန်းကျဘုရင် | --- ၁၄ |
| ၃။ | အဖက်ထက်ထူး မင်းဘီလူး | --- ၁၉ |
| ၄။ | တရားစောင့်သော မင်းထီး | --- ၂၁ |
| ၅။ | ဦးရိုးတော်အနန္တဘာယ | --- ၂၄ |
| ၆။ | မင်းစောမွန်၏နောင်တ | --- ၂၇ |
| ၇။ | လမ်းကောင်းလမ်းမှန်ကိုရောက်လာသော မင်းခမောင်း | --- ၃၀ |
| ၈။ | ကျွန်စကားကိုယုံ၍ မင်းသားငယ်ကို မိုက်မဲခြင်း | --- ၃၄ |
| ၉။ | မိစ္ဆာအကျင့် ဂဇာပတိမင်း | --- ၃၇ |
| ၁၀။ | တပင်ရွှေထီးကို ဆုံးမအောင်မြင်ခြင်း | --- ၄၀ |
| ၁၁။ | ပညာမဲ့ ငအောင်ကို အောင်နိုင်ခြင်း | --- ၄၃ |
| ၁၂။ | မိုက်မဲသော မင်းရန်အောင်နှင့် သစ္စာရှိသော သီဟပါ | --- ၄၅ |
| ၁၃။ | အမိန့်ကိုနာခံတတ်သော လက်ယာမြန်အမတ်ကြီး | --- ၄၈ |

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၄။ | မိုက်မဲလေသော မိဖုရားဝါလုဖြူ | --- ၅၂ |
| ၁၅။ | နရပတိမင်းကြီး၏နောင်တ | --- ၅၅ |
| ၁၆။ | အသက်ကိုစွန့်သော သျှင်မြဝါ | --- ၅၉ |
| ၁၇။ | ရဟန်းတစ်ပါး၏ ရွှေ ငွေ၊ အမွေဖြတ်ထုံး | --- ၆၃ |
| ၁၈။ | ရက်စက်ကြမ်းကြုတ်သော စစ်သူကြီး | --- ၆၅ |
| ၁၉။ | ပညာရှိစကားကို မနာခံ၍ စွဋ္စခြွားမင်း ရေနစ် | --- ၆၈ |
| ၂၀။ | ဥက္ကါဗလမင်း ကံတော်ကုန်ရခြင်း | --- ၇၁ |
| ၂၁။ | ငယ်ကျွန်ကိုယုံ၍ အသတ်ခံရသော အဘယရာဇာ | --- ၇၃ |
| ၂၂။ | ဖျက်သည်လည်း ကိုယ်တော်ရဲ့ ပြင်သည်လည်း ကိုယ်တော်ရဲ့ | --- ၇၇ |
| ၂၃။ | ရခိုင်ထီးကျိုးစည်းပေါက် အထူးသင်ခန်းစာ | --- ၈၁ |
| ၂၄။ | ဗိုလ်ချင်းပြုန်၏နောင်တ | --- ၉၅ |
| ၂၅။ | မင်းရဲဘာယကဲ့သို့ ရခိုင်ပြည်ကို ချစ်ဖြတ်နိုးပါ | --- ၁၀၀ |
| ၂၆။ | မိဖုရားကြီးလာဘ်စားမှု | --- ၁၀၄ |
| * | နိဂုံး | --- ၁၀၇ |

# နိဒါန်း

လောကဌ် လူဟူ၍ ဖြစ်လာလျှင် ကာလသုံးပါးနှင့် မလွတ်ကင်းနိုင်ကြပေ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တည်းဟူသော ကာလအပိုင်းအခြားသည် လူ့ဘဝအတွက် တစ်ခုပြီးတစ်ခုကျော်ဖြတ်နေကြရသော အချိန်ကာလများဖြစ်ကြသည်။

မနေ့က ဖြစ်ပျက်ခဲ့သော အကြောင်းအရာသည်၊ ယနေ့တွင် အတိတ်ဖြစ်သွားပါပြီ။ အတိတ်သည် လွန်လေပြီးသောကာလဖြစ်သဖြင့် ယနေ့ ပစ္စုပ္ပန်သည် မနက်ဖြန်တွင် အတိတ်ဖြစ်သွားပါပြီ အနာဂတ်သည် လူသားတို့အတွက် ဆက်လက်အသက်ရှင်ရပ်တည်မည့်အချိန်ကာလများ ဖြစ်ကြသည်။

ထို့ကြောင့် လူသားမျိုးနွယ်ဟူသမျှတို့သည် အတိတ်ကအဖြစ်သနစ်ကို စံနမူနာယူကာ ပစ္စုပ္ပန်တွင် သုံးသပ်ပြီး အနာဂတ်ခရီးကို ဆက်ရမည့် **လောကခရီးသည်များဖြစ်ကြပါသည်။**

ဤတွင် သမိုင်းတည်းဟူသော ဖြစ်ပျက်ခြင်းအကြောင်းအရာသည် အတိတ်မှာရှိနေခဲ့ပါသည်။ အတိတ်သည် ရှည်လျားသောကာလ အတိတ်ရှိသလို တိုတောင်းသောအတိတ်ကာလများလည်း ရှိနှင့်ကြပေသည်။

ရခိုင်လူမျိုးနွယ်စုတည်ရာ အတိတ်သမိုင်းသည် ထုထည်ကြီးမားရှည်လျားပါသည်။ နှစ်ပေါင်း (၅၀၀၀) ကျော်ခဲ့သဖြင့် နည်းနည်းနောနောသတ်မှတ်လို့မရနိုင်သည့်အတွက် ရှည်လျားသော သမိုင်းစဉ်ကြီးတစ်ခုအဖြစ်ရပ်တည်ခဲ့သည်ကို သတိပြုသင့်ပါသည်။

ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် သမိုင်းသည် ရခိုင်တွင် ထင်ရှားစွာရှိနေခဲ့သည့်အလျောက် ထိုခေတ်ထိုကာလက တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ကို ထိုခေတ်သမိုင်းကို လေ့လာသူတိုင်း နားလည်းသဘောပေါက်နိုင်ကြပါသည်။

ရခိုင်ရာဇဝင်သမိုင်းကို လေ့လာဖတ်ရှုလျှင် နန်းစံခဲ့ကြသောဘုရင်ပေါင်း (၂၀၀) ကျော်ကို တွေ့ရှိကြမည်ဖြစ်ပါသည်။ ထိုအထဲ၌တချို့သော မင်းတို့သည် မင်းကောင်းမင်းမြတ်များဖြစ်ကြသည်။ တချို့မင်းတို့မှာ မင်းဆိုးမင်းယုတ်များဖြစ်ကြသဖြင့် အုပ်ချုပ်ခံပြည်သူများ ဒုက္ခရောက်ခဲ့ကြရပါသည်။

သူ့ခေတ်သမိုင်းနှင့်သူ ဖြစ်ပျက်ခဲ့၍ အတိတ်ကသမိုင်းစဉ်များသည် ယနေ့ပစ္စုပ္ပန်တွင် သင်ခန်းစာယူစရာများဖြင့် ပြည့်နှက်လျက်ရှိနေပါသည်။ သမိုင်းဟူသည် ရှေးအတိတ်က အကြောင်းအရာများဖြစ်ခဲ့၍ ယနေ့မျက်မှောက်ကာလတွင် ယခင်နှင့် ယခု အကြောင်းအရာတို့သည် တစ်ထပ်တည်းကျချင်မှကျပါမည်။

သို့တစေ အတိတ်သမိုင်းကို ပစ္စုပ္ပန်တွင် ဆက်သုံး၍မရနိုင်လင့်ကစား ထိုသမိုင်းဖြစ်ရပ်များကိုလေ့လာရာ၌ ဘဝသင်ခန်းစာများကိုကောင်းစွာသိရှိနိုင်သဖြင့် ရှေးဟောင်းသမိုင်းသည် လူသားမျိုးနွယ်စုများအတွက် အစွမ်းထက်သောဆေးကောင်းတစ်လက်ဖြစ်လေသည်။

သမိုင်းဟူသည် အတိတ်ကကိစ္စသာဖြစ်သည်၊ မျက်မှောက်ကာလနှင့် မဆိုင်၊ သုံးစရာမလို၊ လေ့လာစရာမလိုဟူ၍ တချို့က တုံးတိတိမြင်တတ်ကြပါသည်။ ဤသည်မှာ ပညာအမြော်အမြင်အားနည်းသူတို့၏သဘောထားတစ်ရပ်သာဖြစ်ပါသည်။

ပညာရှိတို့သည် အတိတ်ကို မမေ့ကြပါ။ အတိတ်ကို တန်ဖိုး

ထားတတ်ကြပါသည်။ အတိတ်မှပေးသော ဘဝသင်ခန်းစာများကို ကောင်းစွာ လက်ခံရယူကြပါသည်။ ထိုသင်ခန်းစာများကို ပစ္စုပ္ပန်တွင် သုံးသပ်လျက် အနာဂတ်ခရီးကိုမျှော်မှန်းကာ ခရီးဆက်ကြရပါသည်။

အထူးသဖြင့် အတိတ်သမိုင်းသင်ခန်းစာတို့တွင် ကောင်းကွက်များကိုတွေ့နိုင်သလို ဆိုးကွက်များကိုလည်း တွေ့ရတတ်ပါသည်။ ယင်းမှ အတုယူသင့်စရာများကိုယူကြပါ။ မျက်ကွယ်ပြုရမည့်ကိစ္စကိုလည်း မျက်ကွယ်ပြုနိုင်ဖို့လိုပါသည်။

ထို့ကြောင့် လူသားမျိုးနွယ်စုတို့သည် အတိတ်သမိုင်းသင်ခန်းစာများကို ဦးစွာသိရှိထားဖို့လိုလာပါသည်။ ယခုစာအုပ်တွင် ပြုစုဖော်ပြထားသော အဖြစ်အပျက်သင်ခန်းစာများတို့သည် ရခိုင်ရာဇဝင်သမိုင်းကို အခြေခံထားခြင်းဖြစ်ပါသည်။

အတိတ်မှအဖြစ်အပျက်ကိုသိမြင်ပြီး ပစ္စုပ္ပန်မျက်မှောက်တွင် ပိုင်းခြားဝေဖန်နိုင်ကာ အနာဂါတ်ခရီးကောင်းများသို့တက်လှမ်းနိုင်ကြရမည်ဟု ရိုးသားစွာယုံကြည်မိပါသတည်း။

၂၀၁၅ ခု၊ ဇွန်လ (၂၃)ရက်

**မင်းပြားမင်းသိန်းစံ**
**B.A(History)**

## အခန်း(၁)

# ပညာမဲ့သော ငမင်းတော့်မင်း

ငမင်းတော့်မင်း၏ငယ်နာမည်မှာ စောရွှေလူးဖြစ်သည်။ စူဠစန္ဒြား မင်းကြီး၏သားတော်တစ်ပါးဖြစ်သည်။ ငယ်စဉ်က သက်လူမျိုးများ မွေးစားခြင်းကိုခံခဲ့ရသည်။ စောရွှေလူး အသက် (၂၃) နှစ်အရွယ်တွင် မင်းဖြစ်လာသည်။ သက်တို့က ငါတို့မင်းဟုခေါ်ရာမှ ငမင်းတော့်မင်း ဖြစ်လာသည်။

၎င်းမင်းသည် စမ္ပဝက်မြို့ကို စ၍ထူထောင်အုပ်ချုပ်သည်။ မင်းကြီး၏ဘုန်းတန်ခိုးကြောင့် မိုးကြိုးကန်၍ မိုးကြိုးနဂါးလာနေသည်။ နဂါးစမ်းပွက်ရာကို အကြောင်းပြုလျက် ဓမ္ပဝက်မြို့ဟုတွင်သည်။ နဂါး တန်ခိုးကြောင့် မိုးအလွန်ကောင်းသည်။ ဆန်ရေစပါး ကောက်ပဲသလဲ ဖြစ်ထွန်းသည်။ တိုင်းပြည်ခရိုင် နိုင်ငံအားလုံးဝပြောသာယာသည်။ ရန်သူခပ်သိမ်းလည်း ကင်းငြိမ်းသည်။

အထူးသဖြင့် သိကြားဝိသကြုံတို့ စုအုံမစစီရင်၍ ပေးအပ်သော (ပိတောက်စည်)ကို ရရှိခဲ့သည်။ ပိတောက်စည်တော်ကို တီးလျှင် အရှေ့ပုဂံပြည်သည် တစ်နေ့ သုံးကြိမ်လန့်ဖျတ်၍ ပြိုသည်။ ထိုအကြောင်းကို ပုဂံပြည့်ရှင်စောခင်နှစ်မင်း သိလေလျှင် ဗေဒင်ယတြာတတ်သော ပညာရှိတို့နှင့်တိုင်ပင်လျက် ဥပါယ်တံမျဉ်ဖြင့် နဂါးမင်းလွင့်ထွက်သွားအောင်လည်းကောင်း၊ အကျိုးရှိသည်ကိုအပြစ်ဖြစ်အောင်လည်းကောင်း ဆောင်ရွက်ရန် ကြံစည်လေသည်။

ဦးစွာ သိုက်ပြန်ဟူးရားတတ်သော သူလျှိုတို့ကို အပြစ်ရှိ၍ နှင်ထုတ်ဟန်ပြုပြီး လွှတ်လိုက်သည်။ စမ္ပဝက်မြို့သို့ ရောက်လာကြသည်။ ထိုသို့ရောက်လာလျှင် မင်းထံဝင်၍ ယုံကြည်အောင် လျှောက်ထားလျက် ခစားနေထိုင်ခြင်းပြုကြသည်။

ထိုသူတို့သည် သိုက်ပြန်ဟူးရားကျမ်းကို သူတစ်ပါးမသိအောင် သိုဝှက်မြှုပ်နှံထားသော ရွှေအိုးတို့ကို ညွှန်ပြလေလျှင် ရသည်ချည်း ဖြစ်ကြသည်။ မင်းမှစ၍ မှူးမတ်ပြည်သူတို့သည် ဤဟူးရားကျမ်းသည်ကား မှန်လေစွာတကားဟု ချီးကျူးထောမနာပြုကာ ယုံကြည်ကြလေသည်။

မိုးကြိုးကန်တွင်လည်း အချိန် (၄) ပိဿာရှိသောရွှေဟင်္သာရုပ်ကို သူတစ်ပါးမသိအောင် ပစ်ထားခဲ့ပြီးမှ "ဤမိုးကြိုးကန်တွင်လည်း အချိန်လေးပိဿာရှိသော ရွှေဟင်္သာရုပ်ရှိပါသည်။ ဤဟင်္သာရုပ်ကို ဆယ်ယူရပါမည်။ နဂါးကို မနေစကောင်း"ဟု ဆိုကာ ကမ်းနားဝန်းကျင်ရှိ အုတ်၊ ကျောက်များစွာတို့ဖြင့်လည်းကောင်း၊ သံတွေသံခဲရဲရဲညီးညီးတို့ဖြင့်လည်းကောင်း ကန်ထဲသို့ပစ်ချစေသည်။

ကန်လယ်၌ ဖောင်ဖွဲ့လျက် အုတ်၊ ကျောက်များစွာ သံတွေသံခဲရဲရဲတို့ကို တစ်နေ့မပြတ်ပစ်လေလျှင် ရေကန်သည် ကျိုက်ကျိုက်ဆူလေသည်။ နဂါးမင်းမနေနိုင်သဖြင့် ရေကန်ကိုဖောက်ထွင်းလျက် ထွက်ပြေးလေရာ အဠနုနဒီမြစ်အထက်ပိုင်းသို့ ရောက်ရှိသွားလေသည်။

ယင်းကို တစ်ဖန်သူလျှိုဟူးရားတတ်တို့က မင်းထံသို့ဝင်ရောက်ပြီး မင်းကြီးအား ငါးတန်သဘင်ကို ပိုက်ကွန်များဖြင့် ဖမ်းလေရာ နဂါးမင်း

မှာ ထိုအရပ်၌ မနေနိုင်သဖြင့် မာန်အောင်ကျွန်းသို့ထွက်ပြေးလေသည်။

နဂါမင်းသည် စမ္ပဝက်မြို့ မိုးကြိုးကန်မှလွင့်ထွက်သွားပြီးနောက်တွင် သူလျှိုတို့သည် အရှင်မင်းကြီးထံ ဝင်ရောက်ပြီး -

"အရှင်မင်းကြီး. . အရှင်မင်းကြီးနန်းတော်နာရီစင်မှ ပိတောက်စည်ကို တစ်ဖက်လက်လေးသစ်စီဖြတ်တောက်နိုင်လျှင် အရှင်မင်းကြီး ဤထက်ဘုန်းကြက်သရေတိုးပါလိမ့်မည်" ဟူ၍ ဟူးရားသိုက်ပြန်ကျမ်းကိုပြသည်။ ထိုသောအခါ မင်းကြီးလည်း ယုံကြည်လျက် ဖြတ်စေသည်။

မိုးကြိုးနဂါးထွက်ပြေး၊ ပိတောက်စည်အလီးဖြတ်ခံရပြီးသောအခါ ဓမ္ပဝက်သည် ရှေးယခင်ကနှင့်မတူစနိုးစနောင့်ဖြစ်လာသည်။ မိုးလည်း မမှန်ဖြစ်လာသည်။ ဘုရင်၏ဘုန်းတန်ခိုးမှာ ကျဆင်းလာသည်။

ထိုအခါ စောခင်နှစ်အမည်ရှိသော မင်းသည် စစ်ချီလာပြီး တိုက်ခိုက်လေသည်။ ငမင်ငတုံသည် စစ်ပွဲ၌ ရှုံးနိမ့်၍ အဖမ်းခံရသည်။ စောခင်နှစ်မင်းက ငမင်ငတုံမင်းကို ခေါင်းဖြတ်၍ယူလေသည်။

ထို့ကြောင့် တိုင်းပြည်မည်မျှ သာယာဝပြောစေကာမူ ပညာရှိသုခမိန်အမတ်ရှိဖို့လိုသည်။ ပညာရှိမရှိလျှင် ပြောတိုင်းယုံ၊ အကျိုးအပြစ်ကို မသိသဖြင့် ရခိုင်တို့၏ဓမ္ပဝက်မြို့သည်ပျက်စီးခဲ့ရသည်။ မင်းလည်း ခေါင်းဖြတ်ခံခဲ့ရသည်။ ဤအဖြစ်အပျက်ကို ယနေ့ ရခိုင်သူ ရခိုင်သားများဘဝသင်ခန်းစာအဖြစ် မှတ်သားသင့်သည်။ တိုင်းပြည်၌ ပညာရှိ၊ ပညာတတ်များ ထွန်းကားဖို့ အရေးကြီးလေသည်။

*

## အခန်း(၂)

# ဆိုးသွမ်းသော နန်းကျဘုရင်

နန်းကျကြီးဘုရင်သည် လောင်းကြက်မြို့၌ နန်းစံအုပ်ချုပ်ခဲ့သော မင်းတစ်ပါးဖြစ်သည်။ ခမည်းတော် စောမွန်ကြီး ကွယ်လွန်အနိစ္စ ရောက်သောအခါ၌ သားဖြစ်သူ နန်းကျကြီးက ထီးမွေနန်းမွေဆက်ခံ ခဲ့ခြင်းဖြစ်သည်။

နန်းကျကြီးသည် မျောက်သားတော် စောပွဲမေနှင့် ရခိုင်သက္ကရာဇ် (၆၃၅) ခုနှစ်တွင် ထီးနန်းစည်းစိမ်ကိုခံယူသည်။

ဤနန်းကျကြီးမင်းကား ဖခင်ကဲ့သို့ ကောင်းမှုကိုမပြုလုပ်ခဲ့ပေ။ တိုင်းပြည်၏ အခွန်အတုပ်ကိုအလွန်အကျွံကောက်ယူသည်။ သူဌေး သူကြွယ်လူချမ်းသာတို့၏ပစ္စည်းဥစ္စာကိုသိမ်းယူ၍ မင်းဘဏ္ဍာအဖြစ်သို့ သွင်းသည်။ မင်းသား၊ မင်းမြေး၊ မင်းမျိုးမင်းနွယ်တို့ကိုလည်း ချစ်မြတ်နိုး ခြင်းမရှိ။ ညှဉ်းပန်းနှိပ်စက်သည်။ မှူးမတ်နှင့် ပြည်သူတို့ကိုလည်း အပြစ်

မရှိသည်ကို အပြစ်ပြု၍ ဖမ်းဆီးချည်နှောင်သည်။ သူ့လယ်သူယာ၌ ဖြစ်သော စပါးတို့ကိုလည်း ဆင်စာ မြင်းစာ တိုက်ကျွေးသည်။

ထိုသို့မကောင်းမှုအကျင့်ကို ပြုလုပ်လာသဖြင့် ပြည်သူတို့ဆင်းရဲကြသည်။ ပြည်သူတို့ဆင်းရဲလာသည်ရှိသော် တိုင်းပြည် စနောင့်စနင်း ဆူပူသည်။ ပြည်သူအားလုံးက မင်းကြီးအား အမျက်ထွက် မုန်းတီးကြသည်။ ဤအကြောင်းကို မင်းကြီးသိလေလျှင် အသက်အန္တရာယ်ကို စိုးရိမ်ကြောင့်ကြသဖြင့် တိုင်းပြည်တစ်ပြည်လုံး မင်းနေမြို့တော်မှစ၍ ရွာကြီးရွာငယ်တို့၌ ငါးဟင်းသင်စာရာ ဓားမငယ်မျှမလွတ်ရအောင် သိမ်းယူသည်။

ရဟန်းသံဃာ အရိယာသူတော်ကောင်းတို့ ကျောင်းဝယ် ခေါင်းရိတ်စရာ သင်းတုန်းမျှမရှိရလေအောင် စိစစ်၍ သိမ်းယူသည်။ ရဟန်းသံဃာတော်တို့သည် သီတင်းနေ့ရောက်လျှင် ခေါင်းရိတ်စရာ သင်းတုန်းကို မင်း၏နန်းတော်မှ ငှါးရမ်းကာ ခေါင်းရိတ်ကြရသည်။

ဤသို့ဖြင့် နန်းကျမင်းကြီး စိုးစံအုပ်ချုပ်နေချိန်ကာလတွင် ရှင်ငယ်စိတ္တရနှင့် နရဒဟူသော ညီနောင်နှစ်ဦးပေါ်လာသည်။ ဤညီနောင်နှစ်ဦးသည် ဘီလူးကြီးမှတစ်ဆင့် သက်ပြောင်းကိုယ်ခွာအတတ်ကို သင်ယူကြသည်။ ဤအတတ်ဖြင့် ကိုယ်ဖျောက်ကာ သူ့မယား သူ့သမီးများထံဝင်၍ ပြစ်မှားကျူးလွန်ကြသည်။

ဤမှတစ်ဆင့် မင်းကြီးနန်းတွင်းမှ မိဖုရားလေးယောက်မှစ၍ မောင်းမမိဿံမလွတ်ပြစ်မှားသည်။ ဤသို့ကြိမ်ဖန်များစွာ ပြစ်မှားလာသည့်အခါ မိဖုရား စောပဒုံမာလာက မင်းကြီးထံလျှောက်တင်သည်။ ဤကိစ္စကိုမင်းကြီးကသိလို၍ ဖော်ထုတ်ခဲ့ရာ စိတ္တရနှင့် နရဒညီနောင်နှစ်ဦးကို လက်ရဖမ်းဆီးရမိသည်။

မင်းကြီးသည် ဤညီနောင်နှစ်ဦးကိုဖမ်းရ၍ စစ်ဆေးပြီးနောက်တွင် အပြစ်ရှိသူတို့ကို အပြစ်မပေးပဲ သက်ပြောင်းကိုယ်ခွာအတတ်ပညာကိုသင်ယူလေသည်။ ညီနောင်နှစ်ဦးကိုလည်း အပြစ်မှလွှတ် ပေးလေသည်။

တစ်ခါသော် နန်းကျကြီးမင်းသည် အမတ်ကြီးစည်သဘင်၏ သမီး ပန်းနီလာကို တောင်းသည်။ ထိုအခါ အမတ်ကြီးက မင်းကြီးထံ သမီးကညာကိုဆက်သရမည်ဖြစ်၍ ယခုအခါ ကျောက်ပေါက်နေပါ ကြောင်း ဥပါယ်တမျဉ်ဖြင့် လျှောက်တင်သည်။ မင်းကြီးသည် အမှန် တကယ်ဖြစ်နေသည်ဟု ထင်မိနေလေသည်။ စည်သဘင်အမတ်ကြီးက သမီးကို တောထဲတစ်ခု၌ ဝှက်ထားကာ သူသေလောင်းတစ်ခုကိုယူ၍ ပုဆိုးအဝတ်ခြုံပြီးသော် သမီးကျောက်ရောဂါဖြင့် ကွယ်လွန်ပြီဟု သတင်း လွှင့်လျက် လူသိရှင်ကြားသဂြိုဟ်လေသည်။ မင်းကြီးကလည်း အမှန်ထင် မှတ်၍မေ့လျော့စွာနေလေသည်။

ကာလကြာလတ်သော် အမတ်ကြီးစည်သဘင်သည် မင်းကြီး မေ့သွားပြီဟုယူဆလျက် အမတ်ကြီးလက်ယာနန္ဒသူ၏သားနှင့် ပန်းနီလာ ကိုထိမ်းမြားပွဲလုပ်သည်။ ထိမ်းမြားသောအခါ စည်သံပတ်သံတီးသဖြင့် ယင်းအသံကို မင်းကြီးကြားရသောအခါ ဤစည်သံပတ်သံတို့သည်ကား အဘယ်သူ၏နေအိမ်ကနည်းဟုမေးသည်။ အမတ်ကြီးတစ်ဦးက လက်ယာနန္ဒသူ၏သားနှင့် စည်သဘင်၏မင်းသမီး ပန်းနီလာကို ထိမ်းမြား ရာမှတီးသော စည်သံပတ်သံဖြစ်ကြောင်း လျှောက်တင်သည်။

ထိုအခါနန်းကျကြီးသည် ပြင်းစွာဒေါသထွက်ပြီး ငါ့ကဲ့သို့ မင်းအားပျက်ရယ်ပြုရသလားဟူ၍ အမျက်တော်ဝင်ပြီး လက်ယာ နန္ဒသူ၏ အိမ်ထောင်ပစ္စည်းဥစ္စာများကို ထွားထွားညက်ညက်ဖျက်ဆီး သိမ်းယူလေသည်။ အမတ်စည်သဘင်၏ ပစ္စည်းဥစ္စာများကိုလည်း အဝမ္ဗမတရားသိမ်းယူလေသည်။

သမီးတော်ပန်းနီလာကိုသိမ်းယူ၍ မင်းပြောင်ထားလေသည်။ မင်းကြီးသည် ဤယနေ့မှစ၍ ငါ့အား ခွင့်မပန်ကြားဘဲ (စည်မတီးရ) ဟူ၍ အမိန့်ပြန်တမ်းကိုထုတ်ပြန်လေသည်။

အမတ်စည်သဘင်နှင့် လက်ယာနန္ဒသူအမတ်ကြီးနှစ်ဦးတို့ကား အလွန်တရာအရှက်ရခဲ့ကြသည်ဖြစ်သဖြင့် ဤမင်းအား နန်းကျရန်ကြံစည် လေသည်။ ပြည်သူတစ်ရပ်လုံးကို အမတ်ကြီးနှစ်ဦးက လျှို့ဝှက်စည်းရုံး

သည်။ ညီညွတ်ကြလျှင် ရှင်ငယ်စိတ္တရ နှင့် နရဒထံသို့သွားပြီး တံစိုး လက်ဆောင်များစွာ ပေးအပ်ကာ ကူညီရန်တောင်းခံသည်။ ရှင်ငယ် နှစ်ဦးကလည်း မင်းကြီးအား သတ်ဖြတ်ရန်စီစဉ်လေသည်။

ဦးစွာ စိတ္တရ၊ နရဒ ညီနောင်နှစ်ဦးက ပေါင်းတုတ်ချောင်းဖျား ဝယ် ကျွဲရိုင်းဟန်ဖြင့် ဖန်ဆင်း၍နေကြသည်။ ရွာသားတို့က ပေါင်းတုတ် ချောင်းဖျား၌ ကျွဲရိုင်းရောက်သည်ဟု ဘုရင်မင်းကြီးထံ လျှောက်တင်ကြရာ မင်းကြီးကနှိမ်နင်းရန် အရက်သေစာသောက်၍ဆင်စီးလျက်ထွက်သည်။

တောသို့ရောက်လျှင် ရှင်ညီနောင်နှစ်ဦးက ကျွဲဖြူရိုင်းဟန် ဆောင်လျက်ရှိနေသည်ကို မင်းကြီးက နာနာဘာဝအတတ်ဖြင့် မြင်သည်။ မင်းကြီးသည်ရှင်ညီနောင်တို့မှသင်ယူခဲ့သော သက်ပြောင်းကိုယ်ခွါ အတတ်ဖြင့် ကျေးအယောင်ဆောင်လျက် ထွက်ပြေးလေသည်။ ရှင်ငယ် နှစ်ဦးကလည်း စွန်အသွင်သို့ ဖန်ဆင်း၍ လိုက်ကြသည်။ မင်းကြီးက လည်းစွန်အသွင်သို့ဖန်ဆင်း၍ ပျံလေသည်။ ရှင်ငယ်နှစ်ဦးက သိမ်းရုပ် ယောင်ဆောင်၍ လိုက်ကြသည်။ ထိုသို့အစဉ်အတိုင်းလိုက်၍ မလွတ် သာလျှင် သမင်အယောင်ဆောင်၍ပြေးလေသည်။ ရှင်ငယ်တို့ကလည်း ကျားအရုပ်ယောင်ဆောင်၍လိုက်သည်။ မင်းကြီးလည်း မလွတ်သာလျှင် ဆင်အယောင်ဆောင်၍ပြေးသည်။ ရှင်ငယ်တို့ကလည်း ဆင်နှစ်စီး အယောင်ဆောင်၍ လိုက်သည်။ မင်းကြီးလည်း မလွတ်သာလျှင် ရွာတွင်းသို့ဝင်၍ လူအယောင်ဆောင်လျက်လူများထဲသို့ဝင်သောအခါ ရှင်ငယ်တို့သည် ဓားလက်နက်ဖြင့်ခုတ်မိလေသောကြောင့် မင်းကြီး၏ လက်ယာနားသည် ပြတ်လေ၍ ငှက်အယောင်ဖြင့်ဖန်ဆင်း၍ ဦးခန္တီသာရ ဆရာတော်ကျောင်းသို့ဝင်ပြေးကာ ငါ့ဆရာ ငါ့အား တားပါဟု ဆရာတော် ကိုဖက်လေသည်။

ဆရာတော်ကလည်းလက်ကိုဖယ်လျက် မင်းကြီးသိမ်းယူထား၍ ငါ့မှာခုခံစရာ သင်းတုန်းမျှမရှိ။ အဘယ်လက်နက်ဖြင့် ငါတို့ တားရအံ့ နည်း။

နားမှယိုစိမ့်လာသွေးကိုသုပ်စရာပဝါပေးတော်မူပါဟု တောင်း

လေလျှင် ကျောင်း၌လည်းကောင်း၊ အိမ်၌လည်းကောင်း ကွမ်းထုပ်စရာ ပဝါမျှမရှိရအောင် မင်းကြီးကသိမ်းယူထား၍ ယခုအဘယ်ကို ပေးရမည်နည်းဟုဆိုလေသည်။

မိမိပြုကျင့်ခဲ့သော မကောင်းမှုကိုသေပွဲနှင့်ကြုံမှ သင်ခန်းစာရလာသည်။ သို့သော်လည်း မည်သူကမှ မင်းကြီးဘက်မှ မကူညီနိုင်ကြတော့ချေ။

နန်းကျမင်းကြီးသည် မတတ်သာတော့ပြီ။ မိမိကောင်းမှုဖြစ်သော ဘုရားဂူထဲသို့ဝင်၍ တံခါးပိတ်လျက်နေသည်။ နောက်မှ လိုက်လာကြသော ရှင်ငယ်တို့က (မင်းကြီး ဂူထဲမှထွက်ခဲ့၊ မထွက်လျှင် မင်းကြီးကောင်းမှုကို မီးတိုက်ရမည်)ဟုဆိုလေလျှင် နန်းကျ မင်းကြီးသည် မိမိကောင်းမှုတော်ကိုအဖျက်မခံနိုင်သဖြင့် လက်ယာနားမှထွက်လာသော သွေးကို ဘုရားရုပ်ပွားတော်၏လက်ယာပေါင်တော်၌ လက်ဝါးခံ့ဖြင့် ဟပ်ပြီးသော်. . .

(အရှင်ရုပ်တုတော်မြတ်ဘုရား. . . အကျွန်ုပ်သည် ဤပြည်၌ တစ်ဖန်မင်းအဖြစ်ကိုရ၍ကျွန်ုပ်၏ ရန်သူအသင်းအပင်းကိုသတ်ရပြီးမှ ယခု လိမ်းကျံခဲ့သော သွေးလက်ရာသည် ပျောက်ပါစေသ(ာ)ည်း) ဟူ၍ အဓိဋ္ဌာန်ပြုပြီးနောက် ဘုရားဂူထဲမှထွက်လာပြီး ရှင်ငယ်နှစ်ဦးထံ အသတ်ခံလေသည်။ ရှင်ငယ်တို့ကလည်း မင်းဆိုးမင်းယုတ်ဟူ၍ ကြုံးဝါးလျက် ဦးခေါင်းကိုဖြတ်၍ သတ်လေသည်။ ထိုဦးခေါင်းကို အမတ်ကြီးစည်သဘင်ထံ အပ်လေသည်။

လူဆိုးလူမိုက်တို့၏ အသက်စည်းစိမ်းဥစ္စာတို့ကား တာရှည်မခံ ပျက်စီးရသော ဘဝသင်ခန်းစာတစ်ရပ်ဖြစ်သည်။

*

## အခန်း(၃)

# အဖထက်ထူး မင်းဘီလူး

မင်းဘီလူးသည် လောင်းကြက်မြို့နန်းဆက်ဖြစ်သော နန်းကျ ကြီးမင်း၏သားတော်တစ်ပါးဖြစ်သည်။ ဖခင်မည်းတော် မင်းယုတ်ဖြစ် သော နန်းကျမင်း ကွယ်လွန်လေသောအခါ ယင်း၏ထီးမွေကို သားတော် မင်းဘီလူးအား ပေးအပ်တင်မြှောက်ကြသည်။

မင်းဘီးလူးကိုနန်းမြှောက်သူမှာ အမတ်ကြီးစည်သဘင်ဖြစ် သည်။ စည်သဘင်အမတ်ကြီးက နန်းကျမင်းဖြစ်သော ဖခင်လက်ထက် တွင် ဆိုးဝါးသော်လည်း သားဖြစ်သူလက်ထက် ကောင်းလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ပြည်သူများနှင့်ညှိနှိုင်းလျက် မင်းမြှောက်ခြင်းဖြစ်လေ သည်။ အမတ်ကြီးစည်သဘင်သည် မိမိ၏သမီး ပန်းနီလာကို မင်းဘီလူး ထံပေးအပ်ကာ မိဖုရားအဖြစ်ဆောင်နှင်းလေသည်။

သို့သော်လည်း လက်တွေ့မှာ အမတ်စည်သဘင်ကြီးမျှော်မှန်း ထားသလိုဖြစ်မလာဘဲ မှန်းချက်နှင့်ဝေးခဲ့ရသည်။ မင်းဘီးလူး အာဏာ ရ၍ မင်းဖြစ်လာသည့်အခါ ကုသိုလ်ကောင်းမှုကိုမပြုလုပ်ဘဲ ကြမ်းတမ်း ယုတ်မာလာသည်။ မှူးမတ်ပြည်သူတို့၏ သမီးပျိုးများကိုလည်း အဖနန်းကျမင်းကြီးကဲ့သို့သိမ်းယူသည်။ ပြည်တုပ်ပြည်ခွန်ကိုလည်း မညှာမတာကောက်ယူသည်။ ပြည်သူများကို နှိပ်စက်ကလူပြုလုပ်သည်။

အထူးသဖြင့် မင်းဘီလူး၌ မင်းထီးသူငယ်ကို ဖွားမြင်သည့်အခါ ကောင်းသောအတိတ်နိမိတ် စနည်းတဘောင်တို့ပေါ်လာသည်။ သူငယ်၏ဘုန်းတန်ခိုးကြောင့် လက်နက်တိုက်မှ လက်နက်မျိုးစုံတို့သည် အရောင်တဝင်းဝင်းတောက်ပကြသည်။

ဤသည်ကိုမြင်ရသောအခါ မင်းဘီလူးသည် ယုတ်မာသောအကြံဖြစ်ပေါ်လာသည်။ သူငယ်ကြီးပြင်းလာလျှင် ငါ၏ထီးနန်းကို တိုက်ခိုက်သိမ်းယူမည့်ငါ၏ရန်သူ ဖြစ်လာနိုင်သည်။

ထို့ကြောင့် သူငယ်ကို ပုခက်ထဲတွင်ထည့်လျက် ကျောက်ဖိကာ ညဥ့်အခါ မြစ်နားသို့ဆင်း၍ ရေဝယ် မျှောချလိုက်သည်။ ထိုသို့ ရေဝယ်မျှောပါလာသည့်အခါ သူငယ်၏ဘုန်းတန်ခိုးကြောင့် ရေထဲ၌ စက်ဝန်းသဏ္ဍာန်ကျွန်းငယ်တစ်ခုပေါ်လာသည်။ သူငယ်ကို ကျွန်းကခံလျက်ရှိနေသည်။ ထိုကျွန်းငယ်ကို စက်ဝန်းကျွန်းဟုတွင်လေသည်။

သူငယ်သည် ကျွန်းနှင့်တကွပေါ်လတ်လျှင် ငါးရှာနေကြသော တံငါတို့ရလေသည်။ တံငါသည်တို့က ထူးဆန်းသည်ဖြစ်၍ မင်းဘီးလူးထံ ဆက်သကြသည်။ မင်းဘီလူးသည်သတ်၍ မသေနိုင်ပြီဟုဆိုလျက် ယိုးချောင်းဖျားသို့ လျှိုပို့၍ထားလေသည်။

ဤဖြစ်ရပ်ကိုမြင်ရသောအခါ အမတ်ကြီးစည်သဘင်နှင့် ပြည်သူအပေါင်းတို့သည် ဤမင်းကားအလွန်ရက်စက်ကြမ်းကြုတ်ပါဘိသည်။ ပြည်သူပြည်သားတို့ကို ထားဦး၊ မိမိ၏ ရင်နှစ်သည်းချာ သားရတနာကိုမှ ကရုဏာချစ်ခြင်းမရှိ၊ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ငါတို့မှူးမတ်တို့အား ထိပါးလာနိုင်ဖွယ်ရှိသည်။ ဘေးအန္တရာယ် ကျရောက်လာမည်ကိုစိုးရိမ်၍ အခြားမှူးမတ်တို့နှင့် တိုင်ပင်ညီညွတ်ကာ မင်းဘီးလူးကိုလုပ်ကြံသတ်ဖြတ်လိုက်ကြသည်။

ရခိုင်ရာဇဝင်၌ ဤဖြစ်ရပ်ကိုအခြေခံလျက် (အဖထက်ထူး မင်းဘီးလူး)ဟူ၍ စကားရိုးစကားထာရှိလေသည်။

*

# အခန်း(၄)
# တရားစောင့်သော မင်းထီး

မင်းထီးသည် လောင်းကြက်မြို့နန်းစံမင်းဘီလူး၏သားတော် တစ်ပါးဖြစ်သည်။ ငယ်စဉ်က ဖခင်ဖြစ်သူ၏ ရက်စက်ယုတ်မာသော အပြုအမူကိုခံခဲ့ရသည်။ မြစ်ထဲ၌ ပုခက်ဖြင့် စွန့်ပစ်ခြင်းကို ခံခဲ့ရသည်။ ဘုန်းသမ္ဘာကြီးမား၍ အသက်ဘေးမှလွတ်မြောက်ခဲ့သည်။

မင်းထီးသည် ရခိုင်သက္ကရာဇ် (၆၄၅) ခုနှစ်တွင် လောင်းကြက် နန်းကို ရရှိခဲ့သည်။ ထိုစဉ်က မင်းထီးမှာ (၇)နှစ်အရွယ်တည်းသာ ရှိသေးသည်။ ငယ်ရွယ်သူ မင်းဖြစ်လင့်ကစား ရတနာသုံးပါးကို ကြည်ညို သည်။ ဒါန၊ သီလ၊ စာဂတရားတို့ကိုလည်း အားထုတ်ဖြည့်ကျင့်သည်။ သူတကာတို့၏အကျိုးစီးပွားကို အကျိုးရှိအောင် ပြုလုပ်၍ စိပ်ပုတီးကို လက်မှာစွဲလျက် ပဥ္စသီ၊ အဋ္ဌသီ၊ ဒသသီတို့ကို မပြတ်ဆောင်ရွက်သည်။

အထူးသဖြင့် မင်းထီး နန်းစံချိန်တွင် တိုင်းပြည်တစ်ဝှမ်း၌ ပြည်သူ များ ကိုယ်ကျင့်တရားပျက်နေချိန်ဖြစ်သည်။ ဤသို့အခြင်းအရာကို ဘုရင် မင်းထီးသည် တင်းကြပ်သော အမိန့်ပြန်တမ်း မင်းအာဏာ (၅) ရပ်ကို ထုတ်ပြန်ခဲ့သည်။

ဤပြန်တမ်းထုတ်ပြန်ပြီး များမကြာမီ ညီလာခံသဘင်ကျင်းပလေသည်။ ပလ္လင်ပေါ်မှထိုင်ပြီး ကြည့်ရှုတော်မူသည့်အခါ မိမိရှေ့အနီးနန်းတိုင်၌ ဖြူဖွေးသောထုံးစက်များကိုမြင်တွေ့ရသည်။ မင်းကြီးသည် များစွာဒေါသထွက်ပြီး

"ငါ၏အမိန့်ကို အဘယ်သူဖီဆန်၍ဤနန်းတိုင်၌ ထုံးသုတ်သနည်း"ဟူ၍ မှူးမတ်တို့အားမေးသည်။ မည်သူမျှမဖြေနိုင်ကြပေ။ မင်းကြီးသည် စိတ်မကောင်းစွာဖြင့် နောက်နောင် ဤသို့တွေ့ရှိက အရေးယူမည်ဖြစ်ကြောင်း အမိန့်ထုတ်လေသည်။

နောက်ညီလာခံကျင်းပရာ မင်းကြီးသည် ပလ္လင်ပေါ်မှထိုင်လျက် နန်းတိုင်ဆီသို့ မျက်စိရောက်သွားရာ ပေကျံနေသော ထုံးများကိုနန်းတိုင်၌ သုတ်ထားသည်ကိုတွေ့ရပြန်သည်။ မင်းကြီးသည် ကြီးစွာဒေါသထွက်ပြီး ဤနန်းတိုင်၌ မည်သူမည်ဝါ ထုံးသုတ်သည်ကို မတင်လျှောက်နိုင်လျှင် မှူးမတ်အားလုံးကိုအရေးယူမည်ဟု အမိန့်ရှိတော်မူလေသည်။

ထိုအခါ အမတ်ကြီးတစ်ဦးက ဘုရင်အား အရိုအသေပြုပြီး မတ်တပ်ရပ်လိုက်သည်။ လက်တွင်ကိုင်ထားသော ပေပုရပိုက်ကို အသာအယာဖြန့်ကာ ဘုရင်အား လျှောက်တင်သည်။

ဘုရင်မင်းထီးသည် ကွမ်းစား၍ လမ်းလျှောက်ရင်း လက်ညှိုးတွင် ပေကျံနေသော ထုံးကို မည်သည့်ရက်၊ မည်သည့်လ၊ မည်သည့်အချိန်တွင် သုတ်ကြောင်း အတိအကျလျှောက်တင်လိုက်သည်။

ထိုသို့လျှောက်တင်ချက်ကို မင်းထီးဘုရင် ကြားရသောအခါ ပြန်လည်စဉ်းစားမိ၍ မိမိပင် အမှန်တကယ်သတိမမူဘဲ အမှတ်တမဲ့ သုတ်ခဲ့သည်ကိုပြန်သတိရလာသည်။

ထို့ကြောင့် မိမိအနားရှိ သံလျက်ဓားကိုဆွဲယူလိုက်သည်။

ငါ၏အမိန့်တော်ကိုဖီဆန်သောလက်ညှိုးအား ငါကိုယ်တော်တိုင်ဖြတ်ပစ်မည်ဆိုလျက် ပလ္လင်ပေါ်တွင် လက်ညှိုးကိုတင်ကာ ဒိုင်းကနဲဖြတ်ပစ်လိုက်လေသည်။

ဤသို့အပြုအမူကိုမြင်ရသောအခါ မှူးမတ်တို့မှာ ကြက်သီးမွေး

ညှင်းတဖျန်းဖျန်းထကြလေသည်။ ပြည်သူပြည်သားများကလည်း ဤသတင်းကိုကြားရသောအခါ မတရားပြုကျင့်ဖို့ ကြောက်လန့်လာကြသည်။ တရားသဖြင့် အသက်မွေးရန်ဆန္ဒဖြစ်လာလေသည်။

မင်းထီးသည် ပျက်နေသော ရခိုင်ပြည်ကို ပြန်လည်အကောင်းဖြစ်လာစေရန် ဦးတည်ကြိုးပမ်းခဲ့သည်။ ဤ၌ တရားဥပဒေစိုးမိုးရေးကို အဓိကထားဆောင်ရွက်သည်။ မိမိကိုယ်တိုင်အဓိကထား ဆောင်ရွက်သည်။ မိမိကိုယ်တိုင်ထုတ်ပြန်သောအမိန့်ကို မိမိက ဦးစွာလိုက်နာသည်။ ပြည်သူများကလည်း ဥပဒေကို လိုက်နာလာကြသဖြင့် မင်းထီးလက်ထက် ရခိုင်ပြည်သည် သာယာခဲ့သည်။ တိုးတက်ခဲ့သည်။ လူတိုင်းလူတိုင်း ကိုယ်ကျင့်တရား ကောင်းမွန်လာလေသည်။ ယနေ့ခေတ်ကာလအတွက် ဤသင်ခန်းစာသည် အလွန်တန်ဖိုးရှိနေသည်။

*

## အခန်း(၅)
# ဦးရီးတော် အနန္တဘာယ

ဘုရင်မင်းထီးသည် လောင်းကြက်မြို့၌ ရခိုင်သက္ကရာဇ် (၆၄၅) ခုတွင် နန်းတက်သည်။ နန်းတက်သည်ဆိုချေသော်လည်း ဤမင်းမှာ အသက် (၇)နှစ်အရွယ်တည်းသာရှိသေးသည်။

ဘုရင်ဖြစ်၍ မင်းပွဲသဘင်ညီလာခံယူရာ၌ မယ်တော် သုဘဏ္ဍာ ဒေဝီ၏မောင်အရင်းတော်စပ်သူ ဒါဂါမြို့စား ဦးရီးတော် အနန္တဘာယ ရင်ခွင်ပေါ်၌ထိုင်လျက် ခံတော်မူသည်။

မင်းကြီးသည် ရခိုင်ရာဇဝင်၌ အလွန်ထင်ရှားသောမင်းတစ်ပါး ဖြစ်သည်။ ငယ်ရွယ်စဉ်ကပင် သူတစ်ပါး၌ အကျိုးပြုမှုကိုလိုလားသည်။ အကျင့်သီလရှိသည်။ အမျက်စောင်မာန်နည်းသည်။ ဘုရား၊ ပုထိုး၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်းရေကန်များ ပြုလုပ်လှူဒါန်းတော်မူသည်။ အဂတိတရား မလိုလား၊ တရားဖြောင့်မှန်ကန်သည်။ ဤသို့အစစ အရာရာ ကျော်ကြားသည်။ ဂုဏ်သတင်းကြီးလေသည်။

မင်းထီးသည် တိုင်းပြည်အုပ်ချုပ်ရန် အမိန့်တော်ကိုလည်း ပြဋ္ဌာန်းပေးထားသည်။ ယင်းမှာ -

* သားမကောင်းလျှင် ဖခင်
* မယားမကောင်းလျှင် လင်
* တပည့်မကောင်းလျှင် ဆရာ
* ကျွန်မကောင်းလျှင် သခင်
* သမီးမကောင်းလျှင် အမိ

စီရင်ရမည်ဟု ဥပဒေငါးရပ်ကိုထုတ်ပြန်ထားသည်။

တစ်နေ့သောအခါ လောင်းကြက်မြို့နေ သူဌေးနေဥယ၏ ကျွန် နှစ်ယောက်သည် နွားတစ်ကောင်ကို လက်မဘက်၍ ခိုးယူစားကြလေ သည်။ နွားခိုးတို့သည် ထိုအမှုကြောင့် မင်းမှုထမ်းထံ အဖမ်းခံကြရသည်။ ထိုအခါ ကျွန်ရှင်သူဌေးသည် မင်းဘေးမင်းဒဏ်သင့်မည်ကို အလွန်ပင် စိုးရိမ်ခြင်းဖြစ်ကာ များစွာကြောက်ရွံ့လျက်ရှိလေသည်။

အပြစ်မှချမ်းသာရစေရန် ဦးရီးတော်အနန္တဘယထံ ချဉ်းကပ် ပူဆာလေသည်။ ငွေအသပြာတစ်ထောင်ကိုလည်း တံစိုးလက်ဆောင် အဖြစ်ယူပါရန် တောင်းပန်ပြီးပေးသည်။

ဦးရီးတော် အနန္တဘယသည်လည်း တူတော်မင်းထီးမှာ ငယ်ရွယ် သူဖြစ်၍ မိမိရင်ခွင်၌ပင်ထိုင်လျက် ဘုရင်ပြုသူဖြစ်သည်။ မိမိကိုလည်း ဘခင်သဖွယ် ချစ်ခင်ရိုးမှတ်ထင်ရိုးရှိသည်။ ထို့ကြောင့် ဤနွားခိုးမှုတွင် မိမိက ကျွန်ရှင်ခံလိုက်ခြင်းအားဖြင့် ရာဇာမင်း ဒဏ်မင်းပြစ်မသင့်တန်ရာ ဟု မှတ်လေသည်။

မင်းပြစ်သင့်တော့မည့်သူဌေးအားလည်း သနားခြင်းရှိလေသည်။ ထို့ကြောင့် ကျွန်ရှင်ခံပေးရန်သဘောတူကာ တာဝန်ယူလိုက်မိလေသည်။

ဤအမှုကို မင်းထီးကိုယ်တိုင် စစ်ဆေးမေးမြန်းသည်။ မင်းထီး က နွားခိုးများကိုမေးသည်။

"သင်တို့သည် အဘယ်သူ၏ သားမြေးကျေးကျွန်တို့ပေနည်း"

နွားခိုးတို့က "ကျွန်တော်မျိုးတို့သည် ဦးရီးတော်အနန္တဘယ၏

ကျေးကျွန်ရင်းများဖြစ်ပါကြောင်း" လျှောက်ထားကြလေသည်။ မင်းထီးလည်း ဦးရိုးတော်ကိုမေးလေ၏။

"နွားခိုးများ လျှောက်တင်သည်မှာ မှန်၏လော"

ဦးရိုးတော်ကလည်း မှန်ကန်ကြောင်း ထွက်ဆိုလေသည်။ အမှုမှာ ဦးရိုးတော်နှင့်သာဆိုင်နေသည်။ သို့အတွက်ကြောင့် ဘုရင်မင်းထီးသည် ရှေးအဆက်ဆက်ပညာရှိမျိုးမှလာသော စစ်တကောင်းမြို့စား ဝိမလအမတ်ကို ဤသို့မေးမြန်းသည်။

"ဤသို့အာဏာကိုဖျက်သူအား ကျမ်းဂန်၌ မည်သို့ရှိသနည်း။ ထီးနန်းမင်းဆက်စီရင်ထုံးဟောင်းနှင့်အညီ လျှောက်တင်ရမည်"

ထိုအခါအမတ်ကြီး ပညာရှိဝိမလက မင်းကျင့်ဝတ်ပကတိတရား (၇)ပါးကို ကိုးကား၍ လျှောက်တင်လေသည်။

မင်းထီးဘုရင်သည် မိမိထုတ်ပြန်ထားသော အမိန့်အာဏာကို ဆန့်ကျင်ထိခိုက်နေသဖြင့် တရားဥပဒေပြဋ္ဌာန်းချက်အတိုင်း ဦးရိုးတော်အနန္တဘယကို လူသတ်လက်သို့အပ်လေသည်။

ဤသင်ခန်းစာ၌ ဘုရင်မင်းထီးသည် မိမိထုတ်ပြန်ထားသည့် ဥပဒေအတိုင်း တိတိကျကျဆောင်ရွက်သည်။ ဦးရိုးတော်အနန္တဘယသည် ဘုရင်မင်းထီးအား မိမိ၏တူငယ်ဟူ၍ လျှော့တွက်ခဲ့သည်။ နွားခိုးသူဌေးအားလည်း ငဲ့ညှာခဲ့သည်။ တံစိုးလက်ဆောင်ကို လက်ခံခဲ့သည်။ ထိုကြောင့် ဦးရိုးတော်အနန္တဘယ သေပြစ်သေဒဏ်ကို ကျခံခဲ့ရသည်။

*

# အခန်း(၆)
# မင်းစောမွန်၏နောင်တ

မင်းစောမွန်သည် လေးမြို့ခေတ်အဆုံး လောင်းကြက်မြို့တွင် နန်းစံခဲ့သော မင်းတစ်ပါးဖြစ်သည်။ သင်္ချသူမင်း၏သားတော်တစ်ပါး လည်းဖြစ်သည်။ မင်းစောမွန်သည် ဖခင်လက်ထက်ကရောက်လာသော ပျူမလွန်စား ရာဇသူ၏သမီး ရွှေဆုံကို တောင်ညာထား၍ ရာဇသူကို ကိုယ်ရံကြီးအမတ် ခန့်အပ်သည်။

မိဖုရားရွှေဆုံ၏ဆွေမျိုးများကို အသီးသီးစားကျေးပေးထားသည်။ ထိုသူတို့သည် ပြည်သူတို့အား မလေးမခန့်ပြုကြသည်။ မင်းစောမွန်သည် အမတ်ဆိုးများနှင့် ပေါင်းသင်းရသောအခါ မင်းကျင့်တရားပျက်လာသည်။

ယင်းကို ယခင် မှူးဟောင်း၊ မတ်ဟောင်းတို့က မင်းစောမွန်၏ညီ သံတွဲစားနရနုထံသွားလျက် -

"အရှင်မင်း၏နောင်တော်ကြီးသည် မင်းကျင့်တရားနှင့်မညီ။ မှူးဆိုးမတ်ဆိုးတို့နှင့် ပေါင်း၍နေသည်။ မကြာမီတိုင်းပြည်ပျက် စီးတော့မည်"

"ငါတို့သာကီဝင်မင်းမျိုးတို့၌ နန်းလုတိုက်ဖျက်သည်ဟူ၍မရှိ အစ်ကိုမှာအဖအရာဖြစ်သည်"ဟုဆိုလေသည်။

ဤကိစ္စကို မင်းစောမွန်ကြားသိသောအခါ ညီတော်အားအထင် လွဲမှားပြီး သံတွဲမြို့သို့စစ်ချီရန်ပြင်သည်။ ရဲမက်ကိုယ်စီ လက်နက်တို့

ကိုစုဆောင်းသည်။ စစ်တိုက်မည်ပြုသောအခါ အသက် (၁၀၀)ရှိနှင့်ပြီ ဖြစ်သော စစ်တကောင်းမြို့စား ပညာရှိဝိမလအမတ်ကြီးက -

"အရှင်မင်းမြတ်. . . ညီတော်၊ သားတော်တို့ကို စစ်မတိုက်သင့်ပါ"ဟူ၍ လျှောက်တင်သည်။ မင်းစောမွန်သည် မင်းရိုးမှန်လျက် သူမိုက်တို့နှင့် ပေါင်းဖော်မိ၍ ပညာရှိဝိမလစကားကိုမနာယူ။ ထို့အပြင် အမတ်ကြီးဝိမလအား ဒေါသဖြစ်ပြီး အပြစ်ပေးသည့်အနေဖြင့် (မာန်အောင်ကျွန်း)သို့ တစ်ကျွန်းပို့လေသည်။

တစ်ခါ မင်းစောမွန် နန်းတက်ပြီးနောက် နှစ်နှစ်အကြာတွင် ဒါးလက်စား အနန္တသိန်၏နှမ စောပုညိုသည် အလွန်တရာအဆင်းလှပသည်။ မင်းစောမွန်က စောပုညိုကို မြင်လျှင်မြင်ချင်း အသည်းစွဲချစ်မိသည်။ လင်ကိုကွာစေပြီး အမွေသိမ်းယူလိုက်လေသည်။

ထိုအခါ ဒါးလက်စား အနန္တသိန်က

"ဤမင်းးကား မင်းဖြစ်ခါစရှိသေးသည်။ ငါတို့မှူးမတ်မျက်နှာကိုမထောက်။ ကာလကြာလျှင် အဘယ်သူကို အားနာအံ့နည်း"ဟူ၍ မှတ်ယူလျက် မြန်မာပြည် အင်းဝမင်းဆွေမည်သော ပထမမင်းခေါင်ထံသို့ စစ်ပန်လေသည်။

အင်းဝမင်းခေါင်လည်း သားတော်မင်းရဲကျော်စွာကို ဗိုလ်မှူးခန့်လျက် စစ်သည်သူရဲ (၃၀၀၀၀)နှင့် စစ်ချီလာပြီး ပြိုင်းတိုင်တောင်ခြေရင်းတွင် တပ်ချသည်။ သည့်နောက် လောင်းကြက်မြို့ကို ဝင်တိုက်ရာ ပညာမဲ့သော စစ်သူကြီးများကလည်း မခုခံနိုင်သဖြင့် မင်းစောမွန်မှာ လောင်းကြက်နန်းကိုစွန့်လျက် အနောက်ဘက် ဘင်္ဂါ(၁၂) မြို့အရပ်သို့ ထွက်ပြေးရလေသည်။

ထိုအချိန်မှစ၍ လောင်းကြက်မြို့သည် မြန်မာတို့လက်အောက်သို့ ကျရောက်လေသည်။ ညီတော်နရနု၏အကြံဖြင့် မွန်များကိုခေါ်ယူပြီး မြန်မာတို့ကို ပြန်တိုက်ခဲ့သည်။ ဤသို့ဖြင့် လောင်းကြက်မြို့ကို မွန်တစ်လှည့် မြန်မာတစ်လှည့် အုပ်ချုပ်ကြရာ (၁၉)နှစ် (၇)လအထိ ကြာမြင့်သွားသည်။

ထို့နောက်တွင် မင်းစောမွန်သည် ဘင်္ဂါမှ စစ်အကူအညီဖြင့်

လောင်းကြက်ထီးနန်းကို ပြန်လည်ရရှိလာခဲ့သည်။ လောင်းကြက်မြို့ကို ပြန်လည်ရရှိလာသည့်အခါ မိမိယခင်က မှားယွင်းခဲ့သော အပြစ်ကို ဝန်ခံလာသည်။

အထူးသဖြင့် အသက်(၁၀၀)ရှိသော ပညာရှိသုခမိန်အမတ်ကြီး စစ်တကောင်းမြို့စား ဝိမလအား တစ်ကျွန်းပို့အပြစ်ပေးခြင်းကိုယူကျုံး မရဖြစ်ခဲ့သည်။ ထိုအခါ ယင်းအမတ်ကြီး၏သား မြကျော်အောင်ကို ခေါ်ယူပြီး သုခမိန်ခန့်သည်။ ကဝိကျော်ဘွဲ့ကိုချီးမြှင့်သည်။ အမတ်ကြီး၏ ဆွေမျိုးတို့ကို စစ်ဆေးလျက် ရာထူးကြီးငယ်ပေးသည်။

အထူးသဖြင့် မင်းစောမွန်သည် လောင်းကြက်နန်း၌ နန်းစံ (၂)နှစ်ရှိပြီးနောက်တွင် မြောက်ဦးမြို့သို့ရွှေ့ပြောင်းသည်။ မြောက်ဦးမြို့ တည်ဖို့အခါ၌ ပညာရှိတို့ထံမှ အဆိုနှစ်ရပ်တက်လာသည်။ ပထမမှာ ကန်လင်္ကာန်စန်းဖြင့် မြို့တည်မူ မင်းစောမွန် အသက်သုံးနှစ်သာရှည်ပြီး မြို့အသက်ကရှည်အံ့၊ မိန်လင်္ကာန်စန်းတွင် မြို့တည်မှ ဘုရင်အသက် ရှည်ပြီး မြို့အသက်တိုအံ့။

ထိုအခါ မင်းစောမွန်သည် မိမိအသက်တိုလျှင်တိုပါစေ၊ မြို့ အသက်ကိုရှည်စေလိုသဖြင့် ၇၉၂-ခု တော်သလင်းလဆန်း ၁ ရက် (တနင်္ဂနွေနေ့)တွင် မြောက်ဦးမြို့တော်ကိုတည်လေသည်။

မင်းစောမွန်သည် ယာယီနန်း၌ စံယင်း (၃)နှစ်အကြာတွင် ရောဂါဝေဒနာပြင်းထန်းစွာ ဖြစ်လာပြီး ကွယ်လွန်အနိစ္စရောက် လေသည်။

မင်းစောမွန်သည် ရှေးကမှားခဲ့သောအမှားကိုနောင်တရသည်။ မိမိအမှားကိုပြန်ပြုပြင်သည်။ မိမိအမှားကိုဝန်ခံသည်။ ပညာရှိစကားကို နာခံလာသည်။ မင်းကျင့်တရားနှင့်ညီလာသည်။ ပညာရှိလာသဖြင့် အမှားကိုဝန်ခံလာသည်။ ပညာမဲ့တို့ကားမိမိအမှားကို ဖုံးကွယ်ရန် ကြိုးစားသည်။

ထို့ကြောင့် ရခိုင်ရာဇဝင်ထဲက မင်းစောမွန်၏ဘဝပြောင်းအလဲ သည် နောင်တရစရာ၊ အတုယူစရာဘဝသင်ခန်းစာတစ်ခုပေတည်း။

*

# အခန်း(၇)
# လမ်းကောင်းမှန်ကိုရောက်လာသော မင်းခမောင်း

မင်းရာဇာကြီးသည် ရခိုင်သက္ကရာဇ် ၉၁၁ ခု ဝါဆိုလဆန်း (၆)ရက်နေ့တွင် ဖခင်၏ထီးမွေနန်းမွေကိုဆက်ခံပြီး ရခိုင်ပြည်ကိုအုပ်ချုပ်လေသည်။ သားတော် မင်းခမောင်းကို အိမ်ရှေ့မင်းသားအရာကို ပေးသည်။

ရခိုင်သက္ကရာဇ် (၉၁၉) ခုနှစ်သို့ ရောက်လတ်သောအခါ တောင်ငူမင်း သီဟသူသည် ဟံသာဝတီပဲခူး နန္ဒမင်းကို လုပ်ကြံလိုသဖြင့် ရခိုင်ဘုရင် မင်းရာဇာကြီးထံ စစ်ကူးတောင်းသည်။

မဟာပညာကျော်က ထောက်ခံမဲပေးခဲ့သဖြင့် မင်းရာဇာကြီး သည် ပဲခူးသို့ စစ်တိုက်ရန် ပြင်ဆင်လေတော့သည်။

ဤစစ်ပွဲ၌ သားတော် မင်းခမောင်းသည် စိန်တင်စား ဥက္ကာပျံနှင့် သူ့ရဲ (၅၀၀၀၀)ကို ဦးဆောင်ကာ မော်တင်ကိုလှည့်၍ သံလျင်မြို့သို့စစ်ချီကြလေသည်။ စစ်ချီခြင်းကို ရခိုင်သက္ကရာဇ် ၉၆၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း (၁၁)ရက်နေ့က စခဲ့လေသည်။ စစ်ပွဲ၌ အောင်မြင်သဖြင့် မင်းရာဇာကြီးတပ်သည် သက္ကရာဇ် (၉၆၃)ခုနှစ်တွင် ရခိုင်ပြည်သို့ ပြန်လာခဲ့သည်။

စစ်ပွဲကာလအတွင်း သံလျင်သို့ စစ်ချီရာ၌ ငအင်္ဂါကို သဘော်ဆိပ်နှင့်တကွ သံလျင်မြို့ကို စားကျေးပေးခဲ့သည်။ ရခိုင်ပြည်ကိုပြန်လာစဉ်က သံလျင်မြို့စား ငအင်္ဂါကို မင်းကြီးက ခေါ်တော်မူရာ မလိုက်လာဘဲနေချေသောကြောင့် သားတော်အိမ်ရှေ့မင်းကို ချီတက်တိုက်ခိုက်စေသည်။ အိမ်ရှေ့မင်းခမောင်းလည်း ပေါ့လျော့စွာ စစ်ချီသွားရာ ဟိုင်းကြီးကျွန်းသို့ တပ်ချမည်ဟု ဝင်သည်။ အကြံရှိနေသော ငအင်္ဂါက ညဥ့်အခါ စီးနင်းတိုက်လေရာ အိမ်ရှေ့မင်းခမောင်းကို ငအင်္ဂါ ဖမ်းရသွားလေသည်။

မင်းခမောင်းသည် စစ်တိုက်ရာ၌ ရဲရင့်သော်လည်း ပေါ့ပေါ့ဆဆ ပညာနည်းပါး၍ ခံလိုက်ရသည်။ နောက် ပညာရှိ ပညာဝံသ (ကျီးညို)၏ အစီအစဉ်လျှောက်ထားမှုကြောင့် အသက်ဘေးမှ လွတ်မြောက်လာခဲ့လေသည်။

တစ်ခါ. . . ရခိုင်သက္ကရာဇ် (၉၆၇)ခုနှစ်သို့ရောက်သောအခါ သားတော် အိမ်ရှေ့မင်း မင်းခမောင်းသည် ဘေးတော်ကောင်းမှု ဆံတော်၊ အံတော်၊ နံတော် ဘုရားသုံးဆူကို အဖူးအမြော်သွားလိုကြောင်း ခမည်းတော်ထံလျှောက်သည်။

ခမည်းတော်က ခွင့်ပေးတော်မူ၍ သံတွဲသို့သွားလေသည်။ သံတွဲမြို့သို့ရောက်သောကာလ ဘုရားသချီ တလိုင်းခေါင်းဆောင်ကျွန်၊ ကုလားခေါင်း အင်ရှာ၊ မတူလာ၊ နောပ်၊ ကချီ။ ထိုငါးယောက်က -

“မင်းသား၏ခမည်းတော်သည် အသက်ကြီးရင့်လေပြီ။ သားတော်၊ သမီးတော်လည်း များစွာရှိကုန်သည်။ မင်းကြီးအား ရဟန်းဝတ်ထားလျက် မင်းသားကိုယ်တိုင် နန်းတက်လျှင် ကောင်းလေစွ”

ဟု လျှောက်တင်ကြသည်။

ယင်းကို ပညာနည်းသော မင်းသား မင်းခမောင်းက အဟုတ်ဟု မှတ်ထင်လျက် သံတွဲမှ ဘုရားသ၌ီ ငါးထောင်ကို သူရဲအစိမ့်ဖွဲ့သည်။ ပြီးလျှင် ခမည်းတော် ထီးနန်းကို သိမ်းယူရန် သံတွဲမှ မြောက်ဦးသို့ စစ်ချီလာသည်။

ဤအကြောင်းကို မင်းရာဇာကြီး သိသောအခါ ကြည်းတပ်၊ ရေတပ်၊ သူရဲလက်နက်အပြည့်ဖြင့် ငါးစင်ရိုင်းချောင်းကျွန်း ဘားမြို့က ဆီးဆို့တိုက်ခိုက်စေသည်။ ထိုတိုက်ပွဲ၌ သားတော် မင်းခမောင်းကို လက်ရ ဖမ်းဆီးရမိသည်။ မင်းကြီးက သားတော်အား အပြစ်ပေးရန် အမတ်ပညာ ရှိ ပညာဝံသထံ မေးရာ အမတ်ကြီးက (ဘုရားလောင်းဆင်မင်း အရံတစ် ထောင်နှင့်နေသောကာလ)ဇာတ်ဝတ္ထုကို ကိုးကား၍ လျှောက်တင်သည်။

မင်းသားမင်းခမောင်းသည် အမတ်ကြီး ပညာဝံသ၏အလျှောက် ကောင်းမှုကြောင့် အသက်ဘေးမှ ချမ်းသာရာရခဲ့သည်။ မင်းရာဇာကြီး သည် သားတော်အား ဆုံးမပဲ့ပြင် လူလိမ္မာဖြစ်စေရန် အမတ်ကြီးထံ အပ်နှံ လိုက်လေသည်။

အမတ်ကြီး၏သွန်သင်မှုကြောင့် တဖြည်းဖြည်း သူဘော်ကောင်း ဖြစ်လာသည်။ နောင်၌ ဖခမည်းတော်ကွယ်လွန်သောအခါ နန်းမွေကို မင်းခမောင်းအား လွှဲအပ်ခဲ့သည်။

မင်းခမောင်းသည် ပညာရည်ပြည့်ဝသော မင်းတစ်ပါးဖြစ်လာခဲ့ သည်။ ရခိုင်သက္ကရာဇ် (၉၇၇)တွင် ပေါ်တူဂီ (ဗိုလ်ဆီဗက်တီ ယိုဂွန်ဇလစ် တီဗာအို)ဆိုသူသည် စစ်သင်္ဘောကြီး (၁၅)စီးဖြင့် မြောက်ဦးမြို့ကို သိမ်း ယူရန် ဦးရာဇ်တောင်အနီးသို့ ရောက်လာသည်။

ယင်းကို ဘုရင်မင်းခမောင်းသည် မိမိရေတပ်နှင့် ပေါ်တူဂီတို့ စခန်းချရာ စစ်တကောင်းအနောက်ဘက်ရှိ သောင်းတီးကျွန်းတိုင်အောင် မင်းထုတ်နိုင်ခဲ့သည်။ ထိုအချိန်က မအောင်မြင်ခဲ့ပါက ရခိုင်တို့သည် ပေါ်တူဂီလက်အောက်သို့ ရောက်ရှိသွားနိုင်သည်။

ဤသခန်းစာ၌ မင်းခမောင်း ငယ်စဉ်မင်းသားဘဝက ပေါ့ပေါ့

တန်တန် ပညာရည်မပြည့်ဝသဖြင့် ဒေဂါထံ အဖမ်းခံခဲ့ရသည်။ ယင်းမှ ပညာရှိ ပညာဝံသ (ကျိုးညို)၏အစီစဉ်ကောင်းမှုကြောင့် အသက်ချမ်းသာ ရခဲ့သည်။ နောက်တစ်ခါ ကုလားသချီလှည့်ပတ်စကားကိုယုံ၍ ဖခင်နန်းကို လုယူရန်ကြိုးပမ်းခဲ့သည်။ ဖခင်က အပြစ်ပေးမည်ရှိသော အမတ်ကြီး ပညာရှိ ပညာဝံသ၏အလျှောက်ကောင်းမှုကြောင့် အသက်ချမ်းသာရခဲ့ သည်။

ထို့ကြောင့် မင်းခမောင်းသည် ပညာရှိသူတော်ကောင်း သုခမိန် ပညာဝံသ၏သွန်သင်ဆုံးမမှုအောက်တွင် ရှိနေခဲ့၍ နောင်တွင် နှလုံးရည်၊ လက်ရုံးရည်ပြည့်ဝသော မြောက်ဦးခေတ်တွင် ထူးချွန်သည့်မင်းတစ်ပါး ဖြစ်ခဲ့လေသည်။

*

## အခန်း(၈)

# ကျွန်စကားကိုယုံ၍ မင်းသားငယ် မိုက်မဲခြင်း

လောင်းကြက်မြို့ထီးနန်းသည် မင်းစောမွန်လက်ထက်၌ ဆုံးရှုံးခဲ့ရသည်။ အင်းဝမင်းဆွေက လောင်းကြက်ထီးနန်းကိုလာရောက်တိုက်ခိုက်သဖြင့် ဘုရင်မင်းစောမွန်မှာ ခုခံအင်အားမရှိ၍နန်းကို စွန့်လွှတ်ကာ ဘင်္ဂါ (၁၂)မြို့သို့ ပြေးခဲ့ရသည်။

ဤသို့ဖြင့် လောင်းကြက်ထီးနန်းကိုစွန့်ခွာခဲ့ရသော မင်းစောမွန်မှာ ဘင်္ဂါ (၁၂)မြို့၌ စစ်ပြေးဘဝဖြင့် နှစ်ပေါင်းနှစ်ဆယ်ခန့် ကြာညောင်းခဲ့သည်။ ထိုအချိန်ကာလတွင် လောင်းကြက်နန်းကို မြန်မာတစ်လှည့် မွန်တစ်လှည့် အုပ်ချုပ်နေကြသည်။

အထူးသဖြင့် ရခိုင်ပြည်တောင်ပိုင်းသံတွဲမြို့၌လည်း အုပ်ချုပ်ရေးပျက်ပြားခဲ့သည်။ အရှေ့ပြည်သုံးရွာစားသည် သံတွဲမြို့ကို တည်ထောင်အုပ်ချုပ်မင်းလုပ်လျက်ရှိနေခဲ့သည်။ ထိုသုံးရွာစားသံတွဲမင်း ကွယ်လွန်သောအခါ၌ စောယင်မိဟူသော မိဖုရားသည် သံတွဲမင်း၏ထီးမွေနန်းမွေကိုဆက်ခံ၍ အုပ်ချုပ်သည်။

စောယင်မိ မိဖုရား၌ စောရန္တမိတ်ဟူသောသားတော်ကြီးတစ်ပါးနှင့် အဘယမင်းရဲဟူသော သားတော်ငယ်တစ်ပါးရှိသည်။ မိဖုရားစောယင်မိသည် သားကြီးသားငယ်တို့အား လက်ယာဝဲထားလျက်သံတွဲမြို့ကိုအုပ်ချုပ်နေသည်။

တစ်နေ့သောအခါ သားကြီးစောရန္တမိတ်၏ကျေးကျွန်တို့က -

"အရှင်မင်းသား. . . အရှင်၏မယ်တော်သည် အရှင်မင်းသားအား မင်းပြုစေရန်ဆန္ဒမရှိပါ။ အရှင်မင်းသား၏ညီတော် ဘယမင်းရဲကိုသာ မင်းပြုစေရန်ဆန္ဒရှိပါသည်" ဟူ၍ လျှောက်တင်ကြသည်။

အစကတော့ သားကြီးစောရန္တမိတ်က ကျေးကျွန်တို့၏စကားကိုအယုံအကြည်မရှိပယ်ချခဲ့သည်။ နောက် ပြောဖန်လျှောက်တင်ဖန်များလာသည့်အခါ မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့်ညီငယ်ကို သံသယဝင်လာသည်။ သို့မို့ကြောင့် မင်သားစောရန္တမိတ်သည် တစ်နေ့တွင် ကျေးကျွန်တို့အား ကြက်ပွဲကစားနေရာမှ ညီငယ်ကို အခေါ်ခိုင်းသည်။

ညီငယ်အဘယမင်းရဲသည် အစ်ကိုထံသို့ စိုက်စိုက်မတ်မတ်ရောက်လာပြီး ရှေ့မှောက်၌ ခစားသည်။ ရှိခိုးအံ့ လက်အုပ်ချီသောအခါ နောင်တော်အစ်ကို စောရန္တမိတ်က ညီငယ်ကို ဓားဖြင့် တအားလွှဲ၍ ခုတ်လိုက်သည်။ ထိုအခါ ညီငယ် ဘယမင်းရဲ၏ လက်နှစ်ဖက်စုံမှာ ပြတ်ထွက်သွားပြီး သွေးအိုင်ထဲ၌ မှောက်လဲ၍ လူးလွန့်နေသည်။

ဤအကြောင်းကို မိဖုရားမယ်တော်ထံသို့ တစ်ဦးက သွားရောက်ပြီး သတော်ဦးတင်လျှောက်ထားလေသည်။ မယ်တော်သည် ရေချိုးခန်းထဲက ဝတ်လဲတော်ကိုမလဲနိုင်ဘဲ ဝတ်လဲစိုရွှဲရွှဲဖြင့် သားငယ်ထံ ပြေးလာသည်။

မိဖုရားကြီးသည် သွေးအိုင်ထဲ၌ လူးလွန်းနေရှာသော သားငယ်ကိုပွေ့ဖက်ရင်း ချုံးပွဲချငိုကြွေးတော့သည်။ ခန္ဓာကိုယ်တစ်ခုလုံးသည်လည်း တုန်ရီနေသည်။ သားကြီးစောရန္တမိတ်အပေါ်တွင် ပြင်းစွာအမျက်ထွက်၍ ယူကျုံးမရဖြစ်နေသည်။

ယင်းနောက်ပိုင်းတွင် မိဖုရားကြီး စောယင်မိသည် မြောက်ဦးဘုရင် အလီခင်မင်းထံသို့ သဝဏ်လွှာလက်ဆောင်ရေးဖွဲ့လျက်ပေးပို့လေသည်။

ဤအဖြစ်အပျက်သည် ကျွန်စကားကို ယုံကြည်၍ ညီငယ်အရင်းကိုမှ နန်းလုရန်စိုးရိမ်၍ ခုတ်ဖြတ်ခြင်းဖြစ်သည်။ သားကြီးစောရန္တမိတ်သည် အကျိုးအကြောင်း ယုံသင့်မယုံသင့်ကိုသိမြင်တတ်သူမဟုတ်၊ ပညာဉာဏ်နည်းပါး၍ မိုက်မဲခြင်းဖြစ်သည်။ ဘဝသင်ခန်းစာတစ်ရပ်ယူသင့်သည်။

*

# အခန်း (၉)
# မိစ္ဆာအကျင့် ဂဇာပတိမင်း

ပထမမြောက်ဦးခေတ် မင်းရာဇာကွယ်လွန်သောအခါ၌ ယင်း၏ သားတော်ဂဇာပတိသည် မင်းဖြစ်လာသည်။ ဤမင်းသည် မျောက်သား တော် စောသူဇာနှင့် နန်းတက်သည်။ ဤဂဇာပတိမင်း၌ မိဖုရား နှစ်ယောက်ရှိသည်။

ဤမင်းကား အရောင်အဆင်းနှင့်ပြည့်စုံသည် သာသနာတော် ကိုလည်း ရိုသေစွာချီးမြှင့်ပေးသည်။ အသက် (၁၆)နှစ်အရွယ် နန်းတက်ခြင်းဖြစ်လေသည်။

ဤမင်း၌ အားနည်းချက်က ကျေးတော် ကျွန်တော်တို့သည် အတတ်အလိမ္မာမရှိကြ။ မိုက်ရိုင်းစော်ကားလျက် မင်းဆွေမင်းမျိုး မှူးမတ် နှင့်တကွ ပြည်သူတို့ကို မရိုသေမလေးမခန့်ပြုကြသည်။ ထို့အပြင် ကလူ ညှဉ်းပန်းခြင်းလည်းပြုကြသည်။ ဤမင်းသည် နုငယ်သည်ဖြစ်၍ တိုင်းရေး ပြည်မှု၌ထောက်ထားစီရင်ခြင်းမပြုတတ်ပေ။ ကျေးတော်ကျွန်တော် တို့ကိုလည်း မဆုံးမ၊ မပဲ့ပြင်၊ မတားမြစ်သောကြောင့် မင်းဆွေ မင်းမျိုး မှူးမတ်စသော ပြည်သူတို့သည် နှလုံးနာကြသည်။ ကျေးကျွန်မကောင်း သဖြင့် ဘုရင့်ပေါ် အပြစ်မြင်ကြသည်။ ဘုရင်အား ပုန်ကန်ရန်အခွင့်ကို လည်း စောင့်စားနေကြသည်။

ရခိုင်သက္ကရာဇ် (၈၇၇) ခုနှစ်တွင် အနောက်ဘက်၌ဆူပူမှုဖြစ်၍ မှူးမတ်စစ်သူကြီးတို့ကို စစ်တိုက်ရန်စေလွှတ်သည်။ မှူးမတ်စစ်သူကြီးတို့ နန်းတော်မှ ခွါ၍စစ်ချီစစ်တိုက်သွားကြစဉ် ဂဇာပတိမင်းသည် မှူးမတ်စစ်သူကြီးတို့၏သားမယားတို့ကို ခေါ်ယူသည်။ မင်းကြီးထံအိပ်ဖန်တက်ရသည်။

ထိုအချိန်၌ မှူးကြီး မတ်ကြီး စစ်သူကြီးများ၏ သားမယားတို့က (ကျွန်တော်မတို့သည် မင်းကြီးမယားဖြစ်ကြပါပြီ)ဟူ၍ စာရေးလျက် လင်ယောကျ်ားများထံ အသီးသီးစာပို့ကြသည်။

ဤအကြောင်းကို သိရသောအခါ မှူးမတ်စစ်သူကြီးတို့က မယူမြစ်၌ စုဝေးတိုင်ပင်ကာ ဘုရင်အား ပုန်ကန်ရန်ကြံစည်နေကြသည်။ ဤအကြောင်းကို ဂဇာပတိမင်းကြားရသောအခါ အမျက်ထောင်းထောင်းထ၍ နန်းတော်မှစစ်သူကြီးများကို စေလွှတ်သည်။ ထိုမှူးမတ်တို့ကို ဖမ်းပြီး သံခြေချင်းခတ်၍ယူစေရန် အမိန့်ချသည်။

သံခြေချင်းခတ်၍ယူလာသဖြင့် မယူမြစ်မှ စစ်သူကြီးမှူးမတ်တို့သည် မြောက်ဦးမြို့တော်သို့ရောက်လာသည်။ ထိုအခါ အမတ်ကြီးလေးဦးက စုဝေးတိုင်ပင်ပြီး နန်းတော်သို့ ရုတ်တရက်ဝင်ရောက်ကာ ဘုရင်အား တိုက်ခိုက်ကြလေသည်။ ဂဇာပတိမင်းသည် နန်းတော်အနောက်ဘက်တံခါးမှထွက်ပြေး၍ ဈေးသည်မအိမ်တွင်း ဒုက္ကာန်ထဲဝယ် ပုန်းနေလေသည်။

ထိုအကြောင်းကို ထောင်မှူးဇုန္တာတ် သိလေလျှင် နောက်မှလိုက်လေသည်။ အိမ်ဝက ရပ်ပြီးလျှင် -

"ပရဒါရ. . . သူ့မယားတို့၌ မိစ္ဆာအကျင့်ကိုကျင့်သော မင်းယုတ်၊ ဒုက္ကာန်ထဲဝင်၍ သူ့မယားကိုပြစ်မှားမည်ကြံသလော၊ အလျင်အမြန်ထွက်လာခဲ့"ဟူ၍ စိန်ခေါ်လေသည်။ ဂဇာပတိမင်းသည် ကြောက်လန့်သည်ဖြစ်၍

"အမောင်ဇုန္တာတ် ငါ့ကိုသတ်ရန်ကြံသလော"ဟူ၍မေးသည်ရှိသော် စစ်သူကြီးဇုန္တာတ်က ကြမ်းတမ်းခက်ထန်သောစကားကို ဆိုသည်။

မင်းကြီးလည်း အလွန်တရာကြောက်လန့်လာ၍. . .

"အမောင် ဇုန္တာတ် ငါ့အား မကွပ်မျက်ပါနှင့်၊ နန်းကချ၍ ကြိုက်သူကိုသာ နန်းတင်ပါ" ဟူ၍ တောင်းပန်နေသည်။

ဇုန္တာတ်က "မသတ်၊ ထွက်လာခဲ့"ဆိုသဖြင့် ဂဇာပတိမင်း အိမ်ထဲမှ ထွက်လာလျှင် ဇုန္တာတ်စစ်သူကြီးသည် ခေါင်းကိုဖြတ်၍ သတ်ပစ်လေသည်။ ခေါင်းတော်ကို အမတ်ကြီးလေးဦးထံ ဆက်သလေသည်။

သူ့သားသူ့မယားကို မိစ္ဆာအကျင့်ကျင့်ကြံသောကြောင့် ထီးနန်းကိုစွန့်လွှတ်ရသည်သာမက အသက်ခန္ဓာပါပျက်စီးရခြင်းကို သံဝေဂယူသင့်သည့် သင်ခန်းစာတစ်ရပ်ဖြစ်လေသည်။

*

## အခန်း (၁၀)

# တပင်ရွှေထီးကို ဆုံးမအောင်မြင်ခြင်း

ဘဝရှင်မင်းဗာကြီးသည် သီရိသူရိယ စန္ဒမဟာဓမ္မရာဇာဘွဲ့ အမည်ကိုခံယူလျက် ရခိုင်သက္ကရာဇ် (၈၉၃) ခုနှစ်တွင် နန်းတက်လေသည်။ ညီတော်မင်းအောင်လှကို သံတွဲစားအရာမှနုတ်၍ သားတော် ဥပရာဇာကို မြေးတော်နှင့် ထိမ်းမြားလျက် သံတွဲမြို့စားအရာကို ပေးလေသည်။

ထိုသောအခါ သံတွဲစား ညီတော် မင်းအောင်လှသည် မကျေမနပ်ဖြစ်လာသည်။ မင်းအောင်လှသည် တောင်ငူနှင့် ဟံသာဝတီပြည်ကိုအစိုးရသော မင်းတရားရွှေထီးထံသွား၍ မြောက်ဦးမြို့ကို ချီတက်သိမ်းပိုက်ရန် စစ်ပန်လေသည်။

ယင်းသောအခါ မင်းတရားရွှေထီးက ယောက်ဖတော် ဘုရင့်နောင်ကျော်ထင်နော်ရထာကို တပ်ဦးက ထားပြီးလျှင် ရခိုင်သက္ကရာဇ် (၉၀၈) ခုနှစ်တွင် မြောက်ဦးမြို့သို့စစ်ချီလာသည်။

စစ်ချီလာကြောင်း မင်းဗာဘုရင်ကြားသိရသောအခါ မြို့တွင်း၌ ကိုယ်ရံသူရဲပေါင်းငါးသောင်းကို လက်နက်နှင့်အစောင့်ထားသည်။ ပြီးမှ အမတ်ကိုယ်ရံတော်ကြီးဓါးပိုင်ကြီးတို့အား သူရဲတစ်သိန်း၊ ကိုယ်ရံ ငါးသောင်းပေး၍ လက်နက်အစုံနှင့် မြေငူကျွန်း၊ ရာမောင်ကျွန်းတို့တွင် တပ်ချထားသည်။

သားတော် စိုင်းတင်မြို့စား ချစ်နှောင်းကိုလည်း မြို၊ သက်၊ လင်းကဲ၊ ချောင်းသား၊ ခွေးမွေး၊ လေးတူ၊ ထဲခွ၊ ကတူးစသော လူမျိုးစုံတို့နှင့် မြေငူကျွန်း၊ ရာမောင်ကျွန်းတို့တွင် တပ်ချထားသည်။

သားတော်အိမ်ရှေ့ဥပရာဇာ (မင်းတိက္ခာ)ကိုလည်း ဘင်္ဂါ (၁၂) မြို့က ကုလားသဘော်ာ (၃၅) စင်းဖြင့် မော်တင်က အစောင့်ထားသည်။ ယင်းသို့အသီးသီးခန့်တော်မူပြီးမှဆင့်ဆိုတော်မူသည်မှာ -

"တောင်ငူမင်းတရားရွှေထီးလာလျှင် ရှေ့ကဆီးဆို့၍မတိုက်နှင့်။ ချီလာ၍ မြို့တော်နားသို့ရောက်မှသာ နောက်မှပိတ်ဆို့၍တိုက်စေ။ ရိက္ခာ မရှာစေရ တိုက်ဖျက်ရမည်"

ရွှေထီးသည် သက္ကရာဇ် (၉၀၈) ခုနှစ်တွင် လောင်းကြက်မြို့ဟောင်း၌ တပ်ချသည်။ ထို့နောက် မြောက်ဦးသို့ဝင်တိုက်သည်။ ရခိုင်ဘက်မှ မီးပေါက်ပြောင်း၊ လေးမြားတို့ဖြင့်ပစ်ကြသည်။ ရွှေထီးဘက်မှ အသေအပျောက်များကြသည်။

ရခိုင်အမတ်ကြီးနှစ်ယောက်ဦးဆောင်သော တပ်ဖွဲ့က နောက်မှပိတ်၍ တိုက်သည်။ သားတော်မင်းဖလောင်းသည် ရွှေထီးတပ် ရိက္ခာ မရစေရန် အရှေ့တောင်စဉ်မြို့ရွာများကိုဝင်၍ အိမ်နှင့်ဆန် စပါးများကို မီးတိုက်ဖျက်ဆီးပစ်သည်။

ထိုအခါရွှေထီးတပ်သည် အကြပ်ရိုက်စစ်ရှုံးနိမ့်လာသဖြင့် စစ်ပြေငြိမ်းရန် ယောက်ဖတော်အား မင်းဗာကြီးထံ လွှတ်လေသည်။ မင်းဗာကြီး

က အတွေ့မခံ။ ပြည်စိုးကြီးဓမ္မဇေယျကိုသာလွှတ်၍ မေးမြန်းစွေးကြသည်။ ဓမ္မဇေယျက -

"အကယ်၍ အကျင့်မရှိ၊ အမျိုးမစောင့်သော မင်းယုတ်သည် တိုင်းပြည်ကိုစိုးမိုးအံ့။ ထိုမင်းအား အမတ်ကောင်းတို့သည် မမှား မယွင်းရအောင် တည့်မတ်ပေးရမည်။ အသက်မငဲ့ လျှောက်တင်ရမည်။ မင်းနှင့်အမတ်ဆိုးလျှင် သံဃာတော်တို့က ကျိုးကြောင်းပြ၍ ဟောပြော ဆုံးမရမည်"ဟူ၍ ဘုရင့်နောင်ကျော်တင်နော်ရထာကို ပြောဆိုလေသည်။

နောက်တစ်နေ့မှ မင်းဗာကြီးသည် ဘုရင့်နောင်ကျော်ထင် နော်ရထာကို အတွေ့ခံလသည်။ မင်းဗာကြီးက -

"ရေမရှိသောကန်၊ ဆန်မရှိသောစပါး၊ တရားမရှိသောမင်း၊ ကောင်းဆိုမသိသောမီး၊ ခရီးရောက်သွား၍ကြွက်ကိုစားသောမြွေ ဤသတ္တဝါငါးပါးသည် ပဋ္ဌဘုတ်မည်သည်။ သူတော်ကောင်းကို့မမှီအပ်" အမတ်ကြီးသုခမိန်ပညာရှိပညာကျော်ကလည်း-

"လက်ရုံးအားကို အလိုရှိသောမင်းသည် ရန်ပိုသည်။ ထိုပြည်သူ တို့မှာလည်း လက်ရုံးမာနကြီးခြင်းကြောင့် စည်းစိမ်မရှုည်။ ရန်သူငါးပါး ဆက်ဆံများသည်။ နှလုံးရည်အားကို အလိုရှိသောမင်း၏တိုင်းပြည်သည် အပူသောကင်းပေသည်"

တောင်ငူမင်းတရားရွှေထီးသည် အလွန်အကြိုက်တော်မူ၍ ပညာရှိသုခမိန်ပညာကျော်အား ရွှေသပြာ (၁၀၀) ငွေသပြာ(၁၀၀၀) ဆုချလေသည်။ မင်းတရားရွှေထီးသည် တရားရ၍ တရားတော်ကို နှလုံးပိုက်ကာ ရခိုင်ဓညဝတီပြည်မှဟံသာဝတီနေပြည်တော်သို့ ပြန်သွား လေသည်။

*

# အခန်း (၁၁)
# ပညာမဲ့ ငအေဂါကို အောင်နိုင်ခြင်း

မင်းဗာဘုရင်သည် အင်္ဂါ (၁၂)မြို့သို့ ပြန်လည်သိမ်းယူခဲ့စဉ်က စစ်ချီတိုက်ခိုက်ခဲ့ရာစစ်အောင်မြင်ခဲ့သည်။ စစ်ရှုံးသောသူရတန်မင်း ဟူမာယွန်သည် ပဒေသရာဇ်စံနစ်တို့၏ ထုံးစံအရသမီးတော် ပဲသီတာကို ဆက်သခဲ့ရသည်။

မင်းဗာဘုရင်သည် အသက် (၁၇)နှစ်အရွယ်ရှိသော ပဲသီတာ ကုလားမင်းသမီးကိုလက်ခံပြီး မြောက်ဦးနန်းတော်သို့မသွင်းဘဲ ပဲစိနန်း ကျွန်း၌ နန်းဆောက်၍နေစေသည်။ ကုလားမင်းသမီး ပဲသီတာ၌ သား တော်တစ်ပါးဖွားမြင်တော်မူခဲ့ရာ (ငအေဂါ)ဟူ၍ အမည်ရလေသည်။

ကြီးပြင်းလာသော် (ငအေဂါ)ကို ကုလားဆိုင်ရာမြို့ကိုပေး၍ မိခင်ပဲသီတာနှင့်တကွမောက်သူဇာမြို့တွင် ကြီးစွာသောတိုက်အိမ်နှင့် ထားတော်မူလေသည်။ မောက်သူဇာမြို့တွင်လည်း လက်ယာစစ်ကဲအမတ် မနုဟာကိုသူရဲ (၅၀၀၀၀)နှင့် အစောင့်ချထားသည်။ ရခိုင်ပြည် အနောက်ဘက်အဆုံးနယ်ခြားမှတ်တိုင်စိုက်ထူခဲ့သည်။

ထိုငအေဂါသည် ပညာမဲ့သူဖြစ်သည်။ နှလုံးရည်လုံးဝမရှိဘဲ လက်ရုံးရည်တစ်ခုတည်းသာရှိသည်။ မင်းဗာကြီး၏မြေး မင်းရာဇာ

ကြီးလက်ထက် ပဲခူးသို့စစ်ချီရန် စီစဉ်လေသည်။ ထိုသောအခါ အမတ်ပညာရှိစစ်တကောင်းစားပညာဝံသက. . .

"အရှင်မင်းမြတ်. . . သားတော်သည် ရန်သူ့လက်ထဲသို့ကျရောက်နေပါသည်။ စစ်ပြု၍ ငအဂ်ါကိုဖမ်းသည်ရှိသော် သားတော်ကို . . . အရှင်ရမည်မဟုတ်ပါ။ သူငယ်တို့ တပေါင်ဆိုကြသည်မှာလည်း ကျောက်သလင်းဖြူဆွဲဆွဲ၊ ရေတွင်ကျ၊ ရှာလို့မရ မိုးကိုးလ"

"သားတော်သည် ကျောက်သလင်းဖြူနှင့်တူသောအမျိုးဖြစ်ပါသည်။ ကိုးလ ရန်သူ့လက်ထဲ၌ရှိနေပါမည်။ သူမိုက်ကိုနိုင်လိုသော် ဖျားယောင်းရသည်။"

"ငအဂ်ါသည် အကျိုးအပြစ်ကိုသိသူမဟုတ်ပါ။ လူမိုက်လက္ခဏာဝင်၊ အနိမ့်အမြင့်ကိုလည်းမကျွမ်း၊ ထုံးတမ်းကိုလည်းနားမလည်၊ လိမ္မာရေးခြားရှိသောအမတ်ကိုလွှတ်၍ ငအဂ်ါကိုလှည့်ဖျားလျှင် သားတော်နှင့်တကွ ငအဂ်ါသည် မင်းကြီး၏ခြေတော်ရင်းသို့ရောက်ရှိပါမည်"

မင်းရာဇာကြီးကလည်း အမတ်ပညာရှိစကားကိုလက်ခံပြီး အရေးကိစ္စ၌ လိမ္မာကျွမ်းကျင်သော ကံသာမြို့စားအမတ်ကြီး ဒုတွင်းသုံးဇေယျဗိုလ်ကိုလွှတ်စေသည်။ ငအဂ်ါကိုလက်ဆောင်များနှင့် သားတော်အိမ်ရှေ့မင်းခမောင်းကိုဖမ်းဆီးတော်မူကြောင်း ကြားသိတော်မူ၍ ပြည့်ရှင်မင်းကြီးက စေလွှတ်လိုက်ပါသည်။ လက်ဆောင်များကိုယူပါ။ ကိုယ်တော်ကိုအိမ်ရှေ့မင်းမင်းခမောင်းနှင့်တကွလိုက်တော်မူပါမည့်အကြောင်းကိုဇေယျဗိုလ်က ဖျားယောင်းလှည့်ပတ်ပြောဆိုသည်။ ငအဂ်ါသည် အကျိုးအပြစ်ကိုမသိသူဖြစ်၍ အိမ်ရှေ့မင်းနှင့်တကွလိုက်လာလျှင် မင်းရာဇာကြီးသည် အပြစ်မယူ။ ဘေးမဲ့ချမ်းသာပေးတော်မူသည်၊ ထို့နောက် ငအဂ်ါလည်း သံလျင်မြို့သို့ ပြန်သွားလေသည်။

ထို့ကြောင့် သူမိုက်တို့ကို အောင်နိုင်လိုသော် ဖျားယောင်းရသည် ဟူသော ဘဝသခ်ၤန်းစာတစ်ရပ်ဖြစ်လေသည်။

*

# အခန်း (၁၂)
# မိုက်မဲသော မင်းရန်အောင်နှင့် သစ္စာရှိသော သီဟပါ

မင်းစောမွန်သည် မြောက်ဦးမြို့နှင့် မြောက်ဦးထီးနန်းကိုစ၍ တည်သည်။ ဤမင်းမှစဉ်ဆက်၍ (၆)ဆက်မြောက်တွင် မင်းရန်အောင် နန်းတက်သည်။ မင်းရန်အောင်မှာ နန်းဆက်လေးဆက်မြောက် မင်းဒေါလျာ၏ သားတော်အရင်းတစ်ပါးဖြစ်သည်။

မင်းဒေါလျာ ကွယ်လွန်သောအခါ၌ ထီးမွေနန်းမွေကို သားတော် မင်းရန်အောင်က မရရှိဘဲ ယင်း၏ပထွေးတော် ဘစောမင်းညိုက သာလျှင်ရရှိခဲ့သည်။ ဘစောမင်းညို ထီးနန်းစံနေချိန်တွင် တပ်သား ငဆွေဆိုသူက ပုန်ကန်သည်။ ဘစောမင်းညိုလည်း ငဆွေ လက်ချက်ဖြင့် ကွယ်လွန်လေသည်။

မှူးမတ်၊ စစ်သူကြီးတို့က ငဆွေကို ဖမ်းယူပြီး သတ်ဖြတ်ကာ ရေတွင်မျှောချလိုက်သည်။ ထိုနေရာတွင် မှူးမတ်တို့သည် ရှေးက မင်းဒေါလျာ၏သား မင်းရန်အောင်ကိုခေါ်ယူလျက် နန်းတင်ပေးကြသည်။ နန်းတင်ပေးသည်ဆိုချေသော်လည်း မင်းရန်အောင်မှာ ထိုစဉ်က အသက် (၉)နှစ်တည်းသာ ရှိသေးသည်။

အသက် (၉) နှစ်သား မင်းရန်အောင်သည် ငယ်ရွယ်နုနယ်သည့်အလျောက် တိုင်းရေးပြည်ရာကို စီမံခန့်ခွဲအုပ်ချုပ်တတ်သူမဟုတ်ပေ။ အချိန်ရှိသရွေ့ ကခြေသည်မိန်းမများနှင့် နေ့ညမပြတ်ပျော်ရွှင်မြူးတူး၍ နေလေသည်။

တစ်နေ့တွင် အသက်အရွယ်ကြီးရင့်ပြီဖြစ်သော အမတ်ကြီးတစ်ဦးသည် မင်းရန်အောင်၏ ရှေ့၌ ခစားသည်။ ဤသို့ခစားနေစဉ်က္ကရိယာပုတ်ကို မထိန်းချုပ်နိုင်သဖြင့် မင်းရှေ့တွင် ကျင်ငယ်သွားမိသည်။ မင်းရန်အောင်က ငါ၏ရှေ့တော်၌ မလေးမခန့်ကျင်ငယ်သွားရသလားဟူ၍ အမျက်ထွက်သည်။ အမတ်တော်အသက်ကြီးကိုရေတွင်းထဲ၌ နှစ်မြှုပ်လျက် သတ်လေသည်။

ထိုသို့သတ်သည်ကို မှူးမတ်တို့က မြင်ကြလျှင် "ဤမင်းသည်ငယ်ရွယ်သောကြောင့် သည်းခြေမရှိ မေ့ရာသည်၊ ကြာလျှင်ငါတို့ကိုပါထိပါးလာအံ့"ဟူ၍ ဆုံးမပေးရန် ဦးရိုးတော်သူ စလက်ာသူကို တင်ပြကြသည်။

စလက်ာသူလည်း များစွာသော ရဲမက်စစ်သည်တို့ဖြင့် ရွှေနန်းတော်ကိုဝန်းရံ၍ မင်းရန်အောင်ကိုဖမ်းကြသည်။ ထိုအခါ မင်းရန်အောင်၏ကျွန်ဖြစ်သူ သီဟပါသည် ဓားနှင့်လှံွားကိုစွဲကိုင်လျက် ဘုရင့်ဘက်မှခုခံကာကွယ်သည်။

ရဲမက်စစ်သည်တို့မှာ နန်းထဲသို့ မဝင်နိုင်သောကြောင့် ရွှေနန်းတော်၏အနောင်ဘက်လှေကားမှတက်၍ မင်းရန်အောင်ကိုရှာဖွေကြရာမင်းရန်အောင်သည် ကြောက်လန့်ပြီး နန်းတော်ထုတ်တန်းထက်တွင်တက်၍ပုန်းနေသည်။

သူရဲစစ်သည်တို့သည် ထုတ်ထက်မှ မင်းရန်အောင်အား ဖမ်းယူပြီး ဦးခေါင်းကိုဖြတ်လျက်သတ်ပစ်ကြသည်။ ဦးခေါင်းကို နန်းအနောက်ဘက်မှယူလာပြီး ဦးရိုးတော် စလက်ာသူကိုဆက်သကြသည်။

ဦးရိုးတော် စလက်ာသူသည် သီဟပါထံ သွားလေရာ နန်းတော်ထဲ၌ မိမိ၏အရှင် မင်းရန်အောင်ရှိနေသည်ဟုထင်ပြီး ဓါးနှင့်လှံွားကို

ကိုင်လျက်ခုခံပြန်သည်။ ထိုအခါစလက်ာသူက. . .

"သီဟပါသည် အဘယ်သူ၏အလို့ငှါခုခံသနည်း" ဟုမေးလေလျှင်. . .

"ဦးရိုးတော်၏တူတော်အတွက် အမှုထမ်းရွက်သည်"ဟုဆို၏။

တစ်ခါ စလက်ာသူက. . .

"ငါ့တူမရှိလျှင် အဘယ်သူ၏ အမှုတော်ကိုထမ်းရွက်ပါမည်နည်း" ဟုမေးရာ သီဟပါက. . .

"တူတော်မရှိလျှင် ဦးရိုးတော်အမှုကိုထမ်းရွက်ပါအံ့"ဟုဆို၏

စလက်ာသူသည် မင်းရန်အောင်၏ပြတ်နေသော ဦးခေါင်းကို ပြလေလျှင် သီဟပါသည် ဓားနှင့်လှံကိုချ၍ စလက်ာသူကိုရှိခိုးကာ ချုံးပွဲချ၍ ငိုယိုလေတော့သည်။

ဤအဖြစ်အပျက်၌ ငယ်ရွယ်နုနယ်ပြီး ပညာမဲ့သူအား နန်းအပ်ခြင်းကြောင့် ပျက်စီးရပုံ၊ မင်း၏ကျေးကျွန်သီဟပါ၏ခံယူချက်၊ ယုံကြည်ချက်၊ သစ္စာရှိပုံစသည့်ဘဝသင်ခန်းစာများကို ရရှိနိုင်သည်။

*

## အခန်း (၁၃)

# အမိန့်ကို နာခံတတ်သော လက်ယာမြန်အမတ်ကြီး

ရွှေတုံးညိုသည် ငယ်စဉ်ကာလကပင် သတ္တိပြောင်မြောက်သူ တစ်ဦးဖြစ်သည်။ ခနီရည်ရောင်းခြင်းဖြင့် အသက်မွေးခဲ့သည်။ နောင်တွင် ခနီကောင်းဖြစ်လာသည်။ စန္ဒဝိမလရာဇမင်းလက်ထက်၌ တိုင်းပြည်ရှိ ရန်သူခလုတ်ဆူးငြောင့်တို့ကိုဖယ်ရှားရန် သူရဲကောင်းရွေးချယ်ရာ ရွှေတုံးညိုမှာ (တန္တပိုလ်)အဖြစ်ဖြင့် စစ်သူကြီးရာထူးကိုရခဲ့သည်။

နောင်တွင် မြောက်ဦးရွှေနန်းတော်ကိုသိမ်းပိုက်လျက် (၁၀၇၂) ခုနှစ်တွင် နန်းတက်လေသည်။ စန္ဒဝိဇယရာဇာဘွဲ့ကိုခံယူလေသည်။ ဤမင်းသည် ကောင်းမှုကုသိုလ်များစွာကိုပြုလုပ်ခဲ့သည်။ ဘုရားဆင်းတု တော်ပေါင်းရှစ်ရာ၊ ရေကန်ပေါင်းရှစ်ရာ၊ သိမ်ပေါင်းရှစ်ရာကို အမှတ် သင်္ကေတပေး၍ လှူဒါန်းခဲ့သည်။

ဤမင်းမှာ အလွန်တရာအားကိုးရသော လက်ဝဲမြန်အမတ်ကြီး

တစ်ဦးရှိခဲ့သည်။ ဤအမတ်ကြီးသည် ဘုရင့်အတွက် အလွန်စိတ်ချရသည်။ လက်ဝဲမြန်အမတ်ကြီး၌လည်း ရဲမက်သူရဲများစွာရှိသည်။

ဤသို့လျှင် လက်ဝဲမြန်အမတ်ကြီးသည် အခြံအရံပြည့်စုံနေခြင်းကို စန္ဒဝိဇယရာဇမင်း၏ ဆွေတော်၊ မျိုးတော်မှူးတော်၊ မတ်တော်တို့ကမြင်ရသောအခါ မနာလို မရှုစိမ့်ဖြစ်ခဲ့ကြသည်။ ဆွေတော်မျိုးတော်တို့က ဘုရင်အား လျှည့်ပတ်လျှောက်တင်ကြသောအခါ၌ ဘုရင်က. . .

"အမတ်လက်ဝဲမြန်သည် နန်းတော်ကို မီးလောင်သောအခါ၌ ဝင်းတော်ကိုကျော၍ လိုက်လာသည်။ ထိုအခါ ငါတစ်ယောက်တည်း နေတော်မူသည်ဖြစ်လျက် ငါ့ကို သူမသတ်၊ စစ်တတောင်းကအပြန်တွင် ဗိုလ်စုသင်းစုနှင့် ကွဲ၍ မယူကမ်းဆိပ်တွင်နေသောအခါ၌လည်း ငါ့ကို မပုန်ကန်၊ သို့ဖြစ်၍ ဆွေတော်မျိုးတော်မှူးတော်၊ မတ်တော်တို့ စကားနာခံ၍ ငါသည် လက်ဝဲမြန်ကိုမသတ်သင့်"ဟု အမိန့်ရှိလေသည်။

ဘုရင်၏ မိဖုရားသားတော်၊ သမီးတော်၊ မှောက်တော်ကြီးမတို့က တစ်ဖန်မယုံလျှင်ယုံကြောင်း စကားကိုပြောကြားလာကြသဖြင့် ပြောဖန်များ သားမယားစကားအောင်ဆိုသည့်အတိုင်း စန္ဒဝိဇယရာဇာ မင်းကြီးသည် လက်ဝဲမြန်အမတ်ကိုသံသယဝင်လာပြီး သတ်ပစ်ရန် စိတ်ဖြစ်လာသည်။

သို့သော်လည်း. . . သူ့မှာ အင်နှင့်အားနှင့်မို့သတ်ပစ်လို့မရ။ စစ်သူကြီးတစ်ဦးလည်း ဖြစ်နေသည်။ ထိုအခါ၌ မြောက်ဦးရွှေနန်းတော်၏ အနောက်ဘက်ဖြစ်သော ဒိုင်းကျီအရပ်၌ တောကျားတစ်ကောင်သည် နေခင်းကြောင်တောင်ဝင်၍နေပါကြောင်း လျှောက်လာကြသော် စန္ဒဝိဇယရာဇမင်းသည် ဤတစ်ခါ လက်ဝဲမြန်အမတ်ကိုသတ်စေရန် အခွင့်သာပြီဆိုလျက် ဒိုင်းကျီမှကျားကိုသတ်ချေဟုလက်ဝဲမြန်အမတ်ကြီးကို အမိန့်ပေးသည်။ စစ်သူကြီးလည်း ထိုကျားကိုသတ်ပြီးလျှင် မင်းကြီးအားကျားကိုဆက်သလေသည်။

သည့်နောက်တွင် ပုဏ္ဏားတောင်တွင် ကျားတစ်ကောင်၊ ဝသဲဘက်တွင် ကျားတစ်ကောင် ထိုကျားနှစ်ကောင်ထပ်မံပေါ်ပေါက်လာ

သဖြင့် သတ်စေတော်မူရာ၌လည်း လက်ဝဲမြန်အမတ်တွင် တစ်စုံတစ်ရာအနာမရဘဲ အောင်မြင်လေသည်။

နောက်တစ်ခါ. . . ဘုရားလှအရပ်၌ တောကျားတစ်ကောင်သည် အလွန်ရဲသဖြင့် ထိုကျားကိုသတ်အံ့သောငှါ မင်းကိုယ်တိုင်ချီ၍ သွားလေသော် ဘုရားလှသို့ရောက်လေလျှင် လူများတို့အား ကျားကိုဝိုင်းရံစေပြီး လက်ဝဲမြန်အမတ်ကိုခေါ်လျက် တိုက်တော်က ဓားကိုထုတ်ပေးသည်။ ထိုအခါ လက်ဝဲမြန်အမတ်ကြီးက. . .

"အရှင်မင်းကြီး. . . ရှေးကကျွန်ုပ်သတ်သော ဓားဖြင့်သာ ခုတ်ပါရစေဟု"လျှောက်တင်သည်။ ထိုအခါ စန္ဒဝိဇယရာဇမင်းကြီးက

"ငါ့ဓားကဲ့သို့ ထက်မြက်သည့်ဓားသည် အဘယ်မှာရှိအံ့နည်း" ဟူ၍အမိန့်တော်ရှိလျှင် လက်ဝဲမြန်အမတ်ကြီးသည် မင်းကြီးထံမှ ထုတ်ပေးသည့် ဓါးသည် တုံးတိတိဖြစ်နေသည်ကိုသိမြင်သော်လည်း အမိန့်အာဏာကိုမငြင်းဝံ့သဖြင့် မျက်နှာညှိုးငယ်စွာဖြင့် ယူလေသည်။

ပြီးလျှင် "သေရအံ့လည်း ဤအခါ၊ ရှင်ရအံ့လည်း ဤအခါ"ဟု ဆိုလျက် မြုံထောင်စား ကျွန်ရင်း၊ ဝရောင်းချောင်းစား ကျွန်ရင်းနှင့် ကျားရှိရာသို့သွားလေသည်။ ကျွန်တစ်ယောက်ကိုအစာချလျက် ကျားကို ခုတ်လေသော် ဓါးမထက်သောကြောင့် ကျားကိုယ်ထက်ဝက်သာ ပြတ်လေလျှင်၊ မသေ၍ လက်ဖန်များကိုကိုက်သဖြင့် ကျွန်ရင်း ဝရောင်းချောင်းစားကူညီမှကျားသေလေသည်။

လက်ဝဲမြန်အမတ်လက်ဖန်ကို ကျားကိုက်၍ အနာကိုဆေးကုလေရာ သက်သာပျောက်ကင်းမည်ကို မင်းကြီးသိသဖြင့် ကျားဆိပ်နှင့်မသင့်သော ဆေးကိုတင်ရန်ခိုင်းလျှင် ကျားဆိပ်တက်၍ လက်ဝဲမြန်အမတ်ကွယ်လွန်လေသည်။

စန္ဒဝိဇယရာဇာမင်းသည် လက်ဝဲမြန်အမတ်သေဆုံးကြောင်းကြားသိရသောအခါ. . .

"ငါ သားတော်လက်ဝဲမြန်အမတ်ကဲ့သို့ တစ်ပြည်တစ်နိုင်ငံမှ စစ်မက်ပြုလာလျှင်မည်သူ့ကိုအားကိုးရအံ့နည်း"ဟူ၍ ငိုယိုလေသည်။

စိတ်ထဲမှာတော့ သားတော်၊ သမီးတော်၊ မိဖုရားကြီးတို့၏ စကားကိုယုံ၍ သတ်ပစ်ရခြင်းသည် ရန်မျိုးရှင်းရှင်းကွာလေသဖြင့် အားရတော်မူလေသည်။

ထို့ကြောင့် လက်ဝဲမြန်အမတ်သည် ဘုရင်မှပေးအပ်သော တာဝန်ကို မပျက်မကွက်ထမ်းဆောင်ခဲ့သည်။ မိမိကိုယ်သေရမည်ကို သိနေသော်လည်း ရဲဝံ့စွာတိုက်ပွဲဝင်ခဲ့သည်။ စန္ဒဝိဇယရာဇမင်းကား မိဖုရား၊ သား၊ သမီးတို့စကားကိုနာခံ၍ လက်ဝဲမြန်ကိုသတ်ခဲ့သည်။ ဤဖြစ်ရပ်မှာ ဘဝသင်ခန်းစာနှစ်ခုကိုရရှိနိုင်ပါသည်။

*

## အခန်း (၁၄)

# မိုက်မဲလေသော မိဖုရားဝါလှဖြူ (နတ်သျှင်မေ)

ရခိုင်သက္ကရာဇ် ၉၈၄ ခု နယုန်လဆန်းတွင် မင်းဟာရီ မြောက်ဦး နန်းကိုဆက်ခံသည်။ ဘွဲ့အမည်အားဖြင့် သိရိသုဓမ္မရာဇာကိုခံယူလေသည်။

ဤမင်းလက်ထက်တွင် အမတ်သိုက်တက်ငလက်ရုံးနှင့် လောင်းကြက်စား ကေုသလဟူ၍ နှစ်ဦးရှိသည်။ မိဖုရားနတ်သျှင်မေသည် လောင်းကြက်စား ကေုသလနှင့် တိတ်တိတ်ပုန်း၍ချစ်ကြိုက်နေလေသည်။ သိရိသုဓမ္မရာဇာမင်း၏နောက်ကွယ်၌ မိဖုရား နတ်သျှင်မေနှင့် လောင်းကြက်စား ကေုသလသည် ဘုရင်အား နန်းမှဖယ်ရှားလိုကြသည်။ အမတ်ကြီး ကေုသလတွင် စစ်ရေးစစ်ရာ မစွမ်းဆောင်နိုင်သော်လည်း တတ်ထားသော ပညာရပ်တစ်ခုရှိလေသည်။ ယင်းမှာ ယတြာ၊ အင်း၊ အိုင်အတတ်ဖြစ်သည်။ မိဖုရားနတ်သျှင်မေနှင့် ကေုသလသည် ဘုရင်နတ်

ရှာစံကံတော်ကုန်စေရန် ယတြာဖြင့် ဦးစွာစီစဉ်လေသည်။

သို့မို့ကြောင့် ငကုသလသည် ဘုရင်းမင်းကြီးအား

"အရှင်မင်းကြီး ဆင်ဖြူတော်ရောက်လာပါမည်။ ဆင်စာ စပါး ဟိန်းစွကို ရေကန်တူး၍ချထားပါ"ဟု လျှောက်တင်သည်။

ဤသို့လျှောက်တင်ရခြင်းမှာ သီရိသုဓမ္မရာဇာမင်းသည် အင်္ဂါနံ အင်္ဂါသား(ဟိန်းစွ) ငကုသလသည် ဗုဒ္ဓဟူးနံ ဗုဒ္ဓဟူးဖြစ်သော (ဆင်) အင်္ဂါနံ ဟိန်းစွစပါးကို ဗုဒ္ဓဟူးနေ့ ဗုဒ္ဓဟူးနံဆင်က စားရန်ဖြစ်သည်။ ဗုဒ္ဓဟူးနံဆင်က ဟိန်းစွစပါးအင်္ဂါနံကိုစားလျှင် ဘုရင်နံအင်္ဂါသား ဘုရင် သေစေရန်ဖြစ်လေသည်။

ဤကိစ္စကို အတွင်းအပြင်သိသော သိုက်တတ်လေက်ရှုံးက လျှောက်တင်ရာ ဘုရင်သီရိသုဓမ္မရာဇာမင်းက မယုံ လျစ်လျူရှုသည်။ ဘုရင်၏မိဖုရား ဝါလှဖြူက သိုက်တက်လေက်ရှုံးလျှောက်တင်ချက်မှာ မမှန်ကန်ကြောင်း လှည့်ဖြားပြောဆိုသည်။

ငကုသလ ယတြာလုပ်ခြင်းကို သိုက်တတ်လေက်ရှုံးကသိ၍ ယတြာကိုချေသည်။ ထိုအခါ ငကုသလက ယတြာကို ပတ္တရာဖြင့် ချေပြန်သည်။ စေည်ကစေသည်။ မင်းကြီးက စေည်ကိုနန်းတော်သို့ သွင်း၍ကပြစေရာ ကြည့်ရှုပြီးနောက်၌ မင်းကြီးသည် ရောဂါဝေဒနာ ဆိုက်ရောက်လာသည်။ ခုနစ်လစေ့သောအခါ သီရိသုဓမ္မရာဇာမင်းသည် ပြင်းထန်စွာဝေဒနာတိုးလတ်၍ နတ်ရှာစံ ကံတော်ကုန်လေသည်။

ထိုသောအခါ၌ မြောက်ဦးနန်းကို သားတော်မင်းစနေက ဆက်ခံ လေသည်။ မင်းစနေ နန်းစံရင်း ကျောက်ရောဂါပေါက်လာသည်။ မယ်တော် မိဖုရားနတ်သျှင်မေသည် လောင်းကြက်စား ငကုသလနှင့် ဟူးရားတတ် ရဲတွက်တို့ထံ သွားပြီးတိုင်ပင်သည်။

မင်းစနေအား နန်းတော်အရှေ့မြောက်ထောင့်ကမ်းနားဝယ် ဝင်းစားမအရပ်သို့ယာယီပြောင်း၍ထားလေသည်။ ယာယီပြောင်းထား နေရာ၌ မေတော်နတ်သျှင်မေသည် သားအရင်းကိုပင် အဆိပ်ခတ်၍ ပေးသဖြင့် နန်းစံ ရက် (၂၀)တွင် ကွယ်လွန်လေသည်။

မင်းစနေ ကွယ်လွန်ပြီးနောက်တွင် လောင်းကြက်စား ငကုသလသည် နရပတိကြီးဘွဲ့အမည်ဖြင့် ခံယူနန်းတက်လေသည်။ ထိုနရပတိမင်းကြီးသည် နန်းရပြီးနောက်တွင် ကြုံပြန်သည်ကား. . .

"လင်ကိုမတွယ်၊ သားကိုမခင်သောမိန်းမနှင့် ငါပေါင်းဖော်ရလျှင် အကျိုးနည်းအံ့"ဆိုပြီး မိဖုရားနတ်သျှင်မေကို နန်းတွင်းသို့ လုံးဝမသွင်းဘဲ အပြင်၌ထားလေသည်။ နတ်သျှင်မေလည်း မိမိမကောင်းကြံခဲ့သော အကျင့်ကို တစ်သက်လုံး စိတ်ဆင်းရဲစွာခံစားခဲ့ရလေသည်။

ထို့ကြောင့် ရခိုင်ရာဇဝင်ထဲက မိန်းမဖျက်၍ ပျက်ခဲ့ရသော ဝါလှဖြူကဲ့သို့ မိန်းမမျိုးမဖြစ်စေရန် ရခိုင်အမျိုးသမီးများတို့သည် ဘဝသင်ခန်းစာတစ်ရပ်ယူသင့်လေသည်။

*

အခန်း (၁၅)

# နရပတိမင်းကြီး၏နောင်တ

လောင်းကြက်စား ငကုသလသည် နရပတိမင်း မဖြစ်မီက ဘုရင်သီရိသုဓမ္မရာဇာမင်းကြီးထံ အမှုတော်ထမ်းခဲ့သည်။ ငကုသလသည် လောင်းကြက်ကျွန်းမှ ထွက်ရှိသော အုန်းခွန်တို့ကို စားရသဖြင့် လောင်းကြက်စား ငကုသလဟု တွင်သည်။

ဤငကုသလသည် အင်း အိုင် ယတြာ၌ လွန်စွာတတ်မြောက်သည်။ ယတြာ လက်ဖွဲ့ အင်း အိုင်ကြောင့်လား မသိ၊ မိဖုရား နတ်သျှင်မေသည် ငကုသလအပေါ်၌ တစ်ဖက်သတ်စွဲလမ်းမှုများရှိနေခဲ့လေသည်။ နှစ်ဦးနှစ်ဖက်မေတ္တာအချစ်ဇာတ်လမ်းက ရာဇဝင်မှာ စာတင်လောက်ပေသည်တကား။

ငကုသလနှင့် နတ်သျှင်မေတို့၏ပူးပေါင်းကြံစည်မှုတစ်ခုမှာ ဘုရင်သီရိသုဓမ္မရာဇာမင်းကို မြန်မြန်ကံတော်ကုန်သေစေရန်ဖြစ်လေသည်။ သို့ဖြစ်ရကား ငကုသလသည် မိမိတတ်ကျွမ်းသော ယတြာ အင်းအိုင်တို့ဖြင့် စီမံဆောင်ရွက်လေသည်။ ထိုအချိန်က ငကုသလနှင့် ရန်ဘက် ပြိုင်ဘက်အမတ်မှာ သိုက်တတ်ငလက်ရုံးပင်ဖြစ်လေသည်။

ကောသလနောက်ကွယ်မှနေ၍လည်း နတ်သျှင်မေသည် မိမိလင်သခင် ကောသလအပေါ် အပြစ်မမြင်စေရန် ချယ်လှယ်မှုမျိုးစုံကို ဇာတ်ခင်းနိုင်ခဲ့သည်။ ထို့ကြောင့် ကောသလနှင့် သိုက်တတ်လေက်ရုံး ပြိုင်ပွဲတွင် သိုက်တတ်လေက်ရုံးက ရှုံးနိမ့်သူဖြစ်ပြီး ကောသလက အောင်နိုင်သူဖြစ်ခဲ့သည်။

သိုက်တတ်လေက်ရုံးသည် သီရိသုဓမ္မရာဇာမင်းမြတ်အား လျှောက်တင်ချက်တို့မှာ သဲထဲရေသွန် အရာမထင်ဖြစ်ခဲ့သဖြင့် နန်းတော်မှ ခွာ၍ ရဟန်းပြုနေလေသည်။

ကောသလနှင့် နတ်သျှင်မေတို့၏အစီအမံ အင်းအိုင်ယတြာ၊ ပတ္တရားစွမ်းပကားကြောင့် မကြာမီတွင် ဘုရင်သီရိသုဓမ္မရာဇာမင်းသည် နတ်ရွာစံ၍ ကံတော်ကုန်လေသည်။

ထိုမင်းကွယ်လွန်သောအခါ သားတော် မင်းစနေ နန်းရလာသည်။ ကျောက်ရောဂါပေါက်သဖြင့် သားတော်ကို မယ်တော် နတ်သျှင်မေက အဆိပ်ခတ်၍ သတ်ပစ်လေသည်။

ထိုသောအခါ ကောသလသည် (နရပတိကြီး)ဘွဲ့အမည်ဖြင့် နန်းရလာသည်။ နရပတိမင်း နန်းရလာခြင်းသည် မရိုးမသားနန်းရလာခြင်းဖြစ်သည်။ သီရိသုဓမ္မရာဇာမင်းကြီး၏မင်းသား၊ မင်းမြေး၊ မင်းဆွေ၊ မင်းမျိုး၊ မှူးမတ်တို့ကို ညှဉ့်အခါ၌ ခေါ်ယူ၍ သတ်ပစ်လေသည်။

ပညာရှိသိုက်တတ်လေက်ရုံးနှင့် စစ်ကွပ်ဆရာတော်တို့မှာလည်း ကောသလရန်ကို ကြောက်၍ အနောက်ကံသာပြည်သို့ ရှောင်တိမ်းနေခဲ့ကြလေသည်။ သီရိသုဓမ္မရာဇာမင်း၏သားတော် တော့ခင် ဦးဆောင်လျက် ကိုယ်ရံအသင်း ငါးသောင်းမှာလည်း အနောက်ကံသာပြည်သို့ ပြေးဝင်ကြလေသည်။

ဤသို့ဖြင့် နရပတိမင်းကြီးသည် မိမိအား ပြန်လည်တိုက်ခိုက်လာမည့်မင်းဆွေမင်းမျိုးဟူသမျှကို မြေလှန်စနစ်ဖြင့် သုတ်သင်ရှင်းလင်းသည်။ တဖြည်းဖြည်း တိုင်းပြည်၌ ပညာရှိမှူးမတ်တို့မှာ မနေနိုင်သဖြင့် ထွက်ပြေးတိမ်းရှောင်သွားကြသည်။

နရပတိမင်းကြီး နန်းစံ၍ အာဏာမြဲလာသောအခါ တိုင်းပြည်၏ အရေးကိစ္စများကိုဆွေးနွေးရန် ပညာရှိလိုအပ်လာသည်။ တိုင်ပင်ရန် မရှိလေသဖြင့် ပြဿနာအခက်အခဲရှိလာသည်။

ထိုသောအခါ၌ သိုက်တတ်လေက်ရုံးနှင့် စစ်ကွပ်ဆရာတော်တို့ အနောက်ကံသာပြည်၌ ရှိနေကြောင်း ကြားသိရသဖြင့် စစ်သူကြီးများကို စေလွှတ်ပြီး အခေါ်ခိုင်းသည်။ ယင်းသို့ခေါ်ရာ၌ သိုက်တတ်လေက်ရုံးကို သာ ရရှိခဲ့သည်။

နရပတိမင်းကြီးသည် မိမိအမှားကို သံဝေဂရလာသည်။ စိတ်ဓာတ်ပြောင်းလဲလာသည်။ သိုက်တတ်လေက်ရုံးကို ကောင်းစွာပြုစုပြီး သုခမိန်ပြန်ခန့်သည်။ ပညာရှိသုခမိန် လေက်ရုံးစကားကို နားထောင်သည်။ တိုင်းပြည်၏အရေးအရာကို ဤအမတ်ကြီးနှင့်ဆွေးနွေးသည်။ တိုင်ပင်သည်။ လေက်ရုံးမှာ အသက်ကြီးရင့်လာပြီဖြစ်သဖြင့် နရပတိမင်းအထံ အမှုထမ်းရင်း အသက် ၈၂ နှစ်အရွယ်တွင် ကွယ်လွန်လေသည်။

ထိုနေ့က နရပတိမင်းကြီးသည် မဟာမုနိသိမ်၌ အလှူပေးလို့ ရှိနေသည်။ သိုက်တတ်လေက်ရုံး ကွယ်လွန်ကြောင်း သတင်းကြားသိရသောအခါ ငိုယိုလျက် (ငါသည် အဘယ်သူနှင့် တိုင်းပြည်ကိစ္စကို တိုင်ပင်ရအံ့နည်း)ဟူ၍ ပူပင်သောကရောက်လေသည်။

လေက်ရုံး၏သားစဉ်မြေးမြစ်တို့ကိုစစ်ဆေးခေါ်ယူလျက် စားကျေးများကိုပေးသည်။ ရာထူးအနိမ့်အမြင့်အလိုက်ခန့်အပ်သည်။

လေက်ရုံးမရှိသောအခါ နရပတိမင်းကြီးသည် တိုင်းပြည်၏ အရေးကိစ္စကို ဆွေးနွေးရန် ပြည်စိုးကြီးကိုခေါ်ယူလျက် ပညာရှိခန့်အပ်သည်။ နရပတိမင်းကြီးသည် မှူးမတ်တို့အား သတ်ဖြတ်ခြင်းကို ဝန်ခံသည်။ မိမိသေလျှင် ငရဲသို့သွားရမည်ဟုလည်း ဖွင့်ပြောသည်။

ပြည်စိုးကြီးအမတ်မရှိလေသောအခါ နရပတိမင်းကြီးသည် သာသနာပိုင် ဝိနည်းမိုရ် (၁၂)ပါးအား နန်းထဲသို့ပင့်ဖိတ်လျက် သိရှိလိုသည့်ကိစ္စရပ်များကို မေးမြန်းသည်။ ထိုသံဃာတော်တို့ကသာ တိုင်းပြည်

၏အရေးကိစ္စအကြံဉာဏ်ကိုပေးခဲ့ရသည်။

အထူးသဖြင့် နရပတိမင်းကြီးသည် ဝိနည်းမိုရ်ဆရာတော်ကြီးများ၏အကြံပေးချက်အတိုင်း ရှေးမင်းစောမွန်လက်ထက်က တည်ထားခဲ့သော မျက်မှောင်တော်ဓာတ်ကို ဝသဲတောင်ထိပ်သို့ရွှေ့ပြောင်းလျက် တည်ထားခဲ့လေသည်။

ထို့ကြောင့် ရခိုင်ရာဇဝင်၌ ဤမင်းမှာ မိမိပြစ်မှားခဲ့သောအပြစ်ကို ဝန်ခံသည်။ မှူးမတ်များစွာကိုသတ်ပစ်သဖြင့် မိမိကိုယ်တိုင်လည်း ငရဲသို့သွားရမည်ဟု ဖွင့်ပြောဝန်ခံသည်။ ဤသို့မမှားဖို့ ဘဝသင်ခန်းစာတစ်ရပ်ကို သိမှတ်ရယူသင့်ပေသည်။

*

## အခန်း (၁၆)

# အသက်ကိုစွန့်သော သျှင်မြဝါ

သျှင်မြဝါ၏ ငယ်နာမည်မှာ မောင်မြဝါဖြစ်သည်။ ရခိုင်သက္ကရာဇ် (၈၅၄) ခု ဝါဆိုလပြည့် ကြာသပတေးနေ့တွင် မြောက်ဦးမြို့၌ မွေးဖွား ခဲ့သည်။ ဖခင်မည်းတော်မှာ စိန်တင်စား (စိုင်းတင်စား) အမတ်ကြီး မဟာနန္ဒသကြံန်ဖြစ်သည်။ မယ်တော်မှာ ဇေယျခေမာ ဖြစ်သည်။ မင်းဗာ ဘုရင်နှင့်ညီအစ်ကိုတော်စပ်သည်။ သျှင်မြဝါသည် မင်းဗာဘုရင်ထက် အသက် (၂) ရက်ကြီးသည်။

ငယ်စဉ်က မောင်မြဝါသည် ဖစောသီရိ (မင်းဗာကြီး)၊ မြတ်သာ ထွန်း(မဟာပညာကျော်)တို့နှင့် မြောက်ဦးမြို့ တောင်ညှိုတိုက် ဆရာတော် အသျှင်အဂ္ဂစိန္တေယျထံတွင် ပညာသင်ကြားခဲ့သည်။ အသက် (၁၆)နှစ် အရွယ်တွင် နောက်ထပ် ပညာလိုလားသဖြင့် ဆရာတော်အား ခွင့်ပန်ကာ အိန္ဒိယနိုင်ငံ ဗာရာဏသီသို့ထွက်ခွာခဲ့သည်။

မောင်မြဝါသည် အိန္ဒိယ၌ ဆေးဝါးမန္တာန်ဓာတ်ပြောင်းဓာတ်ခွဲ စသည့် ပညာရပ်များကိုသင်ယူသည်။ အထူးသဖြင့် ဗာရာဏသီမြို့ အနီး မိဂဒါဝုန်တောသို့ထွက်ခွာကာ တရားအားထုတ်နေကြသော ရသေ့ ဆရာကြီးထံသို့ ချဉ်းကပ်ကာ ပညာသင်ကြားပေးရန်ကို တောင်းဆိုသည်။

ရသေ့ကြီးက. . . မောင်မြဝါအား ပညာစမ်းပြီး အမေးပုစ္ဆာ (၃) ပုဒ်ကို တစ်ခုပြီးတစ်ခု (၁၅) ရက်စီခြား၍မေးမြန်းရာ သျှင်မြဝါက အခက်အခဲမရှိ ဖြေဆိုနိုင်ခဲ့သဖြင့် ဆရာကြီးရသေ့က သဘောကျ၍ ဂမ္ဘီရပညာကို သင်ကြားပေးလေသည်။ ထိုအချိန်မှစ၍ မောင်မြဝါမှာ ရသေ့အသွင်သို့ ကူးပြောင်းကာ သီရိဗိသနိုးရသေ့ကြီးထံ ပညာသင် ယူလေသည်။ သျှင်မြဝါဟူ၍ အမည်တွင်လေသည်။

သျှင်မြဝါသည် ရသေ့ကြီးထံ၌ ဓာတ်ပြောင်းဓာတ်ပြန်အတတ်၊ ရုပ်မလ်မြူလေးပါးဖြစ်သော ရတရေမြူ၊ ကဇ္ဇာရီမြူ၊ အဏုမြူ၊ ပရမာ အဏုမြူ စသည်ဖြင့် ဉာဏ်နှင့်စွဲစိတ်ပုံ၊ ဘူတရုပ်များစုပေါင်းပြီး သဘာဝ ရုပ်၊ ကာလပရုပ်၊ တယဏရုပ်ဖြစ်လာပုံ၊ ယတြာလေးဆယ်၊ ပတ္တရား လေးဆယ်၊ ဝိကြမ္မသုံးဆယ်စသော လောကီပညာရပ်များကို သင်ယူ တတ်မြောက်လေသည်။

ဤသို့လျှင် ဗာရာဏသီ၌ (၂၃)နှစ်တာ ပညာသင်ကြား၍ တတ်မြောက်ခဲ့လေပြီးသောအခါ၌ မိမိမွေးရပ်မြေ ရခိုင်ပြည်သို့ ပြန်လို ပါကြောင်း လျှောက်ထားသည်။ ဆရာရသေ့ကြီးက တားမြစ်ခဲ့သည်။ သို့သော်လည်း သျှင်မြဝါက ရခိုင်အမျိုးဘာသာအတွက် စွမ်းဆောင်လို ကြောင်း အကြိမ်ကြိမ်လျှောက်ထားသောအခါ၌ ဆရာရသေ့ကြီးက ခွင့်ပြုလိုက်လေသည်။

သျှင်မြဝါ မြောက်ဦးမြို့သို့ ပြန်ရောက်ရှိသွားသည့်အချိန်တွင် အသက် (၃၉) နှစ်ရှိနေလေပြီ။ ထိုစဉ် မြောက်ဦးရွှေနန်းတော်ကို သျှင်မြဝါ၏ညီဖြစ်သူ မင်းဗာကြီးက စိုးစံနေချိန်ဖြစ်သည်။

သျှင်မြဝါသည် နန်းတော်သို့ဝင်ပြီး ဦးစွာအင်္ဂါ (၁၂)မြို့ပြန်လည် ရရှိအောင်ကြိုးပမ်းရမည်ကို အကြံပေးခဲ့သည်။ အကြံပေးသည့်အတိုင်း

မင်းဗာကြီးက ဘင်္ဂါ (၁၂)မြို့သို့စစ်ချီခဲ့ရာ အောင်မြင်စွာဖြင့် ပြန်လည် သိမ်းယူရရှိခဲ့သည်။

ဗုဒ္ဓဂယာမှရရှိခဲ့သော ဗုဒ္ဓဓာတ်မွေတော် (၈၄၀၀၀)ကို စုစည်းလျက် သျှင်မြဝါသည် သျှစ်သောင်းပုထိုးတော်ကြီး တည်ဆောက်ရန် စီမံလေသည်။

သျှင်မြဝါသည် (အပြည်ပြည်ကို သျှင်ငယ်ရစ်ဝန်း မှူးထမ်း)ဟု ဆိုလျက် သျှစ်သောင်းပန္နက်ကိုချသည့် သျှင်မြဝါသည် သျှစ်သောင်း ပုထိုးတော်ကြီးတည်ရာ၌ သူတတ်ကျွမ်းသော ဂမ္ဘီရပညာဖြင့်လည်း ကောင်း၊ ဗုဒ္ဓဘာသာအမြင်ဖြင့်လည်းကောင်း၊ ရှေးဟောင်းဟိန္ဒူဘာသာ အမြင်ဖြင့်လည်းကောင်း စီမံတည်ဆောက်ခဲ့သည်။ စရေဓာတ်ဖြင့် စီမံသော သျှစ်သောင်းအင်းကွက်ကိုထည့်သည်။

ဤသို့လျှင် သျှင်မြဝါသည် သျှစ်သောင်းကိုတည်ပြီးနောက် သူ၏ဆရာ အဂ္ဂစိန္တေယျနှင့် တိုင်ပင်လျက် ရှေးဟောင်းဗေဒသတ်ကျမ်း များကိုမှီးပြီး ရွှေမျှည်းဗေဒသတ်ကျမ်းကြီးကိုပြုစုခဲ့သည်။ မိမိကိုယ်တိုင်လည်း နမန္တာ ခေါ် ယတြာကျမ်းကြီးကို ပြုစုခဲ့သည်။ ဤကျမ်းမှာ အလွန်နက်နဲ သဖြင့် သာမန်လူတို့မဖတ်ရှုနိုင်။ ဓာတ်ဆွဲ၊ ဓာတ်ငင်၊ ဓာတ်ရိုက်၊ ဓာတ်ပြောင်း စသည်များကိုရေးထားသည်။

အထူးသဖြင့် သျှင်မြဝါသည် ရခိုင်ပြည်နှင့် ရခိုင်လူမျိုးကို အထူး ချစ်မြတ်နိုးသူဖြစ်သည်။

မြောက်ဦးမြို့ နောင်အနှစ်တစ်သောင်းအစွန့်ရှည်တည်တံ့ရေး ကိုစီမံသည်။ မိမိတတ်ကျွမ်းသော ဂမ္ဘီရပညာများဖြင့် ဆောင်ရွက်သည်။ မြို့ချာတိုင်စိုက်ရန်ကိစ္စဆောင်ရွက်ရန်ပေါ်လာသဖြင့် ကိုယ်တိုင်စိုက်ထူ သည်။ အချိန်စေ့၍ စိုက်ထူးပြီးပြီးချင်း ကြာသပတေးနံကို စတေးရန် ကိစ္စပေါ်လာသည်။ အချိန်ကလည်း နီးနေပြီ။ အဝေးသို့ထွက်သွား၍ ရှာရန်မရသဖြင့် ကြာသပတေးနံမကျေသောကြောင့် မိမိမှာ ကြာသပတေး သားဖြစ်သဖြင့် မိမိဝမ်းဗိုက်ကို ဓားဖြင့်ထိုးသွင်းကာ အအူကိုမြို့ချာတိုင်၌ ရစ်ပတ်လျက် သေဆုံးသောနေရာ၌ သင်္ဂြိုဟ်ရန်မှာကြားပြီး ဆောင်ရွက်ခဲ့

သည်။ သျှင်မြဝါမှာ အူကိုပတ်ရင်း မြေပြင်ပေါ်၌ လဲကျကာ သေဆုံး အနိစ္စရောက်လေသည်။

သျှင်မြဝါသည် ဂန္ထိရပညာအရ မိမိအသက်ကိုပမာဏမထား အဖရခိုင်ပြည်ကြီးကောင်းစားရေးအတွက် စွန့်စားခဲ့သည်။သျှင်မြဝါသည် အသက် (၅၄)နှစ် ရခိုင်သက္ကရာဇ် (၈၉၉)တွင် ကွယ်လွန်သွားရှာသည့် အတွက် ယနေ့ရခိုင်သူရခိုင်သားများသည် အထိမ်းအမှတ်တစ်ခုအဖြစ် **“သျှင်မြဝါနေ့”**ကိုကျင်းပပြုလုပ်သင့်သည်။

*

## အခန်း (၁၇)

# ရဟန်းတစ်ပါး၏ ရွှေ၊ ငွေ အခမ္ပဲဖြတ်ထုံး

တစ်ရံရောအခါ၌ ကျောင်းနေပုဂ္ဂိုလ် ရဟန်းတစ်ပါး ပျံလွန်လေသည်။ ထိုရဟန်း၏ ငွေအသာပြာနှစ်ထောင်၊ ရွှေအသာပြာ တစ်ရာ ကျန်နေခဲ့သည်။

ဤဥစ္စာရွှေငွေတို့ကို ရဟန်းမိဘဆွေမျိုးဖြစ်သူများက ရရှိလိုကြသည်။ ကျောင်းတွင်နေထိုင်ကြသော သာမဏေနှင့် ရဟန်းတို့ကလည်း ရလိုကြသည်။ ကျောင်းတကာတကာမများကလည်း ရရန်ဆန္ဒရှိကြသည်။

ဤသို့ဖြင့် သုံးမျိုးသုံးစားကွဲ၍ ရရှိလိုကြသဖြင့် တစ်ဦးနှင့်တစ်ဦး ဝေစုမတည့် အငြင်းအခုံဖြစ်ကြသည်။ တဖြည်းဖြည်းပြဿနာရှုပ်ထွေးလာသဖြင့် ဘုရင်က အမတ်ကြီးမဟာပညာကျော်အား အမှုကို စီရင်ဆုံးဖြတ်ရန်အမိန့်တော်ရှိလေသည်။ မဟာပညာကျော်သည် ဤသို့လျှင် ဆုံးဖြတ်လေသည်။

*ရတနာသုံးပါး အပါအဝင်ဖြစ်သော ရဟန်းသံဃာတော်တို့အား ဘုရားရှင်ခွင့်ပြုသည်မှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးသာဖြစ်သည်။*

*ထိုမှတစ်ပါး ဂဟာပဏာ စသောရွှေငွေများမှာ ဘိက္ခုသံဃာတော်တို့နှင့် မဟပ်စပ်၊ ပညတ်တော်မူသောကျမ်းဂန်နှင့်မညီ ဂဟာပဏာရွှေငွေတို့မှာ ဘုရားအာဏာတော်နှင့်ဆန့်ကျင်သည်။ လူတို့၌ မင်းအာဏာကိုဆန့်ကျင်သော် မင်းဒဏ်ထိုက်ရာသည်။ ရဟန်းတို့မှာလည်း ဘုရားအာဏာတော်ကိုဆန့်ကျင်သောသူသည် သံဃာတော်မဟုတ်၊ လူ ဖြစ်လေပြီ။ ယခု ဘုရားအမိန့်တော်နှင့်ဆန့်ကျင်နေသဖြင့် အလောင်းကို လူကဲ့သို့ သဂြိုဟ်ရမည်။*

*တကာတကာမများမှာလည်း သံဃာတော်အမှတ်ဖြင့် ဂဟာပဏာရွှေငွေတို့ကိုလှူဒါန်းခဲ့ခြင်းမှာ အလှူမမြောက် လူချင်းပေးသကဲ့သို့ သာလျှင်ဖြစ်သည်။ မိမိတို့ပေးသော ဥစ္စာထင်ရှားရှိကြလျှင် အသီးသီးပြန်ယူကြစေ။*

*တစ်ခါ ကျောင်းနေသာမဏေရဟန်းတို့မှာ ကူးသန်းရောင်းဝယ်ရှာမှီးရာမှရရှိသည့်ဂဟာပဏာရွှေငွေတို့ကို လိုလျှင် လူထွက်၍မိဘသားချင်းတို့နှင့် အညီအမျှခွဲဝေယူကြစေ။*

*ရဟန်းသုံးဆောင်ထိုက်သော ပစ္စည်းလေးပါးမှာ မြတ်စွာဘုရားပညတ်တော်မူသော သိက္ခာတော်ကိုကြည်ညိုစောင့်ထိန်းသော ရဟန်းသံဃာတော်တို့က ခံယူသုံးဆောင်ကြစေ။ ကျောင်းတကာများမှာလည်း ပစ္စည်းလေးပါးမလပ်စေရ။*

ဤသို့စီရင်လေသောအခါ အမတ်ကြီးရှေ့မင်းရင်ပြင်၌ ပန်းပေါက်ပေါက်တို့သည်ကြလျက် ကျလတ်သော် ပြည့်ရှင်မင်းကြီးလည်းအလွန်ကြည်ညိုလျက် ထွက်စည် ဝင်စည်ကို အမတ်ကြီးသို့ တရားဆုပေးတော်မူလေသည်။

ဤဖြတ်ထုံးအရဆိုလျှင် ရခိုင်ဘုရင်များလက်ထက်အခါက ရဟန်းသံဃာတော်များ ငွေမကိုင် ရွှေမကိုင်အပ်သည်ကို သိရသော သင်ခန်းစာတစ်ရပ်ဖြစ်လေသည်။

*

## အခန်း (၁၈)

# ရက်စက်ကြမ်းကြုတ်သော စစ်သူကြီးတစ်ဦး

မင်းခေါင်ရာဇာ လွန်တော်မူလျှင် မင်းရာဇာ၏သားတော် သံတွဲစား မင်းဖာကြီးသည် ရခိုင်သက္ကရာဇ် (၈၉၃) ခု နယုန်လဆန်း (၁) ရက် စနေနေ့တွင် နန်းတက်လေသည်။ ဆင်ဖြူရှင်သမီး ဖွားစောမင်းနှင့် ရေဆိပ်တဲနန်းဝယ် ဘိသိက်ခံယူသည်။

ဤမင်းသည် အမျိုးလေးပါးတို့အား ရင်ဝယ်သားကဲ့သို့ ချစ်မြတ်နိုးသည်။ ဗုဒ္ဓဘာသာသနာတော်ကိုလည်းများစွာ အားပေးချီးမြှောက်သည်။

မြောက်ဦးမြို့တော်ကို ရှေးယခင်ကထက်တိုး၍ စနစ်တကျ လုံခြုံရေးအထူးကောင်းမွန်အောင် ဆောင်ရွက်သည်။ ကျူးကျော်လာသော တပင်ရွှေထီးစစ်ကိုလည်းကောင်း၊ ဘုရင်ဂျီဖလောင်းစစ်ကိုလည်းကောင်း နှိမ်နင်း၍အောင်မြင်ခဲ့သည်။ ဘိုးဘေးစဉ်ဆက် ဆုံးရှုံးခဲ့ရသော ဘင်္ဂါ (၁၂)မြို့ကိုလည်း ကုလားတို့ထံမှ ပြန်လည်ရယူနိုင်ခဲ့သည်။

ဤမြင်းလက်ထက်၌ 'သူရဲကြီး ငမန်းရဲ'ဆိုသူတစ်ဦးရှိလေသည်။ ဤငမန်းရဲသည် ရခိုင်ပြည် ရွာကြီးရွာငယ်တို့၌ ဓားပြပြု၍ လုယက်ကြသည်။ တိုက်ဖျက်ကြသည်။ ရပ်သူရွာသားများ မနေနိုင်သဖြင့် ကျွန်းအုပ်မှတစ်ဆင့် ဘုရင်မင်းဗာကြီးထံသို့ သတင်းရောက်ရှိသွားသည်။

ထိုအခါ ဘုရင်မင်းဗာကြီးသည် သူရဲငမန်းရဲကို နှိမ်နင်းရန်အလို့ငှာ စစ်သူကြီးတစ်ဦးကို ခန့်ထားလိုသည်။ မင်းဗာဘုရင်သည် ငမန်းရဲ၏အရီးသား (ယောက်ဖ)တော်စပ်သူတစ်ဦးကို စစ်သူကြီးခန့်အပ်ပေးသည်။ ၎င်း၏နှမကိုလည်း ကိုယ်လုပ်မောင်းမခန့်အပ်၍ ရာထူးပေးသည်။

ဤသို့ရာထူးပေးပြီးလျှင် မင်းဗာကြီးက စစ်သူကြီးခေါ်ယူ၍ များစွာသော ရဲမက်စစ်သည်များပေးအပ်ကာ သောင်းကျန်းနေသော သူရဲကြီးငမန်းရဲကိုတိုက်ချေဟု အမိန့်ပေးလေသည်။ စစ်သူကြီလည်း အားရရွှင်လန်းစွာ စစ်ချီသွားပြီး သူရဲကြီး ငမန်းရဲနှင့် ငမန်းရဲမြစ်တွင် စစ်တိုက်ကြရာ ငမန်းရဲသည် အင်အားနည်းပါးစစ်မခံနိုင်၍ ပိန္နဲချောင်းကျွန်းသို့တက်ပြေးလေသည်။

စစ်သူကြီးလည်း နောက်မှလိုက်လာ၍ ထိုကျွန်း၌သူရဲငမန်းရဲကို ဝိုင်းထားကြသည်။ သူရဲငမန်းရဲသည် နေ့ည (၃) ရက်ပတ်လုံး ထမင်း ငါးဟင်း အစာမစားရဘဲ တောထဲ၌ ပုန်းနေသည်။

ယောက်ဖဖြစ်သူ စစ်သူကြီးသည် ထမင်း၊ ငါး၊ ဟင်းတို့ကို ပြခေါ်လေသောအခါ သူရဲကြီးငမန်းရဲသည် မိမိသေဖို့သောဘေးကို မမြင်ဘဲ ဆာလောင်မွတ်သိပ်လှသဖြင့် ထမင်းနှင့် ငါးဟင်းတို့ကို အားရပါးရစားလေသည်။

သူရဲကြီးငမန်းရဲသည် ထမင်းငါးဟင်း အဝစား၍ ယစ်ဝနေသည့်အခိုက်တွင် စစ်သူကြီးသည် ငမန်းရဲဦးခေါင်းကိုဖြတ်လိုက်လေသည်။ စစ်သူကြီးသည် ဦးခေါင်းကိုဆောင်ယူလျက် မင်းဗာကြီးထံ ဆုလာဘ်ရရှိနိုးဖြင့် ဆက်သလာသည်။

ထိုအခါ ဘုရင်မင်းဗာကြီးသည် ညှိုးငယ်နေသော မျက်နှာတော်ဖြင့် ဆက်သလာသော စစ်သူကြီးအား စိုက်၍ကြည့်ကာ (မိမိ၏ယောက်ဖ

အရင်းကိုတောင်မှ ချစ်ခင်မြတ်နိုးခြင်းမရှိ ရက်စက်လှပါဘိသည်၊ ငါသို့သောသူကိုကား အဘယ်မှာချစ်ခင်အံ့ပါနည်း)ဟုဆို လျက် စစ်သူကြီးကို လူသတ်သား၏လက်ထဲသို့ အပ်နှံလိုက်လေသည်။

စစ်သူကြီးသည် အသိဉာဏ်နည်းပါးသူဖြစ်သည်။ အမိန့်ပေးသည်ထက်ကျူးကျူးလွန်လွန်ဆောင်ရွက်ခဲ့သည်။ သူတစ်ပါး၏ အသက်ကိုဖက်ရွက်တစ်ရွက်ပမာသာ တန်ဖိုးထားသည်။ ရက်စက်ကြမ်းကြုတ်သော လူမိုက်တစ်ဦးသာလျှင်ဖြစ်သည်။ ဘဝသင်ခန်းစာတစ်ခုအဖြစ်ယူထားသင့်သော သာဓကတစ်ခုဖြစ်ပါသည်။

*

## အခန်း (၁၉)

# ပညာရှိစကားကိုမနာခံ၍ စူဠစန္ဒြားမင်း ရေနစ်သေဆုံးရခြင်း

စူဠစန္ဒြားမင်းသည် ဝေသာလီကျောက်လှေကားမြို့၌ နောက်ဆုံး နန်းစံခဲ့သော ဘုရင်တစ်ပါးဖြစ်သည်။ ရခိုင်သက္ကရာဇ် (၉၅) ခုနှစ်တွင် နန်းတက်သည်။ စန္ဒာဒေဝီမည်သော မိဖုရားနှင့် ဘိသိက်ခံယူသည်။ ဤမင်းကား အရောင်အဆင်းခွန်အားနှင့်ပြည့်စုံသည်။ ဘုန်းလက်ရုံး ကြီးမားသည်။ ရတနာသုံးပါးကို မြတ်နိုးသည်။

နန်းတက်၍ နန်းသက် (၃၆)နှစ် သက်တော် (၅၉)နှစ်သို့ ရောက်သောအခါ မင်းကြီး၌ (ဦးကြပ်အနာ)ရောဂါစွဲကပ်လာသည်။ ယင်းကို မင်းကြီးက ပညာရှိတို့အား မေးရာ ဟူးရားတတ်တို့က. . .

"အရှင်မင်းကြီးသည် ရှေးဘဝဖြစ်စဉ်က ပဥ္စာလရစ်သင်းတွဲ ပြည်၌ ခွေးငယ်တစ်ဇစ်ဖြစ်ခဲ့ဖူးသည်။ ထိုခွေးငယ် သေသောအခါ

ဦးခေါင်းခွံကိုတစ်ခုသော ညောင်ပင်ပွကြား၌ ကြပ်ထားကြသည်။ ကာလကြာလတ်၍ ထိုညောင်ပင်မျိုလာသည့်အခါဝယ် လေခတ်လျှင် ညောင်ပင်လှုပ်သောကြောင့် ယခု လူမင်းဖြစ်လာသော ဘဝရှင်မင်းကြီးသည် ဦးကြပ်နာဖြစ်ရသည်"ဟူ၍ လျှောက်တင်ကြသည်။

ထိုသို့လျှောက်တင်သည်ကို မင်းကြီးသည် လွန်စွာယုံကြည်ပြီး ဝေဒနာပျောက်ရန် သင်းတွဲပြည်သို့သွားလိုသည်။ ဦးစွာ စူဠစန္ဒြားမင်းကြီးသည် သင်းတွဲပြည်မင်းကြီးထံသို့ စာချွန်တော်ကို လုံပုံတော်နှင့်ပို့သည်။ နှစ်လခရီးကို တခဏချင်းရောက်ရှိသွားသည်။ သင်းတွဲပြည်က မင်းကြီး ကမ္ပည်းစာကိုကြည့်သော် ကြောက်လန့်လျက် သင်းတွဲပြည်သို့ ခြေတော်စုံကြွပါဟူ၍ စာပြန်လိုက်သည်။

ထို့ကြောင့် မင်းကြီးသည် တကောင်းသင်းတွဲပြည်သို့သွားရောက်ရန် ဆန္ဒများစွာရှိခဲ့သည်။ ပညာရှိပုဏ္ဏားဖြူပုဏ္ဏားညိုတို့ကို မေးမြန်းသည်။ ဥတ္တမစောနှင့် ဝသီတေဇဟူသော ပညာရှိနှစ်ဦးက (ဤနှစ်သက္ကရာဇ်တွင် ကြွချီတော်မူပါက ပြန်လမ်းကျိန်းမရှိကြောင်း) လျှောက်တင်ကြသည်။

ထိုစကားကို မင်းကြီးသည် နာတော်မမူဘဲ မင်း၏မာန်ဖြင့်နေတော်မူလေလျှင် မင်းကြီး၏ အလိုကိုလိုက်၍ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က (ကြွတော်မူလိုလျှင်လည်း ကြွတော်မူသင့်ပါ၏)ဟု ဥပါယ်တမျဉ်ဖြင့် လျှောက်တင်ကြလေလျှင် မင်းကြီးသည် ကြွချီရန်စီစဉ်လေသည်။

စူဠစန္ဒြားမင်းကြီးသည် ကိုယ်ဝန်သုံးလရှိနေသော စန္ဒာဒေဝီမိဖုရားအား သိကြားပေးအပ်သော ပတ္တမြားလက်စွပ်ကိုပေးတော်မူ၍ ဤသို့မှာသည်။

"ချစ်လှစွာသော မိဖုရားကြီး. . ငါသည်ကား ဝေးရပ်မြေခေါင်သို့ ကြွချီရမည်။ သမုဒ္ဒရာခရီးဖြစ်၍ဘေးဥပဒ်များသည်။ ပြန်မရောက်လာသော် ဤလက်စွပ်နှင့်တိုင်း၍တန်သောသူကိုမင်းပြုလေ. . ."

မင်းကြီးသည် မှူးမတ်တို့ဆင်ယင်သော ရွှေလှေဖောင်တော်နန်းပြာသာဒ်၌ စံမြန်းသည်။ လှေတော်ရံ (၉)သောင်း ဝိုင်းရံလျက်

တကောင်းသင်းတွဲပြည်သို့ခရီးထွက်ကြသည်။ လမ်းခရီး၌ ပဲခူးပြည်ဝယ် ပဲခူးမင်းတို့၏ ဆက်သလာသော လက်ဆောင်ပဏ္ဏာတော်ကိုလက်ခံရယူသည်။ ဧရာဝတီမြစ်ကြောင်းကိုဆန်လျက် သင်းတွဲပြည်သို့ကြွချီရာ လမ်းခရီး၌ မိုးကောင်း၊ မိုးညင်းစံပြမြစ်ညာ မင်းတို့၏ အဖူးအမြော်ကိုခံယူသည်။ ထိုမင်းတို့က လက်ဆောင်ဆက်ကြသည်။

တကောင်းသင်းတွဲပြည်သို့ရောက်သွားသည့်အခါ တကောင်းမင်းသည် စစ်အင်္ဂါလေးပါးခင်းကျင်းလျက် မှူးမတ်အပေါင်းခြံရံ၍ ရခိုင်မင်းကို ခရီးဦးကြိုပြုကြသည်။

စူဠစန္ဒြားမင်းကြီးသည် ထိုညောင်ပင်ကိုရှာဖွေ၍ ရလေလျှင် မီးတိုက်ပြီးမှညောင်ပင်အရာရှိအရပ်၌ စေတီတည်သည်။ ခြောက်သိန်းသော ရွှေစင်တို့ဖြင့် အလှူကြီးကိုပေးသည်။

စူဠစန္ဒြားမင်းသည် သင်းတွဲပြည်၌ (၃)လ (တချို့ကျမ်း၌ သုံးနှစ်) မင်းစည်းစိမ်းကိုခံစားပျော်မွေ့ပြီး ရခိုင်ပြည်သို့ရေကြောင်းခရီးအတိုင်း ပြန်ကြွချီလာရာ ပင်လယ်အထွက် နဂရစ်အငူတွင် နဂါးနှစ်၍ ကွယ်လွန်လေသည်။

စူဠစန္ဒြားမင်းသည် ပညာရှိပုဏ္ဏားရေးတတ် ဥတ္တမစောနှင့် ဝသီတေဇတို့၏စကားကိုငြင်းဆန်ခဲ့ပြီး မိမိလိုရာဆန္ဒတစ်ခုတည်းကိုသာ ဦးစားပေးရွေးချယ်သွားလာခဲ့သဖြင့် ရေနစ်သေဆုံးရခြင်းဖြစ်သည်။ ပညာရှိတို့၏စကားမပယ်သင့်ပါ။ နှလုံးသွင်း၍ဆင်ခြင်အပ်ပေသတည်း။

*

## အခန်း (၂၀)

# ဥဂ္ဂါဗလမင်း ကံတော်ကုန်ရခြင်း

တတိယမြောက်ဦးခေတ် စန္ဒသုဓမ္မရာဇာမင်းကွယ်လွန်လျှင် သားတော်အိမ်ရှေ့မင်းသား ဥဂ္ဂါဗလသည် မိဖုရား သုဝဏ္ဏကလျာနှင့် ဘိသိက်ခံ၍ ရခိုင်သက္ကရာဇ် (၁၀၃၆) ခုနှစ်တွင် နန်းတက်သည်။ ဘွဲ့အမည်အားဖြင့် (သီရိသုဓမ္မရာဇာ)ကို ခံယူတော်မူသည်။

ဥဂ္ဂါဗလသည် မင်းဖြစ်လာသောအခါ၌ မြောက်ဦးရွှေနန်းတော် အပြင် ယခင် ခြိပ်မြို့ဟောင်း၌ မင်္ဂလာနန်းတော်ကိုဆောက်လုပ်သည်။ ထိုနန်းတော်အနီး မင်္ဂလာဦးစေတီနှင့် မင်္ဂလာဦးကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းသည်။ ထိုနန်းတော်သို့ (၁၀၃၆) ခုနှစ် နတ်တော်လဆုတ် (၁၀) ရက်နေ့တွင် နန်းတက်ကာ အလှူကြီးကိုလည်း ပေးလေသည်။

ပြာသိုလသို့ရောက်လတ်သောအခါ၌ မဟာမုနိဘုရားအား ဖူးမြော်ရန်ကြွချီတော်မူခဲ့သည်။ ပြည်သူပြည်သားတို့ကို ဘုရားရုပ်ရှင်တော်အထံ၌ သစ္စာရေတိုက်၍ ပြန်လာခဲ့သည်။ တန်ခူးလဟောင်း

လပြည့်ကျော်တစ်ရက် ကြာသပတေးနေ့တွင် လောကမာန်အောင် သိမ်ထဲ၌ ပဋ္ဌာန်း (၁၀၀၀)ကို ခံတော်မူလျက် အလှူကြီးကို ပေးလေသည်။

ရခိုင်သက္ကရာဇ် (၁၀၃၇) တနန်းခူးလဆုတ် ခြောက်ရက်၊ ဗုဒ္ဓဟူး နေ့တွင် မဟာမုနိရုပ်ရှင်တော်ကို ထပ်မံပူဇော်ကန်တော့အံ့သောငှာ ကြွချီရန်ပြင်သောကာလ ပညာရှိဟူးရားတတ်တို့က. . .

"အရှင်မင်းကြီး ထိုအရပ်သို့ကြွချီတော်မမူသင့်ပါ" ဟုလျှောက် တင်လျှင် ယင်းကို လျစ်လျူရှုပြီး မဖြစ်ဖြစ်အောင် ရေလမ်းခရီးဖြင့် ကြွချီလေသည်။ ဘုရားရင်ပြင်၌ သုံးရက်ပတ်လုံး အလှူကြီးကိုပေးသည်။ ယင်းမှပြန်လာလျှင် ရမ်းဝစည်းမှာ တစ်ရက်ရပ်နားသည်။ မင်းဆိပ်နန်း မြေအရပ်တွင် သုံးရက်နေတော်မူပြီးမှ မြောက်ဦးရွှေနန်းတော်သို့ မဝင်ဘဲ ကဆုန်လဆုတ် (၁) ရက်နေ့ ရွှေဖောင်တော်စီးလျက် ခြိပ်ချောင်းသို့ ခရီး ဆက်လေသည်။

ဘုရင်အားလုပ်ကြံရန်ကြံစည်နေသော တောင်ဘက်စား သီဟသူ အမတ်သည် ခြိပ်မြို့ဟောင်းအရပ်တွင် လျှို့ဝှက်တပ်ချထားသည်။

ဥဂ္ဂါဗလမင်းကြီးသည် ဤအကြောင်းကိုသိလေလျှင် ငါတို့မဟာ နွယ်သာကီဝင်မင်းမျိုးတို့သည် ကျွန်မျိုးတို့ကိုကြောက်လန့်ခြင်းမှကင်းဝေး သည်။ တုန်လှုပ်ခြင်းအလျှဉ်းမရှိ နန်းတော်သို့ဝင်လေလျှင် ရန်သူ့ဘက်မှ စတင်တိုက်ခိုက်သည်။ ဥဂ္ဂါဗလမင်းကြီးသည် တစ်ဖက်ရန်ကို ခုခံရင်း ရန်သူ့လက်ချက်ဖြင့် ဘုရားခြေတော်ရင်း၌ နတ်ရွာစံကာတော် ကုန်လေ သည်။

ဥဂ္ဂါဗလမင်းသည် ပညာရှိဟူးရားတတ်တို့၏ တားမြစ်ချက်ကို လျစ်လျူရှုခဲ့သည်။ မဟုတ်မခံ ရဲရင့်သော ပြတ်သားသောစိတ်ရှိသည် ဖြစ်သော်လည်း **ဉာဏ်ပညာပရိယာယ်မကြွယ်ဝသဖြင့်** ရန်သူ့ လက်ချက်ကြောင့်သေပွဲဝင်ခဲ့ရသော ဘဝသင်ခန်းစာတစ်ရပ်ဖြစ်သည်။

*

# အခန်း (၂၁)

# ယော်ကျွန်ကိုယုံ၍ အသတ်ခံခဲ့ရသော အဘယမဟာရာဇာမင်း

အဘယမဟာရာဇာမင်းသည် ရခိုင်သက္ကရာဇ် (၁၁၂၆) ခုနှစ်တွင် နန်းတက်သောမင်းတစ်ပါးဖြစ်သည်။ ဤမင်းနန်းမတက်ခင်က ခင်မင်ရင်းနှီးချစ်ကျွမ်းဝင်သော သက်လူမျိုး ငသောက်ကြာနှင့် ငသောက်ကြယ် ညီနောင်နှစ်ဦးရှိလေသည်။

အဘယမဟာရာဇာမင်းကြီးသည် သဒ္ဒါထက်သန်သူဖြစ်ပြီး စေတနာပေါများသူလည်းဖြစ်သည်။ ယော်ကျွန် ငသောက်ကြာနှင့် ငသောက်ကြယ်တို့ကို သဒ္ဒါရှိတော်မူ၍ အမတ်ကြီးခန့်အပ်လိုသည်။ ယင်းကိုရှေးပညာရှိမျိုးရိုး အတွင်းတော်မှူး စိန်တင်စား(စိုင်းတင်စား) အမတ်ကြီးရွှေသဲက ရှေးပညာရှိတို့ဆိုခဲ့သော ရာဇမင်းသုံး ထုံးဟောင်းစာတမ်းကို ကိုးကားလျက် အမတ်ကြီးမခန့်အပ်သင့်ကြောင်းကို ပြောင်ပြောင်တင်းတင်းလျှောက်တင်လေသည်။

အဘာယမဟာရာဇာမင်းသည် အမတ်ပညာရှိ၏စကားကိုမနာယူ၊ လျစ်လျူရှုလေသည်။ အစ်ကိုဖြစ်သူ ငသောက်ကြယ်ကို လက်ယာမြန်အမတ် ခန့်အပ်သည်။ ညီဖြစ်သူ ငသောက်ကြာကို ဓါးပိုင်ကြီးအမတ်ခန့်အပ်သည်။

တစ်ခါသော် ဓါးပိုင်ကြီးငသောက်ကြာသည် စစ်တွေကျွန်းမှ ကုလားတို့ကိုခေါ်ယူစုရုံးပြီး ဆုလာဘ်များပေး၍ ဘက်တော်သားအဖြစ်အင်အားစုဆောင်းသည်။ ယင်းကို ပညာရှိအမတ်ကြီး ရွှေသဲက သတိပေး၍ မင်းကြီးအား လျှောက်တင်သည်။

အဘာယမဟာရာဇာမင်းသည် ငသောက်ကြယ်၊ ငသောက်ကြာညီအစ်ကိုနှစ်ယောက်လုံးကို ငယ်ကျွန်တော်များဖြစ်သည့်အားလျော်စွာယုံကြည်အားထားသည်။ ထိုညီအစ်ကိုနှစ်ယောက်တို့သည် မိမိအပေါ်၌ သစ္စာဖောက်မည်မဟုတ်ဟု ယုံကြည်ထင်မှတ်သည်။

ထို့ကြောင့် ဓါးပိုင်ကြီး အမတ်ငသောက်ကြာနှင့်ပတ်သက်၍ အမတ်ပညာရှိရွှေသဲက အကြိမ်ကြိမ်လျှောက်တင်ခဲ့သော်လည်း ယုံမှားသံသယ အလျှဉ်းမရှိခဲ့ပေ။ ထားမြဲအတိုင်းသာ ထားခဲ့သည်။ ထိုမင်းသည် ကုသိုလ်ကောင်းမှုအထွေထွေကိုကောင်းစွာပြုလုပ်သည်။ သီလနှင့်လည်းပြည့်စုံသည်။ အမျိုးလေးပါးကိုလည်း သနားကြင်နာသည်။ ပေးကမ်းစွန့်ကြဲခြင်းလည်းရှိသည်။ ရဟန်းသံဃာတော်တို့အားလည်း အလှူအတန်းပြုသည်။

ထိုမင်း၏သားတော်အိမ်ရှေ့မင်းရဲဘော်မှာကား မကောင်းမှုဒုစရိုက်အကျင့်ရှိသည်။ ရဟန်းသံဃာတော်တို့အား ပုတ်ခတ်ဟိန္နပြုသည်။ ပြည်သူတို့အားလည်း မလေးမခန့်ဆက်ဆံသည်။

တစ်ခါတွင် အိမ်ရှေ့မင်းရဲဘော်သည် အခန့်မသင့်စိတ်ဖြစ်ပေါ်ပြီး ခမည်းတော်ခန့်အပ်သော လက်ယာမြန်အမတ်ငသောက်ကြယ်ကိုခေါ်၍သတ်ပစ်လိုက်လေသည်။

အစ်ကိုဖြစ်သူ ထိုသို့အသတ်ခံရသောအခါ ညီဖြစ်သူ ဓါးပိုင်ကြီးအမတ်ငသောက်ကြာသည် မူလကပင် ဘုရင်အားသတ်ရန်ကြံရွယ် ချက်

ရှိနေသဖြင့် မြောက်ဦးမြို့တော်မှ ထွက်ပြီး ဦးရာဇ်တောင်တွင် တပ်ချ စုရုံးသည်။

ငါးပိုင်ကြီးငသောက်ကြာသည် ဦးရာဇ်တောင်မှနေ၍ တိုက်စည်တိုက်မောင်းတီးလျက် သောင်းကျန်းလေသည်။ ထိုသတင်းကို အဘယမဟာရာဇာမင်းကြီးသိလေလျှင် တမန်တော်များကိုစေလွှတ်လျက် ရန်ကျေအေးရန်ဆောင်ရွက်သည်။ ယင်းကို ငါးပိုင်ကြီး ငသောက်ကြာသည် လုံးဝငြင်းပယ်လေသည်။ ထို့နောက် အဘယရာဇာမင်းက ညီဖြစ်သူ ရမ်းပြည်မြို့စား ချစ်သူကိုခေါ်၍ ထပ်မံကျေအေးဖို့စေလွှတ်တော်ပြန်သည်။

ငါးပိုင်ကြီးငသောက်ကြာထံ ရမ်းပြည်မြို့စားချစ်သူရောက်သွားသည့်အခါ ငါးပိုင်ကြီးက ရွှေနန်းရှင်မင်းတရားကို ငါ မလုပ်ကြံပါ။ သားတော်အိမ်ရှေ့မင်းရဲဘော်ကိုသာ လုပ်ကြံလိုခြင်းဖြစ်သည်ဟု ဆိုလေသည်။

ငါးပိုင်ကြီးငသောက်ကြာသည် ရခိုင်သက္ကရာဇ် ၁၁၃၅ ခု တပို့တွဲလတွင်များစွာသော ရဲမက်အပေါင်းနှင့်ချီတက်လာကြပြီး မြောက်ဦးနန်းထဲသို့ဝင်ကာ တိုက်ခိုက်သည်။ မြို့နှင့် ထီးနန်းကို ရရှိလေသည်။

ထိုအခါ ငသောက်ကြာသည် ငယ်သခင်ကျေးဇူးရှင်ဖြစ်သော ကျေးဇူးကိုမသိ အဘယမဟာရာဇာမင်းကို ကွပ်မျက်သတ်ပစ်လေသည်။

ထို့ကြောင့် ပညာရှိအမတ် သုခမိန်ရွှေသဲက မူလကပင် ဤကျွန်နှစ်ယောက်ကို ရာထူးမပေးသင့်၊ မခန့်သင့်သည်ကိုအကြိမ်ကြိမ် လျှောက်တင်ခဲ့ဖူးပါသည်။ ယင်းကိုအဘယမဟာရာဇာမင်းက ပညာရှိစကားကို လက်မခံလျစ်လျူရှုခဲ့၍ ဘုရင်မှာ ငယ်ကျွန်ထံ အသတ်ခံခဲ့ရသော သင်ခန်းစာတစ်ရပ်ဖြစ်လေသည်။

*

# အခန်း (၂၂)
# ဖျက်သည်လည်းကိုယ်တော်ရဲ့ ပြင်သည်လည်းကိုယ်တော်ရဲ့

ရခိုင်သမိုင်းထဲ၌ တတိယမြောက်ဦးခေတ်အစပိုင်းတွင် အာဏာစက်မတည်မြဲသော မင်းဆက် (၉)ဆက်ရှိခဲ့ပါသည်။ ဝရဓမ္မရာဇာမှ စန္ဒသူရိယရာဇာမင်းအထိဖြစ်လေသည်။ နှစ်ကာလအားဖြင့် (၂၅) နှစ်ရှိခဲ့လေသည်။

ဝရဓမ္မရာဇာမင်းသည် နောင်တော်ဥဂ္ဂါဗလမင်း၏ ထီးမွေနန်းမွေကိုဆက်ခံခဲ့ခြင်းဖြစ်သည်။ ပြည်သူတို့နှင့် မှူးမတ်တို့က တင်မြှောက်၍ မင်းဖြစ်လာသည်။ မင်းမြှောက်ဘိသိက်သွန်းသည့်အခါ လူကြီးသူမတို့ကို ငွေဒင်္ဂါး (၃၀)၊ ပြည်သူတို့ကို ငွေဒင်္ဂါး (၁၅)ပြား ပေးကမ်းသည်။ နန်းတော်မှ ကိုယ်ရံတော်သူရဲတို့ကိုလည်း တစ်လ ငွေဒင်္ဂါ (၄)ပြားစီထောက်ပံ့သည်။

ဤမင်းသည်မှူးမတ်နှင့် ပြည်သူတို့ကို မင်းဘဏ္ဍာတော်မှ ထောက်ပံ့ခြင်းပြုသော်လည်း ဤမင်းအား မကျေနပ်သူများက ပုန်ကန်ခဲ့ကြသည်။

အထူးသဖြင့် ကိုယ်ရံတော်တချို့သည် ဆင်ကဲကြီးတရဖျားနှင့် လက်ဝဲမြန်၊ လက်ယာမြန်တို့ကို ဓါးလှံ့ချီ၍ လွှတ်တော်ထက်၌ပင် သတ်ပစ်သည်။ ရှေးမင်းစဉ်ဆက်ဘဏ္ဍာတော်ဖြစ်သော ရွှေ၊ ငွေတို့ကို လုယူကြသည်။ မင်းသမီး၊ မောင်းမတို့ကိုလည်း ကိုယ်ပိုင်မယားအဖြစ် ယူကြသည်။ မင်းမတည် ပြည်မရပ်ဖြစ်ခဲ့သည်။

နန်းစံ (၇)နှစ်မြောက်တွင် ဤဝရဓမ္မရာဇာမင်းအား ကိုယ်ရံတော်တို့သည် ညီညာ၍ နန်းမှချကြသည်။ သည့်နောက်ကိုယ်ရံတော်တို့သည် နောင်တော်အိမ်ရှေ့မင်းသား မဏိသုဓမ္မရာဇာကို မင်းမြှောက်ကြသည်။ ကိုယ်ရံတော်တို့က ရှေးကကဲ့သို့ လစာကိုတောင်းခံကြရာ ငါ့မှာဥစ္စာမရှိ၊ ရွှေ၊ ငွေဟုမရှိဆိုလျှင် ထိုလ၌ပင် ကိုယ်ရံတော်တို့က မဏိသုဓမ္မရာဇာကို နန်းမှချ၍ ယခင်နန်းကျ ဝရဓမ္မရာဇာမင်းကို ပြန်လည်၍ နန်းတင်ကြသည်။ မိုးမရွာဘဲ နေပူလျှင် ဝရဓမ္မရာဇာမင်းကို နန်းမှချ၍ မဏိသုဓမ္မရာဇာမင်းကို ပြန်လည်နန်းတင်ကြသည်။

ထိုမင်းနောက်တွင် ညီဖြစ်သူသံတွဲစားကို နန်းတင်ကြသည်။ စန္ဒသူရိယဓမ္မရာဇာဘွဲ့ကိုခံယူသည်။ ဤမင်းကိုနန်းတင်၍မကြာမီတွင် ကိုယ်ရံတော်တို့က နန်းကပြန်ချလျက် ဝရဓမ္မရာဇာမင်းကိုနန်းတင်ကြသည်။ ဤကြား၌ သောင်းကျန်းသူကုလားနှင့် တလိုင်းတို့ဝင် ရောက်လာပြီး အခွင့်ကောင်းယူကာ မြောက်ဦးနန်းကိုလာတိုက်သည်။ ဝရဓမ္မရာဇာမင်းကိုနန်းချကာ ယခင် စန္ဒသူရိယရာဇာမင်းကို နန်းတင်ကြပြန်သည်။

ယင်းသို့ဖြစ်နေခြင်းကို သူရဲညီသည် ကိုယ်ရံတော်ကြီးများကို စုရုံးကာ ကုလားနှင့် တလိုင်းတို့အား စစ်တိုက်ခဲ့ရာ အောင်မြင်သည်။ ကိုယ်ရံကြီး လှဝန်းသွယ်သည် လူသူအများနှင့်လာရောက်ပြီး စန္ဒသူရိယဓမ္မရာဇာမင်းကိုလှံဖြင့် တိုးသတ်လျှင် ကံတော်ကုန်လေသည်။

ထိုစန္ဒသူရိယဓမ္မရာဇာမင်းလွန်လျှင် ယင်း၏သားတော်တို့ကို ရွှေနန်းတင်ကြသည်။ နော်ရထာဟူသော ဘွဲ့ကိုခံယူသည်။ ဤမင်းကို ကိုယ်ရံတော်တို့က နန်းချ၍ သျှစ်သောင်းဘုန်းတော်ကြီးကျောင်း၌ ထားလေသည်။ နန်းသက် (၁၅) ရက်သာရှိခဲ့သည်။

ရွှေနန်းတော်၌ မင်းမရှိလေသောအခါ ရဟန်းလူထွက် ငှမြူကို နန်းတင်ကြသည်။ မရုပ္ပိယဘွဲ့ကိုခံသည်။ ဤမင်းနန်းတက်၍ (၁၃) ရက်ရှိလျှင် သျှစ်သောင်းဘုန်းကြီးကျောင်း၌လျှိုထားသော နော်ရထာကို သတ်ပစ်ကြသည်။

ဤမင်းလက်ထက်၌လည်း ရခိုင်မင်းများ မဖြသည်ကိုအခွင့်ကောင်းယူ၍ တလိုင်းနှင့် ကုလားတို့ သောင်းကျန်းကြသည်။ မဟာမုနိကို မီးတိုက်ကြသည်။ ဘုရားရုပ်တုတော်ဝယ် ဆင်ယင်လှူဒါန်းထားသော ရွှေငွေ၊ ဥစ္စာရတနာတို့ကိုယူကြသည်။ ယင်းကိုယူပြီးနောက် မြောက်ဦးမြို့သို့ချီလာပြီးတိုက်ခိုက်ကြသည်။ ထိုအခါ ကိုယ်ရံတော်အပေါင်းတို့သည် စုရုံးလျက် တလိုင်းနှင့် ကုလားကို ခုခံတိုက်ခိုက်ကြရာ ကုလားနှင့် တလိုင်းတို့ပျက်စီးလေသည်။ မာရုပ္ပိယမင်းလည်း (၁)နှစ် နန်းစံတွင် နန်းကျလေသည်။

ထိုမင်းနန်းကျလျှင် မျိုးခြားရတနာတစ်ဦးဘုန်းတော်ကြီးကို ဝတ်ဖြူလဲစေ၍ ကိုယ်ရံတော်တို့သည် ညီညွတ်ကာ နန်းတင်ကြသည်။ ကာလဂန္ဓာတ်ဘွဲ့ကိုခံယူသည်။

ဤမင်းလက်ထက် တလိုင်းနှင့် ကုလားတို့သည် ရမ်းဝသို့ထွက်၍ မီးတိုက်ကြသည်။ မီးစားမောင်ကြီးထွက်၍ စစ်တိုက်လျှင် တလိုင်းနှင့် ကုလားပျက်၍ပြေးကြသည်။ ထိုကာလဝယ် အညာအရပ်ကသည် အနောက်အရပ်သို့ကုလားတို့ပြေးကြလေသည်။

ဤမင်းစိုးစံချိန်၌ ပြည်သူလူပေါင်းတို့သည် အချင်းချင်း ထွက်မသွားနိုင်အောင်တိုက်ခိုက်၍လုစားကြသည်။ ကာလဂန္ဓာတ်မင်းကို တန္တဗိုလ်ပုန်ကန်သဖြင့် ကွယ်လွန်လေသည်။ နန်းစံ (၁)နှစ်သာ ရှိခဲ့သည်။

ထိုမင်းလွန်လျှင် မင်းသားရွှေစာငယ်အမည်မောင်ဖြူကို နန်းတင်ကြသည်။ နရာဓိပတိဘွဲ့ကိုခံယူသည်။ နန်းတက်၍ ရက်ပေါင်း (၃၇) ရက်ရှိလျှင် တောင်ဘက်တစ်လွှားတွင် အုပ်ချုပ်နေသော အမတ်နန္ဒစည်သူသည်များစွာသော ဗိုလ်ပါနှင့်လာ၍ နရပတိမင်းကိုနန်းကချပြီးလျှင် (စန္ဒသုဓမ္မရာဇာ)ဟူသော ဘိုးတော်အမည်ကိုခံလျက်နန်းတက်သည်။

နန်းသက် (၁၄) ရက်သာရှိသေးသည်။ ပြည်သူလူထုက မကြိုက်ကြသဖြင့် နန်းတော်ကချုပြီးလျှင် နရပတိမင်းကိုနန်းတင်ကြသည်။

ဤသို့အခါ၌ ရခိုင်ပြည်တွင် လူသူများ ငတ်မွတ်၍ ချောက်၊ မြောင်း၊ တောင်ကြား၊ မြေပြင်၊ ကြောင်းလမ်းတို့၌ သူကောင်ထပ်မျှ သေကြလေကုန်သည်။ ရေတွင်လည်း ကျွန်းထင်းကဲ့သို့ သူကောင်တို့မျော သည်။ တောင်သူတောင်သား ချင်းလင်းတို့သည် ဖမ်းဆီးယူငင်၍ ရောင်း စားကြသည်။ ရွှေငွေဥစ္စာရှိကြသော်လည်း ဝယ်ရန် ရှာမရဖြစ်ကြသည်။ သူခိုးအချင်းချင်း နှိပ်စက်ညှဉ်းဆဲပြုကြသည်။

ဤနရပတိမင်းကို နန္ဒစည်သူမည်သော စစ်သူကြီးသည် များစွာ သောရဲမက်ဗိုလ်ပါနှင့်လာ၍ ပုန်ကန်သည်။ နရပတိမင်းသည် ကြောက် လန့်၍ ရွှေနန်းတော်ကိုစွန့်ကာ လောင်းကြက်ကျွန်း သမန်းချောင်း၌ ပုန်း အောင်းနေရလေသည်။ ယင်းအခါ၌ နရပတိမင်းသည် နန္ဒဗလ စစ်သူ ကြီးကို အကူအညီတောင်းခံလျက် နန္ဒစစ်သူကိုစစ်တိုက်ပေးရန် မေတ္တာ ရပ်ခံသည်။ နန္ဒဗလစစ်သူကြီးလည်း နန္ဒစည်သူအား စစ်တိုက်ရာ သား မယားနှင့် ရွှေငွေတို့ရရှိလာသည်။ ယင်းကို နရပတိမင်းထံ ဆက်သည်။

နန္ဒစည်သူသည် မိမိသားမယားကိုယူသွားသည့်အတွက် ရန်ငြိုး ထားက ရွှေနန်းတော်အနောက်ဘက်မှ ညအချိန်တွင် တိတ်တဆိတ်ဝင်ပြီး နရပတိမင်းကိုလုပ်ကြံလေရာ လွန်တော်မူလေသည်။ နန်းစံ (၂)နှစ် ရှိခဲ့သည်။

ထိုအခါ မင်းရဲကျော်စွာသည် နန်းတက်သည်။ စန္ဒဝိမလဓမ္မ ရာဇာဘွဲ့ကို ခံယူသည်။ ဤမင်းအား နန္ဒစည်သူ သက်စံရွှေတို့သည် ရဲမက်များစွာနှင့် ပုန်ကန်လာသည်။ ဤမင်းသည် မြောက်ဦးရွှေနန်း တော်၌မနေနိုင်ဘဲ ကံဖြူကျွန်းသို့သွား၍လျှို့ဝှက်နေခဲ့ရသည်။ ယင်းမှ တစ်ခါ ကောလိယမင်း၏နန်းရာမြို့ရာ မြို့သာယာတွင် နေသည်။ ယင်းကိုရန်ဘက်ဖြစ်သော သူငယ်တော်ကြီးနန္ဒစည်သူ၊ သီရိဇေယျ၊ ခဲးပိုင်ကြီး ဇေယျဖြူတို့ကလာပြီး စစ်တိုက်သည်။ စန္ဒဝိမလရာဇာမင်း လည်း တောတန်းကျွန်းသို့ တစ်ခါပြေး၍ ပုန်းနေခဲ့ရသည်။ ဤသို့လျှင်

စန္ဒဝိမလမဟာရာဇာမင်းသည်နန်းစံ (၆)နှစ်တွင် ရန်အသွယ်သွယ်ကို ရှောင်တိမ်းရင်း နန်းကျခဲ့လေသည်။

ဤမင်းနန်းကျသောအခါသတိုးလှသည် နန်းတက်သည်။ စန္ဒသူရိယရာဇာဘွဲ့ကိုခံယူသည်။ ဤမင်းလက်ထက်၌လည်း ရှေးမင်းများကဲ့သို့ ပြည်တွင်းစစ်ဆူပူမှုများစွာနှင့်ကြုံတွေ့ခဲ့ရသည်။ နန်းစံ (၄)နှစ်ရှိခဲ့သည်။

အထက်၌ဖော်ပြခဲ့သော ဝရဓမ္မရာဇမင်းမှ စန္ဒသူရိယရာဇာမင်းတိုင်အောင် ကိုးဆက်သောမင်းတို့သည် အာဏာစက်မရပ်တည် နန်းတော်ကိုမျှမပိုင်လေ။ ကိုယ်ရံတော် (၄၂၀၀)လေးသောင်းနှစ်ထောင်တို့သည် ပြည်သခင် အရှင်မင်းတို့အား နန်းတင်နန်းချပြုလုပ်ကြသည်။ ထို့ကြောင့် "ဖျက်သည်လည်း ကိုယ်တော်ရံ၊ ပြင်သည်လည်း ကိုယ်တော်ရံ" ဟု ရာဇဝင်၌ဖော်ပြလေသည်။

ယနေ့ရခိုင်သူရခိုင်သားများ ထိုသို့မရှိကြစေရန် သမိုင်းသင်ခန်းစာတစ်ရပ်ကိုထုတ်နုတ်ဖော်ပြပါသည်။

*

# အခန်း (၂၃)
# ရခိုင်ထီးကျိုးစည်ပေါက် အထူးသင်ခန်းစာ

ရခိုင်သမိုင်း၌ ထီးကျိုးစည်ပေါက်ဖြစ်ခဲ့ရသောအကြောင်းကို ယနေ့ရခိုင်သူရခိုင်သားများ အထူးလေ့လာ၍ သင်ခန်းစာတစ်ရပ်အဖြစ် သိရှိထားသင့်ပါသည်။

ရခိုင်ထီးနန်းသုဉ်းခဲ့ရခြင်းသည် မဟာသမ္မတရာဇာမင်းလက်ထက်၌ ဖြစ်ပေါ်ခဲ့သည်။ ၎င်းမင်းလက်ထက်မတိုင်မီ ရှေ့က မင်းတစ်ပါး အကြောင်းကိုလည်း လေ့လာသင့်ပေသည်။ ထိုမင်းမှာ စန္ဒတိသုရာဇာ မင်းပင်ဖြစ်ပါသည်။

ဤမင်းငယ်နာမည်မှာ အောင်စုန်ဖြစ်သည်။ ရမ်းဗြဲကျွန်းဇင်ချောင်း ဝက်တောပြင်ရွာသားဇာတိဖြစ်ကြောင်း ဆိုကြသည်။ အောင်စုန်သည် လက်ရုံးရည်ပြည့်ဝပြီး နောင်တွင် ရမ်းဗြဲကျွန်း၌" ဗိုလ်မင်းအောင်စုန်"ဟူ၍ ထင်ရှားလာခဲ့သည်။ ထက်ထက်မြက်မြက်စစ်သူကြီးတစ်ဦးလည်းဖြစ်လေသည်။

စန္ဒဝိမလရာဇမင်းကို နန်းချလျက် မြောက်ဦးရွှေနန်းတော်ကို သိမ်းယူသည်။ ရခိုင်သက္ကရာဇ် ၁၁၃၉ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၃) ရက် ကြာသပတေးနေ့တွင် နန်းဆက်မိဖုရား စိန်ခိုင်နှင့် ဘိသိက်ခံ၍ စိုးစံတော်မူသည်။

သတိဝိရိယစွဲမြဲသည်ကို အကြောင်းပြုလသျက် (စန္ဒသတိသရာဇာ)ဟူသောဘွဲ့အမည်ကို ခံယူသည်။ ဤမင်း နန်းတက်သောအခါ စာဖတ်တတ်ဗိုးဝေ၊ ကွမ်းပုံတောင်စား တုံးကျော်ဝေတို့က မလိုလားကြသဖြင့် ကျောက်ခုတ်အရပ်မှနေ၍ သောင်းကျန်းကြသည်။

အဘယရာဇာမင်း၏ညီဖြစ်သော ရမ်းပြည့်စားချစ်သူသည် စန္ဒသတိသရာဇာမင်းကို "ဖြားခန်း၍ သစ်ငုတ်ပေါ်သည်"ဟူ၍ ပြောသောအခါ စန္ဒသတိသရာဇာမင်းက ငါ့အား မလေးခန့်သောစကားကိုဆိုသည်၊ ရမ်းဗြဲစားချစ်သူသည် ရှေးကလည်း နှိပ်စက်ဖူးသည်၊ ယခုလည်း နှိပ်စက်သောစကားကို ဆိုရာသလားဟူ၍ မိန့်ဆိုလျက် ကုလားပုန်းတောင်ကောင်းငကတ်တင်ကို သတ်ရန် စေခိုင်းသည်။ ငကတ်တင်လည်း သွားလေ၍ ရမ်းဗြဲစားချစ်သူကို ဖမ်းယူကာ သစ်ပစ်လေသည်။

သက္ကရာဇ် ၁၁၃၉ ခု၊ တော်သလင်းလဆန်း (၃)ရက် ဗုဒ္ဓဟူးနေ့ငါးဇင်ရိုင်းချောင်းဝယ် ငသံတွေ သောင်းကျန်းသည်။ စန္ဒသတိသရာဇာမင်းကိုယ်တိုင် စစ်ထွက်ပြီးတိုက်ခိုက်ခဲ့ရသည်။

ထိုနှစ် ဝါခေါင်လပြည့်ကျော် (၄)ရက် တနင်္လာနေ့တွင် ယိုးသံပြင်၌ သံတောင်စား တုံးခင်ရွှေသည် သောင်းကျန်းသည်။ စန္ဒသတိသရာဇာမင်းလည်း စစ်ချီ၍ တိုက်ခိုက်ခဲ့ရသည်။

တစ်ခါ နတ်တော်လဆန်း (၁၁)ရက် ကြာသပတေးနေ့တွင်

သံတောင်စား တုံးခင်ရွှေနှင့် ကွမ်းပုံတောင်စား တုံးကျော်ဝေ တို့ အလောင်းသမားကျွန်းကို မီးတိုက်ကြသည်။

ဤသို့လျှင် ဗိုလ်မင်းအောင်စုန် နန်းရလာသောအခါ၌ ဘုရင်ကို မလိုလားကြသော ရန်သူအုပ်စုအသီးသီးသည် ရခိုင်ပြည်တစ်ဝန်းလုံး၌ ပေါ်ပေါက်ခဲ့သည်။ ယင်းတို့က ဘုရင်အား ဆန့်ကျင်တော်လှန်ကြသဖြင့် ဘုရင်ကိုတိုင် စစ်ချီစစ်ထွက်၍ အကြိမ်ကြိမ်တိုက်ခိုက်နေခဲ့ရသည်။

စန္ဒသတိဿရာဇာမင်းသည် ရမ်းဗြဲကျွန်းဇာတိဖြစ်သဖြင့် မိမိ ဇာတိမြေကိုချစ်ခင်သည်။ မြောက်ဦးရွှေနန်းတော်ကို ပြည်စိုးကြီး (ညီရွှေ) အား ယာယီတာဝန်လွှဲအပ်ထားပြီး ၁၁၃၉ ခု တန်ခူးလဆန်း (၂)ရက် တနင်္လာနေ့တွင် မှူးမတ်ခြံရံလျက်ရေကြောင်းဖြင့် သင်္ကြန်စားရန် ရမ်းဗြဲ ကျွန်းသို့သွားသည်။

မြောက်ဦးမြို့မှထွက်လတ်၍ အဠနနဒီ ရာမောင်မြစ်သို့ ရောက် လာလျှင် လက်ဝဲမြန်ဘထော်ဆိုသူသည် စစ်သူကြီးတချို့ကို စည်းရုံးပြီး လမ်းခုလတ်မှ မြောက်ဦးမြို့သို့ ပြန်ဝင်လာသည်။

စန္ဒသတိဿရာဇာမင်း တင်ထားခဲ့သော ယာယီဘုရင် ညီရွှေကို နန်းမှဖယ်ရှားလိုက်ပြီး ကုလားတန်စား ဓားပြန်စီးဆိုသူကို နန်းတင်ကြလေ သည်။

လက်ဝဲမြန် ဘထော်သည် ရာမောင်မြစ်အနီး ဘားမြို့အရပ်၌ စန္ဒသတိဿရာဇာမင်း ရမ်းဗြဲမှ ပြန်လာလျှင် တိုက်ခိုက်ရန် မဟာခနေ လေးတပ်ကြီးကို တည်သည်။ တစ်ခါ ယင်း၏အနီးအနားဖြစ်သော သောင်းခေါင်မော်တပ်နှင့် ကျိန်းဂန့်ဂေါ်တပ်ကိုလည်း တည်သည်။

ထိုမဟာခုလေးတပ်သည် လူသန် (၄၀)တင်မှ လေးညှို့လေးချက် သို့ရောက်သည်။ မြားချောင်း ၁၂ ချောင်းပါသည်။ ဤလေးဖြင့် ဘုရင် စန္ဒသတိဿရာဇာမင်းကို ဖြိုခွင်းရန်ဖြစ်လေသည်။

စန္ဒသတိဿရာဇာမင်းကြီးသည် ရမ်းဗြဲကျွန်းသို့ရောက်လျှင် ရွာတော်မင်းရပ်၊ အလယ်သံချောင်း တဲနန်းတော်၌ စံမြန်းလျက် သူပုန် ရန်တို့ကို ဆုံးမသည်။ ဆွေမျိုးတို့ကို ဆုလာဘ်ပေးသည်။ သင်္ကြန်စား

ခေါ်ပြီး အလှူကြီးပေးသည်။

ထိုသောအခါ. . . ကုလားတန်စား ဓားပြန်စီးနှင့် လက်ဝဲမြန်ဘထော်တို့သည် စန္ဒတိသုရာဇာမင်းအား ပုန်ကန်ခြင်းကို သိလေသည်။

လက်ဝဲမြန်ဘထော် မဟာနေလေးတပ်တည်ထားခြင်းကို နှိမ်နင်းရန်အတွက် စန္ဒသတိသုရာဇာမင်းသည် ဓားပိုင်ကြီး ကျော်ပုံ၊ ဆင်ကဲကြီးထွန်းပေါ်တို့နှင့် ဆွေးနွေးကြသည်။

ထိုအခါ ဤတပ်ကို နှိမ်နင်းရန် သူရဲကောင်းတစ်ဦးပေါ်လာသည်။ ၎င်းမှာ မာန်အောင်ဆယ်ရွာသူကြီး ဦးအောင်ကျော်စံဖြစ်သည်။ ယင်းက

> "အရှင်မင်းကြီး. . . ဤလူ့ပြည်၌ မိဘကျေးမွေး၍ လူဖြစ်လာသည့်နေ့ကစ၍ ဤမြေပြင်တွင် သွားလာနေထိုင်ကြသော တိရစ္ဆာန် ကျား၊ ဆင်၊ မြင်း၊ လူတို့တွင် မည်သူ့ကိုမျှ ကျွန်ုပ်သည် ကြောက်လန့်ခြင်းမရှိပါ။ အရှင်မင်းမြတ် တာဝန်မပေးသောကြောင့် မထမ်းဆောင်ရခြင်းသာဖြစ်ပါသည်"

ဟုလျှောက်တင်သည်။

စန္ဒသတိသုရာဇာမင်းက လွန်စွာသဘောကျပြီး လက်ဝဲမြန်ဘထော်စီစဉ်ထားသော မဟာနေလေးတပ်ကြီးကို ဦးဆောင်တိုက်ခိုက်ရန် တာဝန်ပေးအပ်သည်။ အကယ်၍ စစ်နိုင်ပါက ဦးအောင်ကျော်စံအား (လက်ဝဲမြန်)ရာထူးကိုပေးမည်ဟု ကတိကဝတ်ပြုလေသည်။

ရခိုင်သက္ကရာဇ် ၁၁၃၉ - ၁၁၄၀ အတက်တန်းခူးလပြည့်ကျော် (၁၀)ရက်တွင် ဦးအောင်ကျော်စံ ခေါင်းဆောင်လျက် အခြားရဲမက်တို့နှင့် ဖားပြိုလေးတပ်ကြီးကို ဖြိုခွင်းတိုက်ခိုက်ရာ တပ်ပျက်၍ လက်ဝဲမြန်ဘထော်သည် ပြေးလေသည်။ ဤတပ်ပျက်သွားသည့်အခါ ကျိန်းအနောက် အရပ်မှ ဂန့်ဂေါ်သစ်တပ်၊ သောင်းခုံမော်တပ်တို့သည်လည်း ကြောက်လန့်၍ ပြေးကြလေသည်။

မြောက်ဦးနန်းတော်၌ရှိနေသော ဘုရင်ဓားပြန်စီးကုလားတန်စားသည် ဤသတင်းကိုကြားရသဖြင့် နန်းတက် (၁၆)ရက်နေပြီးမှ ဆင်းပြေး

လေသည်။

ဤကြားထဲ မြောက်ဦးနန်း၌ ဘုရင်မရှိသောအခါ ဒလက်စား တုံးစံရွှေဆိုသူသည် ပါစွမ်းသမျှလူတို့နှင့်လာပြီး မင်းပြုသည်။ သျှစ်သောင်း ဆရာတော်ထံ၌ ဘုရင်ဘွဲ့အမည်ကိုတောင်းခံရာ တုံးစံရွှေမှာ ဆင်းရဲသား ဖြစ်၍ (ဒုက္ခိတသင်္ဂိုသရာဇာ)ဘွဲ့အမည်ကို ရလေသည်။ ဤမင်းသည် နန်းတော်၌ (၁)ရက် မင်းလုပ်ပြီး ရှေးမင်းတို့ထားခဲ့သော ဒင်္ဂါး (၃)အိုး (၃)ခွက်ကိုယူ၍ ပြေးလေသည်။

စန္ဒသတိဿရာဇာမင်းသည် မြောက်ဦးရွှေနန်းတော်သို့ ပြန် ရောက်လာသည်။ သကြိန်စားသွားသည်မှာ (၂၇)ရက်ကြာခဲ့သည်။ ပြန် အရောက်တွင် မှူးမတ်များကို စစ်ဆေးလျက် သစ္စာဖောက်များကို သတ် ပစ်သည်။ လက်ဝဲမြန် ဘထော်ကို ပြည်သူများဖမ်းပို့လာလျှင် ဦးခေါင်းကို ဖြတ်လျက်သတ်ပစ်လေသည်။

ထိုသောအခါ စန္ဒသတိဿရာဇာမင်းသည် ငါ့အား ပုန်ကန်သူ ဟူသမျှတို့ကား အရာမထင်ကြ။ သို့ဖြစ်၍ (ထီမထင်ရာဇာ)ဘွဲ့အမည်ကို ခံယူရန် စီစဉ်လေသည်။

ယင်းကို မှူးကြီးမတ်ကြီးတို့က မခံယူသင့်ကြောင်း အကြံပေးကြ သည်။ တစ်ခါ ဘုရင်က ငါသည် တရားဓမ္မနှင့် ပြည့်စုံပါသည်ဟု ဆိုပြီး လျှင် (ဓမ္မရာဇ်ရာဇာ)မင်းအမည်ကို ခံယူ၍ မိဖုရား ချီးမေနှင့် မင်းပြုပြန် လေသည်။

စန္ဒသတိဿရာဇာမင်းသည် မာန်အောင်ဆယ်ရွာသူကြီး အောင် ကျော်စံကို လက်ဝဲမြန်ရာထူးပေးသည်။ စစ်တွင် ပါဝင်တိုက်ခိုက်သော သူရဲများကိုလည်း ဆုလာဘ်ပေးသည်။

ဤမင်းလက်ထက်၌ ငသံတွေဦးဆောင်ပြီး အဘာယမဟာရာဇာ သား ဟရီ၊ အ မ်းစား ခြီသလုံးကြီး မောင်သာရွှေ လေးခတ်တောင်စား ငထွန်းစံတို့အား လှေတော် (၁၀၀) တန်၊ မောင်းတစ်လုံး၊ မင်းဝတ်တန်ဆာ အစုံပေး၍ စန္ဒသတိဿရာဇာမင်းကို စစ်တိုက်၍မနိုင်သဖြင့် စစ်ကူပေး ရန် အရှေ့အင်းဝပြည်သို့ စစ်ပန်လူလွှတ်လေသည်။

လေးမြို့ချောင်းဖျားမှ တက်သွားကြရာ အရှေ့ပြည် စေတုတ္တရာသို့ရောက်သွားသည်။ ချင်းတောင်မင်းငှက်ပျော ငကြေတိုင်တို့သည် စစ်ပန်ခေါ်လာသူတို့ကို သိမ်းယူ၍ အသီးသီး ဥစ္စာရွှေငွေနှင့် ရောင်းစားကြသည်။ ထိုသို့ရောင်းစားရာ၌ တစ်ယောက်သောသူသည် စဥ့်ကားမင်းထံ ရောက်လေသည်။ ဤသူက

"ရမ်းပြကျွန်းနေ မီးပေါက်တောင်စား အောင်စုန်သည် အားရှိအားမဲ့ ဖိစီးနှိပ်စက်၍ ရခိုင်ပြည်တွင် မင်းပြုနေပါသည်။ ထိုမင်းကို တိုက်လှန်ဖျက်ဆီး၍ ရခိုင်ပြည်ကို သိမ်းယူတော်မူရန် စစ်ပန်လာပါကြောင်း" လျှောက်တင်လေသည်။

အင်းဝမှ စဥ့်ကူးမင်းသည် သတိုးမဟာ၊ သတိုးရဲလှ၊ သတိုးရွှေ၊ သတိုးမင်းခေါင် ဤလေးပါးဖြင့် တိုင်ပင်တော်မူ၍ ရခိုင်ပြည်သို့ စစ်ချီမည်ဟု ကြံစည်ကြသည်။

ထိုစဉ် နန်းရှင်မယ်တော်သည် ညဥ့်အိပ်သောအခါ၌ နှုတ်သီးလုံးပတ် (၃)ထွာခန့်ရှိသော ဂဠုန်ငှက်တစ်ကောင်သည် အနောက်အရပ်က ပျံလာ၍ အင်းဝမြို့နန်းတော် မှန်ကင်းဖူးတွင် လာနားသည်။ မှန်ကင်းကျိုးပြတ်၍ မြေခသည်။ မိုးသောက်လျှင် ပုပ္ပားတောင်ကြီး ထိန့်ထိန့်ကြိုး၍ မြည်သည်။

ယင်းအတိနိမိတ်ကြောင့် စဥ့်ကူးမင်းက စစ်ချီမည့်အစီအစဉ်ကို ချက်ချင်းဖျက်သိမ်းလိုက်ပြီး စစ်ပန်ခေါ်လာသူကို ဓားလက်သို့ပို့လိုက်လေသည်။ ဤမင်းလွန်မှ စစ်အကူအရံထည့်ပေးမည်ဟု ငသံတွေထံ စာပေးလိုက်သည်။

ဤမင်းလက်ထက် ရခိုင်ပြည်တွင်း၌ ကုန်းကြောင်း၊ ရေကြောင်းသွားလာသူတို့သည် အချင်းချင်းနိုင်ထက်စီးနင်းပြု၍ ရွှေ ငွေ၊ ဥစ္စာတို့ကို လုယူကြသည်။ တစ်ရွာနှင့်တစ်ရွာ ဓားပြတိုက်ကြသည်။ ချမ်းသာသောသူက ဆင်းရဲသူကို နှိပ်စက်သည်။

စန္ဒသတိသရာဇာမင်းကြီးလည်း နန်းစံ (၅)နှစ်အတွင်း မင်းပြုသည် ဆိုချေသော်လည်း အေးအေးဆေးဆေးမနေခဲ့ရ။ စစ်တိုက်ရင်း

စစ်ထွက်ရင်း နေခဲ့ရသည်။

လက်ဝဲမြန် အောင်ကျော်စံကို မကွယ်လွန်မီ တူမတော်နှင့် ပေးစားသည်။ သတိုးအောင်ဘွဲ့အမည်ကို ချီးမြှင့်သည်။ မကြာမီ စန္ဒသတိသုဓမ္မရာဇာမင်းကြီး ရောဂါနှိပ်စက်၍ ကွယ်လွန်လေသည်။

စန္ဒသတိသုဓမ္မရာဇာမင်း ကွယ်လွန်လျှင် အောင်ကျော်စံ (သတိုးအောင်) မြောက်ဦးနန်းကို ရလာသည်။ ပြည်သူအပေါင်းက မင်းမြှောက်သည်ဟု ဆိုချေလျက် (မဟာသမ္မတမင်းတရား)ဘွဲ့အမည်ကို ခံယူသည်။

ဤမင်းလက်ထက်၌လည်း ရှေးမင်းများလက်ထက်ကကဲ့သို့ ဘုရင်အား မလိုလားကြသော အုပ်စုများ အသီးသီးပေါ်လာသည်။

ငသံတွေ သောင်းကျန်းပြီး ပုန်ကန်သည်။ မဟာသမ္မတရာဇာမင်း စစ်ချီ၍ သွားတိုက်သည်။ ငသံတွေတပ်ပျက်သည်။ နောက်မှ ငသံတွေ သစ္စာခံပြီး ဝင်လာသည်။ မဟာသမ္မတရာဇာမင်းက ငသံတွေကို ကုလားတန်စားအမတ်ကြီးရာထူးပေးသည်။ ငသံတွေသည် ကုလားတန်မှ ထွက်သော ဘဏ္ဍာကို သိမ်းယူပြီး သောင်းကျန်းသည်။

ဓမ္မရာဇ်ရာဇာမင်း၏သား လက်ဝဲမြန် ကုလားဖြူသည် မဟာသမ္မတရာဇာမင်းထံ အမှုမထမ်းဘဲ ထွက်သွားကာ ပိန္နဲချောင်းကျွန်းမှ ဘုရင်နှင့်ဆန့်ကျင်ဘက်အုပ်စုများထံ ဝင်ရောက်သွားသည်။ ဤသို့လျှင် မဟာသမ္မတရာဇာမင်းလက်ထက်၌

* မာန်အောင်ကျွန်းတွင် သတိုးဖြူတစ်မင်း
* ကြပ်စင်ကျွန်းတွင် ငသံတွေတစ်မင်း
* ကြေဦးတောင်တွင် ဓားမနိုင်တစ်မင်း
* ပိန္နဲချောင်းကျွန်းတွင် ကောင်းညွန့်ရန်တိုင်တစ်မင်း
* တန်းလွဲတွင် ကျော်ထွေးတစ်မင်း
* ရိုးကျွန်းတွင် ရွှေစာတစ်မင်း

မြောက်ဦးနှင့်ဆိုလျှင် ရခိုင်ပြည်မှာ မင်း (၇)မင်း အသီးသီး မင်းမူနေကြသည်။ တစ်မင်းစီ တစ်မင်းစီ၌လည်း စစ်သည်ရဲမက်အသီးသီး ခန့်အပ်ထားသည်။

ဤသို့လျှင် ရခိုင်ပြည်၌ ခေါင်းဆောင်အချင်းချင်း သွေးကွဲနေသည်ကို အမရပူရမှ ဗဒုံမင်း (မြန်မာမင်း)က ကြားသိရသောအခါ ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းယူရန် ဆန္ဒဖြစ်လာသည်။

တစ်ဘက်ကလည်း ငသံတွေ၊ ငထွန်းစံတို့သည် ရခိုင်ပြည်အား စစ်တိုက်သိမ်းပိုက်ပါရန် မြန်မာတပ်ကို စစ်ပန်ခေါ်ယူနေကြသည်။

ဦးစွာပထမ ဗဒုံမင်းသည် ငခိုင်လှနှင့် ချောင်းခိုင်ဆိုသော သူလျှိုနှစ်ဦးကို ရခိုင်ပြည်ရာဇဝင် အတ္ထုပ္ပတ္တိကိုသိလိုသဖြင့် လေ့လာရန် စေလွှတ်သည်။ ယင်းတို့က ရမ်းဗြဲကျွန်း ရွာကြီးရွာငယ်ဝင်လျက် ရာဇဝင်ကို ပြုစုလျက် ဗဒုံမင်းထံ ဆက်သသည်။

တစ်ခါ ရှင်ယောင်နှစ်ယောက်ကို မြောက်ဦးမြို့သို့ စေလွှတ်သည်။ တစ်ဦးက မင်းထံဝင်ပြီး စုံစမ်းသည်။ နောက်တစ်ယောက်က မဟာမုနိရုပ်ရှင်တော်သို့ သွားပြီး ဝသုန္ဓေတွင်းမှ ရေစက်ချလျှင် မရအောင် စီမံသည်။ ဤသို့ဖြင့် ရခိုင်ပြည်၌ အင်းအိုင်ယတြာတို့ကို စီမံဆောင်ရွက်ပြီး နောက်၌. . .

၁၁၄၆ ခုနှစ် နယုန်လပြည့်ကျော် (၆)ရက်နေ့ကစ၍ ကစ္ဆပမြစ်ရေကြီးလာသည်။ ရေများပြည့်လျှံလာပြီး နေအိမ်များ နစ်မြုပ်လာသည့်အတွက် မဟာမုနိဘုရားအနီး ရွာမှ ရွာသားများသည် မဟာမုနိသိမ်ကုန်းတော်သို့တက်ပြီး နေကြသည်။

ထိုသို့နေစဉ် ကိုယ်ဝန်ဆောင်မိန်းမ (၃)ယောက်တို့သည် တစ်ပြိုင်နက်တည်း သားဖွားကြသည်။ ရုပ်ရှင်တော် မဟာမုနိ၏ကိုယ်ရောင်ကိုယ်ဝါသည်လည်း မှေးမှိန်သွားလေသည်။

ယင်းအခါ အလျား (၃၃)လံရှိသော ခမောင်းတုံးတစ်တုံးသည် ရေနှင့်မျောပါလာပြီး မဟာမုနိသိမ်တွင် ဆိုက်သည်။ ထိုခမောင်းတုံးမှ ညဥ့်အခါတွင် ငြိမ့်ငြောင်းသော တူရိယာအသံကို ကြားရသည်။ တစ်ခါ တကြုံကြုံ ငိုကြွေးသံကိုလည်း ကြားရသည်။ သွားကြည့်လျှင် မည်သူ့ကိုမျှ မမြင်တွေ့ရပေ။

မဟာမုနိဘုရားသိမ်ရှေ့ ဦးတော်ဆေးကန်မှစ၍ ချောင်းရေ

မြစ်ရေတို့သည် အနီရောင်ဖြစ်ကြကုန်သည်။ မဟာမုနိရှိ ဗောဓိပင်အရွက် သည် လိပ်သည်။ သစ်ပင်စောင့်နတ်တို့ ငိုသံကိုကြားရသည်။

ဤသို့ တိတ်နိမိတ်တို့ဖြစ်ပေါ်ပြီးနောက် မြစ်ရေခန်းသောအခါ မဟာသမ္မတရာဇာမင်းသည် မဟာမုနိရုပ်ရှင်တော်အား ဖူးမြော်ရန် ကြွ တော်မူလေသည်။

ဘုရားအား ဖူးမြော်ပြီး ဝသုန္ဓြေတွင်း၌ ရေစက်ချပြီး တွင်းထဲသို့ ငွေဒင်္ဂါး (၁၀၀)ကို ဝသုန္ဓြေတွင်းထဲထည့်ရန်ပြင်သောအခါ ထိုတွင်းထဲမှ သူငယ်လက်တစ်ခုသည် ထွက်လာပြီး မင်းကြီး၏လက်ကို ပုတ်ခတ်လိုက် လေသည်။

မဟာသမ္မတရာဇာမင်းသည် ထပ်မံ၍ ရေစက်ချပြီးမှ ထိုအရပ် တွင် သီတင်းသုံးနေသော ဝါတော် (၆၀) သက်တော် (၈၀) ရှိသော ရဟန်းတစ်ပါးကိုမေးရာ ထိုရဟန်းက ပစ္စန္တရစ်ပြည်ကလာ၍ မင်းပြုကြ သည်။ ရခိုင်ပြည်ကြီး မကြာမီ ပျက်စီးတော့မည်ဟု ဆိုလျက် မျက်နှာ လွှဲသွားလေသည်။

ထိုအချိန်သည် အမရပူရရွှေနန်းရှင် ဗဒုံမင်း ရခိုင်ပြည်ကို သိမ်း ပိုက်ရန် အားယူနေချိန်ကာလဖြစ်သည်။

ဦးစွာ စစ်လမ်းကြောင်းဖြစ်သော တောင်ကုတ်ကျော်လမ်း လမ်းဆုံတို့၌ စစ်သူရဲမက်များ စားသုံးရန် ရိက္ခာဆန်ကျီများကို တည်နေ သည်။

ဗဒုံမင်းသည် အိမ်ရှေ့မင်းသားမောင်ပေါ်၊ စကုမြို့စား၊ ကာမ မြို့စား ဤသုံးဦးကိုခေါ်ပြီး ဓညဝတီရခိုင်ပြည်ကို စစ်တိုက်သိမ်းယူရန် ရဲမက် (၉၀၀၀၀) ကိုးသောင်း လက်နက်အစုံပေး၍ အမိန့်ချလေသည်။

အိမ်ရှေ့မင်းသားသည် မြန်မာနိုင်ငံ၌ရှိသော ရှမ်းစော်ဘွား၊ မြို့စားရွာစား ဗိုလ်မှူးတို့ကို ဆင်လုံးမြင်းရံနှင့် ကြေးကြောင်းချီတော်မူ စေသည်။

အိမ်ရှေ့မင်းကား ရွှေလှေပြာသာဒ်စီးလျက် သက္ကရာဇ် ၁၁၄၆ ခု တော်သလင်းလဆန်း (၁၁)ရက် ကြာသပတေးနေ့တွင် ရေကြောင်း

ချီလာသည်။

ဤသို့ စစ်ချီလာကြောင်းကို ရခိုင်ဘုရင် မဟာသမ္မတကြားသိရသောအခါ သိုက်တတ်ခေါင်းဖြူတောင်ဆရာတော် အစရှိသော ရဟန်းပညာရှိ၊ လူပညာရှိတို့နှင့်တိုင်ပင်လျက် (မဟာသမ္မတရာဇာ)ဟူသောအမည်သည် ကမ္ဘာတည်စက သမုတ်ကြသော မင်းအမည်ဖြစ်သည်။ မခံအပ်ဟုဆိုလျက် ရခိုင်သက္ကရာဇ် ၁၁၄၆ ခု ဝါကျွတ်လဆန်း (၅)ရက် စနေနေ့တွင် နှစ်ကြိမ်မြောက်ဖေယျာဘိသိက်ကိုခံ၍ (အဂ္ဂေါပုညစောရာဇာ)ဟူသောအမည်ကို ခံယူလေသည်။

ဤသို့ မြန်မာတပ် စစ်ချီလာသောခြင်းကို တောင်ကုတ်တန်းလွဲမြို့တွင် ဘုရင်တစ်ဆူလုပ်နေသော တောင်မင်းကျော်ထွေးက သတင်းရလျှင် သားမယားကို ရမ်းဗြဲကျွန်း သင်းပုန်းကိုင်းသို့ ပို့ထားသည်။ ပြီးလျှင် အမတ် (၂)ယောက်ကိုမြောက်ဦးမြို့ နန်းတော်သို့ စေလွှတ်လျက် စစ်ကူတောင်းသည်။

မဟာသမ္မတရာဇာမင်းကလည်း တောင်မင်းကျော်ထွေးကို လုံးဝမယုံ၊ စစ်ကူမပေးဘဲ ငြင်းဆန်လေသည်။ ဗဒုံမင်းတပ်သည် ၁၁၄၆ ခု နတ်တော်လဆန်း (၄)ရက်နေ့ တောင်ကုတ်မြို့သို့ ရောက်လာသည်။ ယင်းကို တောင်မင်းကျော်ထွေး ကင်းစောင့်ရဲမက်တို့က လိုက်၍တိုက်ကြသည်။

ယင်းနောက်တွင် အိမ်ရှေ့ဝန် ငချွန်းနှင့် မင်းတုန်းဝန် မြန်မာတပ်တို့ တောင်ကုတ်မြို့သို့ ရောက်လာသောအခါ တောင်မင်းကျော်ထွေးတပ်က တိုက်ခိုက်သဖြင့် မြန်မာတပ်ဗိုလ်နှင့် စစ်သည်အများအပြားသည် သေကြေကြလေသည်။

တစ်ခါ တောင်မင်းကျော်ထွေးတပ်တက ရွှေတုန်းပြင်တွင်နေသောမြန်မာစစ်သည်တို့ကို ပြောင်းလက်နက်ဖြင့်ပစ်လေလျှင် မြန်မာတို့များစွာသေကြလေသည်။

ရွှေတုံးပြင်မှတစ်ခါ သဲစစ်တောင်အရပ်သို့ တပ်ဆုတ်လာပြီး ထိုအရပ်၌ နှစ်ဖက်တို့သည် သဲသဲမဲမဲ စစ်တိုက်ကြလေရာ မြန်မာတပ်က

အင်အားများလာသဖြင့် ကျော်ထွေးတပ်မှာ စစ်ရေးနိမ့်လာသည်။

မြန်မာတပ်သည် တောင်ကုတ်မြို့တွင်လည်းကောင်း၊ ရမ်းဗြဲကျွန်း ကျောက်ဆိပ်တွင်လည်းကောင်း တပ်တည်ထားလေသည်။

ဗိုလ်မင်းကျော်ထွေးသည် သူရဲများကို ဆုပေးပြီး စစ်သားသုံးသောင်း (၃၀၀၀၀) သုံးသောင်းကျော်ဖြင့် တုံးကျောက်ဆိပ်မှ မြန်မာတပ်ကို တိုက်ရာ မြန်မာဘက်မှ အကျအဆုံးများခဲ့သည်။

စစ်တိုက်ဖန်များလာသည့်အခါ၌ တောင်မင်းကျော်ထွေးသည် ဤသို့စဉ်းစားလာသည်။

"ရခိုင်ပြည်၌ ငါတစ်ယောက်တည်းသာ မင်းပြုသည်မဟုတ်၊ များစွာသောမင်းတို့ကလည်း ရှိသေးသည်။ သူတို့က ကျူးကျော်လာသော မြန်မာတပ်ကို မတိုက်ကြဘဲ လက်ပိုက်ကြည့်နေကြသည်"

ဆိုလျက် စစ်ကိုရပ်တန့်ကာ သားမယားကိုယူ၍ ပိန္နဲချောင်းကျွန်းကောင်းညွန့်ရန်တိုင်၊ ထွန်းပေါ်ဝေတို့ထံတွင် နေလေသည်။

ဤသို့နေစဉ်ကာလ တောင်မင်းကျော်ထွေး၌ ဘုရင်ဖြစ်လာလျှင် မြောက်ဦးနန်း မိဖုရားအဖြစ်လျားထားသော စောမျိုးဖြူကို ဓားပိုင်ကြီးကြက်ချီးစား ငချွန်းဆိုသူက တိတ်တဆိတ် ခိုးယူပြေးသွားလေသည်။

ထိုအခါ၌ တောင်မင်းကျော်ထွေးသည် လုံးဝ စစ်မတိုက်တော့ဘဲ

"ဤမတရားသောသူများနှင့်ပေါင်းဖော်ရလျှင် အပြစ်သင့်ပေအံ့"

ဆိုလျက် မယူမြစ်ညာ ကုလားပန်ဇင်းအရပ်သို့ ရှောင်တိမ်း၍ နေလေသည်။

မြန်မာတပ်သည် ဤသို့စစ်ရပ်တန့်ထားစဉ်တွင် သံတွဲ၊ တောင်ကုတ်၊ ရမ်းဗြဲ၊ မာန်အောင်မြို့များကို သိမ်းယူထားလေပြီ။

မဟာသမ္မတ ရာဇာမင်းသည် တောင်မင်းကျော်ထွေး စစ်ကူတောင်းလာစဉ်က အကူ အညီပေးခဲ့သည်ကို နောင်တရလာသည်။

အိမ်ရှေ့မင်းသား မောင်ပေါ်သည် ရေကြောင်းမှ စစ်ချီလာပြီး စစ်ပန်ခေါ်လာသူ ဓားပိုင်ကြီး ငသံတွေ၊ လေးခတ်တောင်စား ငထွန်းစံကိုခေါ်သည်။

ယင်းမှ စစ်ချီကြပြီးလျှင် မြောက်ဦးမြို့အနီး လောင်းကြက်အရပ်၌ တပ်တည်ထားသည်။

ရခိုင်ပြည်သူပြည်သားအပေါင်းတို့ကလည်း "တိုင်းကားပြည်ရွာသာယာအောင်လုပ်ဖို့ မင်းကောင်းမင်းမြတ်ရောက်လာသည်"ဟုဆိုလျက်အားရဝမ်းသာကြသည်။ ကခုန်ပျော်ပါးကြသည်။ လက်ခုပ်လက်ဝါးတီးကြသည်။ အောင်သေအောင်သားကို စားသောက်ကြသည်။

မဟာသမ္မတမင်းတရားလည်း နန်းတော်သို့ မှူးမတ်စစ်သူကြီးများကိုခေါ်လျက် ဆွေးနွေးတိုင်ပင်ကြသောအခါ၌ ယောက်ဖတော်ဓားပိုင်ကြီး ကျော်ပုံက. . .

"အမရပူရက လွှတ်လိုက်သော စစ်ရေးသည် အင်အားကြီးလှသည်။ သမီးကညာနှင့်လက်ဆောင်ဆက်လျှင် စစ်ပြေငြိမ်းနိုင်သည်"ဟု လျှောက်တင်သောအခါ မဟာသမ္မတ အင်္ဂါပုညစောရာဇာက

"ရှေးဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့လက်ထက် ဤရခိုင်ပြည်သို့ တစ်တိုင်းတစ်နိုင်ငံက စစ်ပြိုင်လာသော မင်းတို့ကို လက်ဆောင်ပဏ္ဏာနှင့် သမီးကညာဆက်သဖူးသည်မရှိပေ"

"ငါတို့ရခိုင်သို့သာ ထိုထိုသောပြည်တို့က လက်ဆောင်ပဏ္ဏာနှင့် သမီးကညာဆက်ဖူးကြောင်း သမိုင်းရာဇဝင်ရှိသည်"

"ယခု ငါ့လက်ထက်ကျခါမှ လက်ဆောင်ပဏ္ဏာနှင့် သမီးကညာဆက်ရချေလျှင် နောင်လာမင်းတို့သည် ကမ္ဘာကျေသော်လည်း ဥဒါန်းစကားသည် မကျေရှိလိမ့်မည်"

ဟု မိန့်တော်မူပြီးလျှင် ညီတော်အိမ်ရှေ့မင်း ချစ်လှရွှေကို ဗိုလ်ချုပ်ခန့်၍ လက်ဝဲမြန် တုံးဖောင်၊ လက်ယာမြန် မောင်ထွေး၊ ဓားပိုင်ကြီး ကျော်ပုံ၊ လက်ဝဲဝင်းမှူး ငထွန်းဝေ၊ လက်ယာဝင်းမှူး ညီရောင်၊ အရှေ့ဝင်းမှူး ငရှောက်ပြေ၊ အနောက်ဝင်းမှူး ရောက်မစည် အစရှိသော မှူးတော် မတ်တော်တို့ကို ပြောင်းလက်နက်တင် (၈၀)နှင့် ရေကြောင်း စစ်ချီ၍ လောင်းကြက်မှ မြန်မာစစ်တပ်ကို တိုက်ရန်သွားကြသည်။

၁၁၄၆ ခု ပြာသိုလဆုတ် (၆)ရက်တွင် လောင်းကြက်မြို့ဟောင်း

၌ ရောက်နေသော မြန်မာတပ်နှင့် စစ်တိုက်ကြရာ ရခိုင်ဘက်မှ စစ်အင်အား နည်းပါး၍ တပ်ဆုတ်လာပြီး ရွှေမြို့တော်သို့ ပြန်ရောက်လာသည်။

မဟာသမ္မတရာဇာမင်းတရားလည်း မှူးမတ်သူရဲတို့ကို များစွာ ဆုလာဘ်ပေး၍ ရွှေဝင်းတော်အထဲက ဆီးခံ၍ စစ်တိုက်မည်ကြံသော် မားပိုင်ကြီးကျော်ပုံသည်

"တစ်ပြည်စစ်ကို တိုက်သော် နိုင်သလော"ဟုဆိုလျက် သားမယားကိုယူပြီး မိမိနေသောအနေအိမ်ကို မီးတိုက်လျက် တိုက်လှေ (၅)စီးဖြင့် မြောက်ဦးမြို့တော်မှ ဦးစွာထွက်ပြေးလေသည်။

ထိုအချိန်တွင် မဟာသမ္မတရာဇာမင်းသည် ကြံတိုင်းအကြံတို့သည် မအောင်မြင်ဖြစ်လာသည်။ ညီတော် အိမ်ရှေ့မင်းချစ်လှရွှေ၊ အရှေ့ဝင်းမှူး၊ အနောက်ဝင်းမှူး အစရှိသာ ပါစွမ်းသမျှ မှူးမတ်အရင်းအပေါင်းပါနှင့်သန်းခေါင်အချိန်တွင် ရွှေမြို့တော်မှထွက်၍ လှေတော်စီးပြီးလျှင် တိုက်လှေသုံးဆယ်ဖြင့် ထွက်ပြေးတော်မူလေသည်။

အနောက်ရိုးကျွန်းသို့ရောက်လေလျှင် ဘဏ္ဍာအုပ် ရဲဘော်သူနှင့် ငဝမ်းပေါက်တို့သည် မဟာသမ္မတရာဇာမင်းကိုဖမ်း၍ မြန်မာမင်းထံ ဆက်သရန် စောင့်နေကြသည့်အတွက် မိမိချက်မြှုပ်မြေ ရမ်းဗြဲကျွန်းသို့ ထွက်ပြေးလိုသော်လည်း ရန်သူထူထပ်သည်ဖြစ်၍ မပေါက်ရောက်နိုင်သဖြင့် ကျွန်းသာယာတွင် ခိုဝင်နေလေသည်။

ဗဒုံမင်း၏သားတော် မောင်ပေါ်သည် မြောက်ဦးရွှေနန်းကို ရခိုင်သက္ကရာဇ် ၁၁၄၆ ခု ပြာသိုလဆုတ် ၇ ရက် စနေနေ့တွင် ရလေသည်။ မဟာသမ္မတမင်းကိုကား ၁၁၄၆ ခု ပြာသိုလကွယ် တနင်္ဂနွေနေ့တွင်ဖမ်း၍ရလေသည်။

ဤသို့ဖြင့် ရခိုင်လူမျိုးတို့၏ထီးသက်နန်းသက်သည် ၁၁၄၆ ခုနှစ်မှာ ထီးကျိုးစည်ပေါက်ဖြစ်ခဲ့ရလေသည်။

အကြောင်းအရင်းကိုခံလျက် ရခိုင်ထီးနန်းပျက်ခဲ့ရခြင်းမှာ စည်းလုံးညီညွတ်မှုမရှိခြင်း၊ ခေါင်းဆောင်လုပ်သူများ၏မာန်မာနကြီးမားခြင်း၊ အတ္တလွန်ကဲခြင်း၊ ဘုရင်ဖြစ်ချင်သောဆန္ဒ၊ နှလုံးရည်ထက် လက်ရုံးရည်

ကိုအားကိုးခြင်း၊ ပညာရှိသုခမိန် ဆိတ်သုဉ်းခြင်း စသည့်အချက်များတွင် မူတည်နေသည်ကို သိနိုင်ပါသည်။

ယနေ့ ရခိုင်သူရခိုင်သားတို့သည် ဤဖြစ်စဉ်ကို သိရှိနားလည်ထားနိုင်ပြီး သံဝေဂတရား ပွားများကာ ရခိုင်သမိုင်းထဲက အထူးသင်ခန်းစာတစ်ရပ်ကို နှလုံးသွင်းလျက် ဆင်ခြင်ရန်အချိန်ကာလသို့ရောက်ရှိနေပြီဖြစ်ပါသည်။ သို့မဟုတ်လျှင် အမျိုးသီလ နှစ်ဌာနစလုံး ကမ္ဘာ့အလယ်၌ ပျောက်ကွယ်သွားနိုင်လေသည်။

*

## အခန်း (၂၄)
# ဗိုလ်ချင်းပြန်၏နောင်တ

ချင်းပြန်သည် ရခိုင်သမိုင်းတွင် ခရစ် ၁၇၈၄ ခုနှစ်အတွက် အရေးပါသော ငါးစင်ရိုင်းချောင်းကျွန်းမှ ဓါးပိုင်ကြီးငသံတွေ၏သား ငယ်ဖြစ်သည်။

ချင်းပြန်ဟူ၍ ခေါ်လာရခြင်းမှာ ၎င်း၏ဖခင် မြို့သူကြီး ငသံတွေသည် ချင်းတောင်တန်းအရပ်သို့ခရီးထွက်ခဲ့ပြီး အိမ်ပြန်အရောက်တွင် ချင်းပြန်အား မွေးဖွားခဲ့သောကြောင့် ချင်းပြန်ဟု အမည်တွင်သည်။

ချင်းပြန်၏မျိုးနွယ်များသည် ဗဒုံမင်းလက်ထက်တွင် မင်း၏ချီး မြှင့်မြှောက်စားခြင်းကိုခံခဲ့ကြသူများဖြစ်သည်။ ချင်းပြန်ကိုယ်တိုင် (၁၇၉၃) ခုတွင် ဗဒုံမင်း၏အမှုတော်ကိုထမ်းရွက်ခဲ့သည်။ (၁၇၉၃) ခုနှစ်တွင် ဝန်ထောက်ကျော်ခိုင်နှင့်အတူရခိုင်ပြည်မှ စစ်ရိက္ခာစပါးများကိုလိုက်လံ သိမ်းဆည်းနေခဲ့သူဖြစ်သည်။

ဤသို့လျှင် မြန်မာမင်း၏ အမှုတော်ထမ်းများဖြစ်ကြသော်လည်း နောက်အခါ ပုန်ကန်ဆန့်ကျင်သူများဖြစ်လာသည်။ ပုန်ကန်မှုမပေါ်မီ ရခိုင်သားများသည် ဗဒုံမင်း၏ အစမွှစေခိုင်းချက်များကို အမျိုးမျိုး ခံခဲ့ရသည်။

ဗဒုံမင်းကိုဆန့်ကျင်သောသူများက ငချင်းပြန်ကိုအမရပူရနန်းတော်၏အာဏာကိုဖီဆန်ရန်နှင့် ၎င်းတို့၏လိုလားချက်များအတွက် ခေါင်းဆောင်လုပ်ရန်တောင်းဆိုလာကြသည်။

တစ်ဘက်ကလည်း ဖခင်ငသံတွေသည် ဗဒုံမင်း၏တောင်းဆိုချက်များကိုဖြည့်ပေးရင်း မဖြည့်နိုင်သည့်အခါ ငသံတွေ၏သား ချင်းပြန်၏ အစ်ကို (သက်နှံဝေ)ကို ဗဒုံမင်းသတ်ပစ်လိုက်သည်။

ထိုအခါ၌. . . ငချင်းပြန်သည် ဗဒုံမင်းထံအမှုမထမ်းတော့ဘဲ ဗဒုံမင်းတော်လှန်ရေးတွင် ဦးဆောင်ပါဝင်လာသည်။ တဖြည်းဖြည်း အင်အားများလာပြီး မြောက်ဦးမြို့ကိုဝိုင်းရံလျက် ငသံတွေ၏သမီးကို တောင်းခံကြသည်။ ရရှိသည့်အခါ စိုးတင်အရပ်သို့ရွှေ့ပြောင်းကြသည်။

ငချင်းပြန်သည် ၎င်း၏နောင်လိုက်နောက်ပါများနှင့် မယူအရပ်တွင် တပ်တည်သည်။ ရခိုင်မြို့ဝန်က မယူအရပ်သို့ စစ်ချီတိုက်ခိုက်သည်။ ချင်းပြန်သည် အရှုံးနှင့် ရင်ဆိုင်ရပြီးတပ်ပျက်ကာ ဘင်္ဂလားနယ်ထဲသို့ ရောက်ရှိသွားသည်။ ဘင်္ဂလားနယ်ထဲ၌ အင်အားကြီးမားသော တပ်ကို ဖွဲ့စည်းတည်ထောင်သည်။ စစ်သားအင်အားကို စု၍သင်တန်းပေးသည်။

ဤသို့အဆင်သင့်ပြင်ဆင်ပြီးသောအခါ (၁၈၁၁)ခုနှစ် နွေရာသီတွင် စတင်ပြီးစစ်ဆင်ရေးပြုလုပ်ခဲ့သည်။ သူသည် နတ်မြစ်ကို ဖြတ်ကျော်ဝင်ရောက်လာပြီး မောင်တောကိုစတင်သိမ်းယူသည်။ ၎င်းမှ တစ်ဆင့် (၁၈၁၁) နှစ်အလယ်ပိုင်းတွင် ရခိုင်ပြည်တစ်ပြည်လုံးသို့ ထိုးစစ်ဆင်၍သိမ်းယူနိုင်ခဲ့သည်။ ချင်းပြန်တို့၏ တိုက်ခိုက်မှုကို ရခိုင်လေးမြို့ရှိ မြို့ဝန်များက ပြင်းထန်စွာ ခုခံကြသည်။ သို့သော်လည်း ဒေသအများအပြားတွင် ချင်းပြန်က အနိုင်ရရှိခဲ့သည်။ မြေပုံမြို့ရှိ မိုးသီးတောင်တိုက်ပွဲသည် အလွန်ကြီးမားခဲ့သည်။ ၎င်းတိုက်ပွဲ၌ ရမ်းဗြဲမြို့သူကြီး ငမဲ၊

မေဃဝတီမြို့ဝန် သာရရန်ပိုင်တို့ ကျဆုံးခဲ့ကြသည်။

ချောင်းပြန်သည် ရခိုင်ဒေသအနှံ့သိမ်းယူပြီးနောက် ရရှိထားသောဒေသများ၏လုံခြုံရေးကို စီမံထိန်းသိမ်းထားသည်။ ချင်းပြန်တပ်သည် ရခိုင်ပြည်တွင်းမှ မြန်မာများကိုတိုက်ခိုက်ပြီး မောင်းထုတ်သည်။ တချို့ကိုသတ်ပစ်သည်။ လက်နက်ကိရိယာလည်း များစွာရရှိခဲ့သည်။

ချင်းပြန်၏တပ်မှူး၊ ဗိုလ်မှူးတို့သည် ရမ်းဗြဲ၊ မာန်အောင်၊ သံတွဲစသော အရပ်ရပ်မြို့ရွာတို့၌ တပ်တည်၍ထားကြသည်။ ရခိုင်ပြည်တွင်လက်ယာမြန်အရပ်က ပလက်စားငစံ၊ တပ်မှူးမောင်ရွှေတို့ကို တပ်နှင့်စောင့်နေစေသည်။ ငရကောက်အရပ်က နောင်တော်လေးမြို့စားကျော်အောင်ကို တပ်စောင့်ပြု၍နေစေသည်။ ရွှေနတ်ပင်လမ်းကြောင်းမှာအောင်ကျော်ရွှေကို စောင့်စေသည်။ လောင်းကြက်မြို့ဟောင်းတွင်ဗိုလ်စော်ကဲတပ်မှူးသောကြာတို့ကို စောင့်စေသည်။ ရန်းဝမြစ်ကဗိုလ်နန်းရွှေနှင့် တပ်မှူးသာရဂန္တာကို တိုက်ခိုက်ရန် ဗိုလ်တိုးအောင်ကျော်ကို အစောင့်ထားသည်။

ခုနစ်ခရိုင်တောင်စဉ်တွင် မြန်မာတို့သည်လာလမ်းဖြစ်သော မအီအရပ်က ထောင်စားဗိုလ်မှူး မောင်ညို၊ တပ်မှူး ညိုရောင်ဖြူတို့ကို အစောင့်ထားသည်။ ကျန်သောဗိုလ်ရံတပ်ရံတို့ကို ခုနစ်ခရိုင် တောင်စဉ်ကမ်းတစ်လျှောက်၌ အသီးသီးတပ်ချထားသည်။

ထိုသို့တပ်အသီးသီးအစောင့်ထားပြီးမှ ချင်းပြန်သည် ကစ္စပနဒီမြစ်၏ အနောက်ဘက်ဖြစ်သော ရိုးငူအရပ်၌(ဓေယျာဝတီမြို့)ကို ထူထောင်သည်။ မိမိကိုယ်တိုင်လည်း (မနုဓမ္မရာဇာ)ဘွဲ့ကိုခံယူသည်။ ရှေးရခိုင်ဘုရင်များ ထုံးစံအတိုင်း ငွေဒင်္ဂါးခတ်နှိပ်ရန်စီစဉ်သည်။

ဤအကြောင်းကို ဗဒုံမင်းကြားသိသော် မင်းလှစည်သူကိုခေါ်၍ ရခိုင်လေးမြို့အရပ်ဒေသများ၌ ဝန်းရံသော ချင်းပြန်တပ်ကို တိုက်ဖျက်ရန်စေလွှတ်သည်။

အထူးသဖြင့် ချင်းပြန်၏တပ်စီးတပ်မှူးတို့သည် မြန်မာတပ်တို့ကို ဆီးဆို့တိုက်ဖျက်လာပြီး ရခိုင်ပြည်ထဲသို့ဝင်ရောက်ရာလမ်းပေါက်တို့၌

တပ်ချထားသဖြင့် ရခိုင်ပြည်ထဲမှ မြန်မာတပ်သည် မြို့တွင် လှောင်ထားသောငါး၊ ခြံတွင်လှောင်ထားသော ကြက်ပမာ လှောင်ပိတ်နေကြသည်။

ထိုအခါ ချင်းပြန်သည် ဗေယျာဝတီမြို့၌ရှိကြသော တပ်မှူးတချို့နှင့် လျှို့ဝှက်အစည်းအဝေးပြုလုပ်သည်။

"အရှေ့မြန်မာစစ်နှင့် ငြိမ်းချမ်းသွားသည့်အခါ လမုစားရွှေလူ၊ ဗိုလ်မျက်တောင်ရှည်၊ ဗိုလ်တလိုင်းရှည်၊ ဒဂိုးတစ်ထောင်စား ငတုံးစံရွှေ၊ ဗိုလ်စော်ကဲ အစရှိသော ဗိုလ်မှူးတပ်မှူးတို့ကို ရွေးချယ်၍ သုံးရာခုနှစ်ကျိတ် (၃၇၀၀) လူတို့ကိုသတ်ပစ်မည်"

ဤလျှို့ဝှက်ချက်သည် ရခိုင်ပြည်အနှံ့ ဗိုလ်မှူးတပ်မှူး၊ စစ်သည်များထံသို့ ပေါက်ကြားခဲ့သဖြင့် မြန်မာများစစ်ဆင်လာသည့်အခါ ပြန်လည်တိုက်ခိုက်ခြင်းမပြုကြဘဲ ရှောင်တိမ်းနေကြသည်။ မြန်မာတပ်ကလည်း ချင်းပြန်တပ်ကို ဖိဖိစီးစီးတိုက်ခိုက်လာသည်။

ချင်းပြန်သည် မိမိ၏တပ်မှ ဗိုလ်မှူးတပ်မှူးလက်နက်ကိုင်အပေါင်းတို့ မြန်မာတပ်ကိုမတိုက်ကြဘဲ ရှောင်တိမ်းနေခြင်းသိလေသောအခါ---

"မတည်မရပ်နိုင်ဖြစ်၍ နောင်တပူပန် ယူပြန်မရ ငါ့အကြံမှားပြီ"ဟုဆိုလေသည်။

ဗိုလ်ချင်းပြန်သည် ရခိုင်ပြည်ပြန်လည်လွတ်မြောက်ရေးအတွက် အထူးကြိုးပမ်းခဲ့သည်။ ပြည်သူများကလည်း ပိုင်းဝန်း၍ ထောက်ခံပေးကြသည်။ ဗိုလ်ချင်းပြန်၏လက်အောက်၌ ရခိုင်တပ်မှူး၊ တပ်စိုးတို့သည် ညီညွတ်စွာရှိခဲ့ကြသည်။ ညီညွတ်ခြင်းမှအင်အားတစ်ရပ်ဖြစ်လာပြီး မြန်မာတပ်ကိုချေမှုန်းနိုင်ကာ ရခိုင်ပြည်လွတ်မြောက်ဖို့ လမ်းစပေါ်လာလေပြီ။

ယင်းအချိန်တွင် ခေါင်းဆောင်ဗိုလ်ချင်းပြန်သည် အတ္တကြီးမားစွာဖြင့် မိမိနှင့်လုပ်ဖော်ကိုင်ဖက် လူပေါင်း (၃၇၀၀) ကိုရှင်းပစ်ရန် အကြံဉာဏ်ဆိုးများပေါ်လာသည်။

လောကကြီးကား အမှန်တရားဘက်ကို ဦးတည်တတ်သည်။ မိမိတပ်မှ လူများကိုသတ်ပစ်မည်ဆို၍ ချင်းပြန်၏တပ်သည် တစ်စတစ်စ အင်အားယုတ်လျော့လာလေသည်။ မိမိ၏နောက်တွင် အားကိုးသူများ မရှိသလောက်ဖြစ်သွားသည်။ နောက်ဆုံးတွင် ချင်းပြန်၏လှုပ်ရှားမှုသည် ထိရောက်မှုမရှိဘဲ ဖြစ်လာသည်။ ချင်းပြန် ၏လှုပ်ရှားမှုကို မြန်မာသာမက အင်္ဂလိပ်တို့ကပါ ပူးတွဲနှိမ်နင်းလာသည်။

ဗိုလ်ချင်းပြန်သည် နောင်တတရားကြီးစွာရရှိကာ ခရစ် ၁၈၁၅ ခု ဇန်နဝါရီလ (၂၅) ရက် ဖလောင်းချိတ်မြို့၌ ကွယ်လွန်လေသည်။ ခေါင်းဆောင်လုပ်သူသည် အတ္တကိုရှောင်ကြဉ်ရမည့် ဘဝသင်ခန်းစာ တစ်ရပ်ဖြစ်လေသည်။

*

အခန်း (၂၅)

# မင်းရဲဘယကဲ့သို့ ရခိုင်ပြည်ကိုချစ်မြတ်နိုးကြပါ

လေးမြို့ခေတ် ပဥ္စာမြို့တွင် (၁၂)ဆက်မြောက်ဖြစ်သော ဘုရင်မင်းဘီလူးသည် မိဖုရားစောစစ်နှင့် ဘိသိက်ခံ၍ ရခိုင် သက္ကရာဇ် (၄၂၄) တွင် နန်းတက်သည်။

ဤမင်း၌- မင်းရဲဘယနှင့် စောပေါက်ညိုဟူသော သားတော် သမီးတော်ရှိသည်။ အဖတူအမိကွဲမောင်နှမကိုထိမ်းမြား၍ အိမ်ရှေ့ အရာကိုအပ်နှင်းလေသည်။

မင်းဘီလူး နန်းစံ (၆) နှစ်ရှိသောအခါ အမတ်အသခ်ယာဆို သူသည် မင်းကြီးအား ပုန်ကန်၍သတ်ဖြတ်လေသည်။ ဤရန်ကို

ကြောက်၍ အိမ်ရှေ့မင်းသားမင်းသမီးများဖြစ်ကြသော မင်းရဲဘာယနှင့် စောပေါက်ညိုတို့သည် နွယ်ချိုဖိုးခေါင်းရိုးမတောင်ကိုကျော်၍ ပုဂံပြည် ကျန်စစ်သားမင်းထံ အဝင်ခံကာ မင်းမှုထမ်းနေကြလေသည်။

ထိုသို့နေကြစဉ်၌ မင်းရဲဘာယတွင် လက်ယာမင်းနန်ဟူသော သားတော်တစ်ယောက်နှင့် ရွှေဂူသာဟူသောသမီးတော်တစ်ဦးကို ဖွား တော်မူလေသည်။

ထိုမင်းရဲဘာယသည် ကျန်စစ်သားမင်းမှ အလောင်းစည်သူ မင်းသို့တိုင် အမှုထမ်းခစားနေရသော်လည်း မိမိရခိုင်ပြည်ကို ပြန်ခွင့်မရ၊ လွမ်းစွာဝမ်းနည်းလျက် နှစ်ပေါင်း (၃၅)နှစ်ပင်ရှိခဲ့လေပြီ။

အသက်အရွယ်ကြီးလာသော မင်းရဲဘာယသည် ရောဂါဝေဒနာ ဆိုက်ရောက်လာ၍ သေအံ့ဆဲဆဲကာလတွင် သားတော်လက်ယာ မင်းနန် ကိုခေါ်လျက်. . .

"ငါတို့သည် ရခိုင်မင်းမျိုးမင်းနွယ်ဖြစ်ကြသည်။ အမတ် အသခ်ယာ ပုန်ကန်၍ ငါ့ခမည်းတော်ကွယ်လွန်သည်။ ငါတို့ကို ရန်ငြိုး ရန်စ ရှိလာသဖြင့် ကျန်စစ်သားမင်းလက်ထက်မှ ဤပုဂံပြည်ကို ရောက် လာသည်။"

"ထိုမင်းမှစ၍ အမှုထမ်းလာခဲ့ရာ နှစ်ပေါင်း (၃၅) နှစ်ခန့်ရှိ လေပြီ။ သားတော်သည် ယခုနန်းစံနေသော အလောင်းစည်သူမင်း လက်ထက်၌ ရခိုင်ပြည်ကိုပြန်ရအောင်ကြံဆောင်လေ။ ဤမင်းလက်ထက် မပြန်ရလျှင် နောက်နောင်မင်းတို့လက်ထက်မပြန်ရပြီ"

"အလောင်းစည်သူမင်း၌ ဆက်မြင်းအလုံးအရင်းနှင့် သူရဲ ဗိုလ်ပါများစွာရှိသည်။ တန်ခိုးလည်း ကြီးမားသည်။ ယင်းကြောင့် မင်းကြီး ကူညီအောင် သားတော်ကြံဆောင်လေ"

ထိုသို့ဆိုပြီးသောအခါ သားတော်လက်ယာမင်းနန်က

"အဘယ်ကဲ့သို့ ကြံဆောင်ရပါအံ့နည်း"ဟူ၍မေးလေရာ မင်းရဲ ဘာယက. . .

"ဤမင်းကြီး ဦးဆောင်မင်္ဂလာပြုသောအခါ၌ ငါတို့ရခိုင်ဓလေ့

နောက်ဆံထုံးကိုထုံး၍ မင်းကြီးမြင်အောင်ခစားပါလေ" ဟူ၍ မင်းရဲဘာယသည် သားတော်ကိုမှာကြားရင်း ဝေဒနာပြင်းထန်လာ၍ ကွယ်လွန်တော်မူလေသည်။

နောက်မကြာမီ အလောင်းစည်သူမင်းကြီးသည် ဦးဆောမင်္ဂလာပြုသည်။ လက်ယာမင်းနန်သည် ခမည်းတော်မှာသည့်အတိုင်း နောက်ဆံထုံးကိုထုံးလျက် မင်းကြီးမြင်အောင် ရှေ့တော်ပါးဝယ်ခစားနေသည်။ ယင်းကို အလောင်းစည်သူမင်းကြီးမြင်သည့်အခါ

"ငါသည် မြင့်မြတ်သော ဦးဆောမင်္ဂလာကိုပြုတော်မူနေသည်။ မင်္ဂလာမဲ့ဖြစ်သော နောက်ဆံထုံးနှင့် ရှေ့တွင်နေရသလား"

အမျက်တော်ဝင်ပြီး လက်ယာမင်းနန်ကို "သတ်စေ"ဟူ၍ အမိန့်ပေးလေသည်။ လက်ယာမင်းနန်လည်း မျက်နှာညှိုးငယ်စွာဖြင့် "အရှင်မင်းကြီးသတ်လျှင်မူလည်း သေရပါမည်၊ အကြောင်းစုံကို လျှောက်ပါရစေ"ဟူ၍ သံတော်ဦးတင်လေသည်။

"ကျွန်ုပ်၏ ဖခင်သည် သေအံ့သောအခါ၌ မှာကြားခဲ့ပါသည်။ အရှင်မင်းကြီး၏ ဘိုးတော်လက်ထက်ကပင် ယခုတိုင်အောင်အမှုထမ်းခစားနေပါသော်လည်း မိရပ်ဖရွာကိုမပြန်ရဖြစ်သည်။ ငါလွန်လျှင်မင်းကြီးမေ့လျော့နေသည်ကိုသိမြင်အောင် ငါတို့ ရခိုင်ဓလေ့ နောင်ဆံထုံးထုံး၍ မင်းကြီးဦးဆောမင်္ဂလာပြုသောအခါ ဖူးမြင်ခစားလေဟု မှာတော်မူသည့်အတိုင်းနောက်ဆံထုံးထုံး၍ ဖူးမြင်ခစားပါသည်"

ထိုသို့လျှောက်လျှင် အလောင်းစည်သူမင်းကြီးသည် အလွန်သနားကရုဏာရှိတော်မူ၍ အသက်ချမ်းသာပေးကာ အမတ်လက်ယာကိုဗိုလ်မှူးခန့်၍ မြန်မာစစ်သည် (တစ်သိန်း)၊ သမိန်ဖြတ်စကို ဗိုလ်မှူးခန့်လျက် မွန်စစ်သည် (တစ်သိန်း) အုပ်ချုပ်ကာ လက်ယာမင်းနန်ကို ရခိုင်ထီးနန်းသို့နန်းတင်ချေဟု အမိန့်ရှိတော်မူလေသည်။

ထို့ကြောင့် မင်းရဲဘာယသည် စစ်ဘေးစစ်ဒဏ်ကြောင့် ပုဂံပြည်သို့ရောက်နေခဲ့သော်လည်း ရခိုင်ပြည်ကို လုံးဝမမေ့ပါ။ ၃၅ နှစ်တိုင်တိုင်သတိရနေဆဲဖြစ်သည်။ မိမိလက်ထက်မရောက်နိုင်လျှင် သားတော်

လက်ထက်ပြန်နိုင်အောင် ရခိုင်ပြည်ကိုချစ်မြတ်နိုးခဲ့ပါသည်။

ယနေ့အကြောင်းအမျိုးမျိုးကြောင့် ရခိုင်ဌာနကိုစွန့်ခွါ၍ နေကြသူများ ရခိုင်ပြည်ကိုပြန်လာနိုင်အောင် မင်းရဲဘယကိုနမူနာယူလျက် ပြန်လာနိုင်အောင်ကြိုးစားရန် ဘဝသင်ခန်းစာတစ်ခုကို ဖော်ပြအပ်ပေသည်။

❋

## အခန်း (၂၆)

# မိဖုရားကြီး လာဘ်စားမှု

ဘုရင်မင်းဖလောင်းသည် မင်းဗာကြီး၏သားတော်တစ်ပါးဖြစ်သည်။ ရခိုင်သက္ကရာဇ် (၉၃၃)ခုနှစ်တွင် ရှင်လတ်မိဖုရားနှင့် ဘိသိက်သွန်း၍နန်းတက်သည်။

ဤမင်းသည် ဖခင်ကဲ့သို့ ရတနာသုံးပါးကို ဆည်းကပ်သည်။ တိုင်းသူပြည်သားတို့အား ရင်ဝယ်သားကဲ့သို့ချစ်မြတ်နိုးသည်။ ဤမင်းလက်ထက်၌ ပညာရှိသုခမိန် မဟာပညာကျော်ရှိခဲ့သည်။

တိုင်းပြည်၏ပြည်တွင်းပြည်ပကို မင်းဖလောင်းက သိရှိလိုသောအခါ မဟာပညာကျော်ကိုခေါ်ယူလျက် မေးမြန်းရသည်။ မဟာပညာကျော်၏ဆုံးဖြတ်ချက်ကို မင်းဖလောင်းကြီးက အလေးအနက်ထားသည်။

တစ်ခါ၌ မီးချောင်းစား အမတ်တစ်ဦးကွယ်လွန်လေသည်။ ထိုမီးချောင်းစားရာထူးနေရာကို ခေါင်းတုတ်ကျွန်းမှ ကုလားမျှာလီဆိုသူက မိဖုရားကြီးထံသို့ဝင်ပြီး ငွေသပြာ (၁၀၀၀)လာဘ်ထိုး၍ တောင်းခံသည်။ မိဖုရားလည်း ငွေသပြာ (၁၀၀၀)ကို မက်မောစွာဖြင့် လက်ခံယူထားလိုက်လေသည်။

ပြီးလျှင် မိဖုရားကြီးသည် မင်းကြီးထံသို့ ဝင်ရောက်ပြီး ကုလားမျှာလီအား မီးချောင်းစားရာထူးပေးရန် လျှောက်တင်သည်။ ထိုအခါ မင်းကြီးက ရမည်ဟုလည်း ဝန်မခံ၊ မရဟုလည်း မိန့်တော်မမူဘဲ. . .

"နံနက်မင်းပွဲခံရာ၌လျှောက်စေ"

ဟူ၍ အမိန့်တော်ရှိလေသည်။

နံနက်မိုးသောက်လတ်သော ကုလားမျှလီသည် မင်းပွဲခံရာသို့ ဝင်ရောက်လာပြီး လျှောက်ထား၍ တောင်းခံလေသည်။ ထိုအခါ မင်းကြီးသည် အမတ်ကြီး သုခမိန် မဟာပညာကျော်အား ပေးသင့်မပေးသင့်ကို မေးမြန်းရာ အမတ်ကြီးပညာရှိက ဤသို့လျှောက်တင်လေသည်။

"အရှင်မင်းမြတ်. . . ရခိုင်နှင့် ကုလားသည် လူချင်းတူသော်လည်း စိတ်ချင်းမတူကြပါ"

"ရခိုင်တို့၌ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြပါသည်။ ကုလားများမှာ ရုပ်ပွားဆင်းတု၊ ဓာတ်တော်တို့ကို အဠလီ လက်အုပ်ချီအံ့၊ လက်ကိုဖြတ်ပစ်ပါသည်"

"ကုလားနေရပ်ရွာ၌ ရခိုင်မှူးမတ်ကိုတင်လျှင် ကုလားအယူကွယ်၍ ရခိုင်ယူသို့ရောက်ပါသည်"

"ရခိုင်မြို့ရွာ၌ ကုလားကို မှူးမတ်ခန့်လျှင် ဗုဒ္ဓဘာသာကွယ်၍ ကုလားအယူသို့ ပါလေသည်"

"ဗုဒ္ဓဘာသာတရားလက်လွှတ်လျှင် ထိုမင်းအစိုးရသောနိုင်ငံ၌ မိုးမမှန်၊ အသီးအပွင့်မညီ၊ အရသာမရှိ၊ ဥတုမဖြောင့်၊ ဓာတ်လေးပါး ချောက်ချားကြောင်း ရှေးပညာရှိများကျမ်းဂန်၌ လာသည်"

"အရှင်မင်းကြီး၏မိဖုရားသည်လည်း သိက္ခတော် (၇)ပါး စသော သာခုနရတရားကို လွှတ်တော်မမူသင့်ပါ"

စသည်ဖြင့် ကျိုးကြောင်းရှင်းပြ၍ ပညာရှိသုခမိန်လျှောက်ထားလေသော အခါ မင်းကြီးက

"မိဖုရားကြီးသည် ဤတစ်ခါ တရားလက်လွှတ်ချေသည်"ဟူ၍ အမိန့်ရှိလေသော် မိဖုရားကြီးသည် ရှက်ခြင်းကြီးစွာဖြင့် ကုလားမျှာလီထံ

မှယူထားသော လာဘ်စားငွေ (၁၀၀၀)ကို ပြန်ပေးလိုက်လေသည်။

မင်းကြီးက သုခမိန်ကြီးအားခေါ်ယူလျက် "ငါ၏မိဖုရားအား သမီးအမှတ်ပြုလျက် နောက်နောင် မလျော်သမျှကို ဆုံးမပေးပါ"ဟူ၍ မိန့်ဆိုပြီးလျှင် မင်းကြီးသည် သုခမိန်ကြီးအား (ဝတ်စုံတန်ဆာ)ဆုကိုပေးသနားလေသည်။

*

# နိဂုံး

ဖော်ပြပြီးခဲ့သော ရခိုင်သမိုင်းထဲက ဘဝသင်ခန်းစာများတို့သည် စိတ်ကူးယဉ်များ မဟုတ်ကြပါ။ အမှန်တကယ်ဖြစ်ပျက်တည်ရှိခဲ့သော အကြောင်းအရာများပင်ဖြစ်ကြပါသည်။

နိဒါန်းတွင်ဆိုခဲ့ပြီးသည့်အတိုင်း လူ့ဟူသမျှသည် ကာလသုံးပါးဖြင့် ဆက်လက်ရပ်တည်လျက်ရှိနေကြပါသည်။ အတိတ်ကို အတိတ်မှာထား၍ မရသလို အတိတ်ကိုပြန်ပြောင်းရယူလို့လည်း ရခြင်းမဟုတ်ပါ။

သို့တစေ အတိတ်မှဖြတ်ပျက်ခဲ့သောအကြောင်းအရာတို့၌ သင်ခန်းစာရယူစရာများ၊ မှတ်သားဖွယ်ရာများ၊ ဆင်ခြင်တွေးတောစရာများ၊ အတုယူစရာများ၊ ရှောင်ကြဉ်စရာများကိုတွေ့ရှိနိုင်သဖြင့် ယင်းတို့မှ ကောင်းနိုးရာရာကို ရွေးချယ်လျက် ပစ္စုပ္ပန်ကာလတွင် ဆင်ခြင်တုံတရားဖြင့် အသိအမြင်ပွားများနိုင်ကြမည်ဖြစ်ပေသည်။

ယခုဖော်ပြခဲ့သော ဘဝသင်ခန်းစာတို့သည် ရခိုင်ရာဇဝင်နှင့် သမိုင်းထဲက ထုတ်နုတ်တင်ပြချက်များဖြစ်ကြပါသည်။ ပြည့်စုံလုံလောက်ခြင်းရှိနိုင်သည်ဟု မဆိုလိုပါ။

သို့ဖြစ်၍ ရက္ခိတနွယ်ဖွား ရခိုင်သားတို့သည် အတိတ်က အားသာချက်၊ အတိတ်က အားနည်းချက်တို့ကို နမူနာရယူကာ စာပေဖတ်ရှုခြင်းမှ ရရှိနိုင်သည့် ဗဟုသုတများဖြင့် အနာဂတ်အတွက် ခြေလှမ်းကောင်းများကိုလည်း လှမ်းချီမျှော်မှန်းနိုင်ကြပေလိမ့်မည်ဟု ယုံကြည်မိပါသတည်း။ ။

လေးစားစွာဖြင့်
**မင်းပြားမင်းသိန်းစံ**
B.A (History)
၀၉၂၅၀၈၉၉၁၁၄

## စာရေးသူနှင့်ဆက်သွယ်ရန်

ဦးသိန်းဇံ
မင်းပြားမင်းသိန်းဇံ
၀၁၉၊ အောင်သစ္စာလမ်း၊
ပြည်တော်သာရပ်ကွက်၊ မင်းပြားမြို့။
ဖုန်း - ၀၉ ၂၅၀၈၉၉၁၁၄၊
၀၉ ၂၆၃၇၂၂၇၉၀၊ ၀၉ ၂၅၀၄၅၅၄၆၁
မှတ်ပုံတင်အမှတ် - ၁၁/မပန(နိုင်) ၀၃၄၉၁၆

ရခိုင်သမိုင်းသုတေသီ
မင်းကြားမင်းသိန်းဖြိုး
၏

(၁၉)အုပ်မြောက်

# ရခိုင်ရိုးရာဝတ္ထု

ရွေးလက်ဆောင်

# Arakanese Folk Tales

မကြာမီပုံနှိပ်ထုတ်ဝေပါမည်။

ဝေဘူလစာပေ(ရန်ကုန်)